www.burmeseclassic.com

ပညာရှင် စာပေတိုက်

# ရွှေဒေါင်းလူ

## ခုံအောက်မှောင်ရှူကာလေးနှင့် တစ်ကျွန်းခံ




www.burmeseclassic.com

www.burmeseclassic.com


မောင်ဖြည့်ဝ စီစဉ်သည်။

**စာမူခွင့်ပြုချက်အမှတ်**

၅၀၀၀၂၇၀၁၁၂

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၀၀၃၉၀၁၁၂

ထုတ်ဝေသူ

**ဒေါ်ခင်မာရီ(ပန်းဓလေ့စာပေ)**

အမှတ်-၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်။

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်)

**ပုံနှိပ်ခြင်း**

၂၀၁၂၊ ဇန်နဝါရီလ။

အုပ်ရေ-၅၀၀၊ တန်ဖိုး-၁၅၀၀ကျပ်

CIP

ရွှေဒေါင်းလှ ၈၉၅-၈၃

စုံထောက်မောင်လှကလေးနှင့် တစ်ကျွန်းစံ၊ ရန်ကုန်။

ပန်းဓလေ့စာပေ၊ ၂၀၁၁။

၁၇၁-စာ၊ ၁၉ × ၁၃ စင်တီ။

စုံထောက်မောင်လှကလေးနှင့် တစ်ကျွန်းစံ။


www.burmeseclassic.com

www.burmeseclassic.com

# ရုံကောက်တောင်ရွာကလေးနှင့်

## တစ်ကျွန်းစံ

## ငွေဒေါင်းရှု

www.burmeseclassic.com

www.burmeseclassic.com

စုံထောက်မောင်လူလေးနှင့် တစ်ကျွန်းစံ

အဓိပ္ပာယ်ရှိသော
ဘဝစာမျက်နှာတွင်
သင်အံ့ယူ၍မရနိုင်။
သင့်ဘဝထဲမှာပင် ရနိုင်၏

BURMESE CLASSIC

မိုးပုလဲနှင်းဆီ

မြင်အောင်မကြည့်သေးသရွေ့
ပျောက်တဲ့ပန်းတိုင်ဟာ
ပျောက်နေဦးမှာပဲ။

မိုးပုလဲနှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

တစ်နေ့သ၌ မြန်မာပြည်အလယ်ပိုင်းရှိ နယ်မြေလေးတစ်မြို့သို့ "ရွှေလွန်းပျံ" အမည်ရှိ ဆက်ကပ်အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာပြီး နောက်ည တွင် ရှုံသွင်းပြသမည်ဖြစ်ကြောင်း လိုက်လံကြေညာလေ၏။

မြို့သူမြို့သားအားလုံး ဆက်ကပ်ကို လွန်စွာမှ နှစ်သက်ကြသဖြင့် ကြေညာနေစဉ်အတွင်း တက်ကြွစိတ်ဝင်စားလျက်ရှိကြ သည်။

မြို့တွင်းရှိ ဈေး၊ ကားဂိတ်၊ လက်ဖက်ရည်ဆိုင်း၊ အရက်ဆိုင်နှင့် မြင်းလှည်းဂိတ်ပါမကျန် ထိုသတင်းမှာ ပျံ့နှံ့၍ စိတ်ပါဝင်စားစွာ ပြောဆို လျက်ရှိကြ၏။

အထူးသဖြင့် ရွှေလွန်းပျံဆက်ကပ်အဖွဲ့သည် အခြားအဖွဲ့တွေ ကဲ့သို့ ယောကျာ်းသားများကပြသခြင်း မဟုတ်ဘဲ အမျိုးသမီး ငယ်ရှစ် ယောက်မှ ထူးခြားစွာ ပြသတင်ဆက်မည်ဖြစ်ကြောင်း သိရသဖြင့်ပို၍ စိတ်ဝင်စားကြသည်။

ထို့အတူ မြို့တွင်းရှိ ကာလသားတို့မှာ ထိုသတင်းကို ပြောမဆုံး အောင် ဖြစ်နေကြ၏။

ထိုသတင်းနှင့် ပတ်သက်၍ လူစည်ကားသော လက်ဖက်ရည် ဆိုင်တစ်ဆိုင်တွင် နောက်ပိုးသန်သောလူငယ်တစ်ဦးမှ...

"မိန်းကလေးတွေက အချောအလှတွေချည်းပဲကွ၊ မောင်မြ တို့တော့ စားရက်ကြံလို့ မုတ်ဆိတ်ပျားစွဲပြီ ထင်တယ်" ဟု မစားရဝခမန်း ပြောဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုဝိုင်းတွင် ဒုတိယလူငယ်တစ်ယောက်ကလည်း...

"မင်း ဘာကြောင့် ဒီလိုပြောတာလဲ . . . မောင်မြ" ဟုမေးမြန်းလိုက်၏။

ထိုအခါ မောင်မြဆိုသော လူငယ်က နှာခေါင်းကို ဘယ်ပြန်ညာပြန်ပွတ်၍...

"အ.ရန်ကောကွာ...ဒီလိုအချောအလှလေးတွေ ဒီမြို့ကိုရောက်လာကတည်းက ထူးခြားမှုပဲ၊ ပိုပြီးစိတ်ဝင်စားစရာ ကောင်းတာက မိန်းကလေးတွေချည်းပြသတဲ့ ဆက်ကပ်ဖြစ်နေလို့ပဲ၊ အဲဒါ . . . မှတ်ဆိတ်ပျားစွဲတာပေါ့" ဟုဖြေလေရာ တတိယလူငယ်က ခပ်ထေ့ထေ့အမူအရာဖြင့်..

"မင်းစကားက ဘာမှလဲ မဆိုင်ပါလား . . . မောင်မြရဲ့" ဟုနှိမ့်ချပြောဆိုလိုက်၏။

ထိုအခါ မောင်မြဆိုသောလူငယ်မှာ မခံချင်စိတ်ဖြစ်သွားပြီး...

"သိပ်ဆိုင်တာပေါ့၊ မောင်မြလေ . . . ဒီမြို့မှာ ရှိတဲ့ မိန်းကလေးအချောအလှအားလုံး မောင်မြလက်က လွတ်ရိုးထုံးစံရှိလို့လား၊ ဟဲ...ဟဲ. ..ဟဲ..." ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုလေရာ ပထမလူငယ်က အမြင်ကပ်ကပ်နှင့်...

"မင်းကိုယ့်မြို့က မနူးမနပ်မိန်းကလေးတွေပဲ စမ်းလို့ရမယ်၊ သူတို့က မြန်မာပြည်ပတ်နေတဲ့ ပညာရှင်မိန်းကလေးတွေ၊ မင်းလိုကောင်ကို စာရင်းထဲ ထည့်မှာ မဟုတ်ဘူး" ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မောင်မြဆိုသော လူငယ်သည် မျက်နှာကြီး ရဲခနဲဖြစ်ကာ မကျေမနပ်နှင့် ...

"ဟေ့ကောင် ... ဒီစကားကို ငါက ပြောရမှာကွ၊ မောင်မြက သူဌေးသား၊ ဘာမဆို ငွေကနေ ဖြစ်သွားတာချည်းပဲ၊ ငါ့ဘဝမှာ မဖြစ်ဘူးဆိုတာ ဘာမှမရှိဘူး၊ မင်းတို့ စောင့်ကြည့်လိုက်" ဟု ကိုယ့်ကိုကိုယ်အထင်ကြီးစွာ ပြောဆိုလိုက်၏။

ထိုအခါ လူငယ်သုံးယောက်စလုံးက နှာခေါင်းရှုံ့၍ ...

"အေး ... အပြောနဲ့အလုပ် ညီ့မညီ စောင့်ကြည့်ရသေးတာပေါ့ကွာ" ဟု ပြက်ရယ်ပြုကာ ပြောဆိုလိုက်တော့၏။

ဤသို့ဖြင့် ရွှေလွန်းပျံ ဆက်ကပ်အဖွဲ့နှင့် ပတ်သက်ပြီး တစ်မြို့လုံး စိတ်ဝင်တစားဖြစ်နေကြခြင်းအနက် တချို့က အထင်ကြီးစွာ ပြောဆိုကြ၏။ တချို့က အထင်သေး လှောင်ပြောင်ပြောဆိုကြလျက်ရှိ၏။

သို့သော် ရွှေလွန်းပျံဆက်ကပ်အဖွဲ့ ပြသတင်ဆက်သောညမှာပင် မျက်ဝါးထင်ထင် မြင်တွေ့ကြရသဖြင့် အထင်ကြီးသူတချို့မှာ ပို၍ အထင်ကြီးသွားကြပြီး၊ အထင်သေးသူတချို့မှာလည်း အထင်ကြီးခဲ့ကြ၏။

မိန်းမချောလေးရှစ်ယောက် ပြသသောဆက်ကပ်မှာ မိန်းကလေးချည်း ပြသမှုကြောင့် ထူးခြားသည့်အပြင် ကျွမ်းဘား၊ ကြိုးတန်းလမ်းလျှောက်၊ ပန်းပွားအက၊ စက်ဘီးပိုင်းမားပေါ်က ကြိုးကကွက် စုံလင်လှသဖြင့် ပရိသတ်များ မရိုးအောင်ရှိပြီး နှစ်ခြိုက်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ကျွမ်းဘားတွင်ပရိသတ်ထံမှလက်ခုပ်သံတဖြောင်းဖြောင်း အားပေးခဲ့ကြပြီး သည်းထိပ်ရင်ဖိုဖွယ် ခံစားမှုမျိုးကိုလည်း ကြုံရသဖြင့် ပထမညမှာပင် အောင်မြင်ခဲ့လေ၏။ ဒုတိယညတွင် ရုံပြည့်ရုံလျှံ အားပေးခဲ့ကြတော့သည်။

တတိယညသို့ ရောက်သောအခါ ထိုမြို့တွင် ဩဇာအာဏာ အရှိဆုံးအဖြစ် နေထိုင်သော အင်္ဂလိပ်အရေးပိုင်မင်း "မစ္စတာ ရစ်ဂျန်း" ကို ရွှေလွန်းပျံဆက်ကပ်အဖွဲ့၏ခေါင်းဆောင်မိန်းကလေး ကိုယ်တိုင်သွားရောက်ဖိတ်ကြားခဲ့လေ၏။

အရေးပိုင်မင်းမစ္စတာရစ်ဂျန်းသည် ဆက်ကပ်ပွဲကိုလွန်စွာမှ ဝါသနာထုံနှစ်ခြိုက်ခဲ့သူဖြစ်သဖြင့် တတိယညမှာပင် တတ်ကြွဝမ်းမြောက်စွာ သွားရောက်ကြည့်ရှုလေ၏။

ရွှေလွန်းပျံဆက်ကပ်အဖွဲ့ကြိုတင်စီစဉ်ပေးထားသော ရှေ့ဆုံးခုံတန်းမှာ မစ္စတာရစ်ဂျန်း မိန့်မိန့်ကြီးထိုင်၍ လာရောက် ကြည့်ရှုလေ၏။

သို့ဖြင့် . . . ဆက်ကပ်မပြမီ ရွှေလွန်းပျံအဖွဲ့၏ ခေါင်းဆောင် မိန်းကလေးကိုယ်တိုင် စင်ရှေ့သို့ထွက်၍ မစ္စတာရစ်ဂျန်းအား ကျေးဇူးတင်စကား ပြောလေ၏။

"အခုလို . . . ကျွန်မတို့ ရွှေလွန်းပျံဆက်ကပ်အဖွဲ့ကို အင်္ဂလိပ်အရေးပိုင်မင်း မစ္စတာရစ်ဂျန်းကိုယ်တိုင် ကြွရောက်ချီးမြှင့် အားပေးခဲ့တဲ့အတွက် ကျွန်မတို့ရဲ့ရွှေလွန်းပျံဆက်ကပ်အဖွဲ့ကြီးမှ အလွန် ဂုဏ်ယူဝမ်း

www.burmeseclassic.com

www.burmeseclassic.com



မြောက်မိကြောင်းပါ၊ ဒါကြောင့် ... မစ္စတာရစ်ဂျုန်းကိုကျွန်မကိုယ်တိုင် ဂုဏ်ပြုနှင်းဆီပန်းစည်း ဆက်သပါ့မယ်ရှင်" ဟု ဆိုလိုက်လေရာ ပွဲကြည့် ပရိသတ်ကြီးမှာ လက်ခုပ်လက်ဝါးတီး၍ အားပေးကြလေတော့၏။

ရွှေလွန်းပျံဆက်ကပ်အဖွဲ့ခေါင်းဆောင်မိန်းကလေးသည် စင်အောက်သို့ဆင်း၍ နှင်းဆီပန်းစည်းကို မစ္စတာရစ်ဂျုန်းအားပေးအပ်လေ၏။

မစ္စတာရစ်ဂျုန်းသည် မိန်းကလေးကမ်းပေးလာသော နှင်းဆီပန်းစည်းကို လက်ခံယူလိုက်လေရာ မိန်းကလေးက နှစ်လိုဖွယ် ပြုံးပြ၏။

သို့ရာတွင် မစ္စတာရစ်ဂျုန်းသည် မိန်းကလေးအား ပြန်လည် မပြုံးနိုင်ဘဲ မျက်နှာမဲ့ခနဲ ပျက်သွားလေ၏။

ထို့နောက် မိန်းကလေးသည် ဟန်မပျက် စင်ပေါ်သို့ ပြန်လည်တက်ရောက်သွားခဲ့၏။

သို့ဖြင့် ထိုညက မစ္စတာရစ်ဂျုန်းသည် ရွှေလွန်းပျံအဖွဲ့မှ ပြသတင်ဆက်သော ဆက်ကပ်မီးတောက် ကကြိုးကကွက်၊ ပန်းပွား အက၊ ကျွမ်းဘား၊ စက်ဘီးစီးပေါက်၊ ကြိုးတန်းလမ်းလျှောက် စသည့်ပြကွက်များကို ပြီးဆုံးသည့်တိုင်အောင် သဘောကျနှစ်ခြိုက်စွာကြည့်ရှုခဲ့လေ၏။ ဆုတော်ငွေကိုလည်း များစွာ ချီးမြှင့်လေသည်။

ဤသို့ဖြင့် ရွှေလွန်းပျံဆက်ကပ်အဖွဲ့သည် သုံးရက်သုံးညတိုင်တိုင် ပြသခြင်းမှာ အောင်မြင်စွာ ပြီးဆုံးသွားသဖြင့် နောက် တစ်နေ့သို့ ရောက်လာသောအခါ ထိုမြို့ကလေးမှ ပြန်လည်ထွက် ခွာသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


စတုတ္ထတစ်ယောက်မှာမူ အမြဲတမ်း ဆရာကြီးလုပ်တတ်သော စုံထောက်ဂျမတာဖြစ်၏။ ၎င်းသည် မျက်နှာဖြူသွေးအနည်းငယ်စပ်၍ ထင်ပေါ်ချင်သူဖြစ်သည်။

ပဥ္စမတစ်ယောက်မှာလည်း မိန်းမအလွန်ကြောက်ရပြီး ပျာယာခတ်နိုင်လွန်းသော စုံထောက်ဦးမောင်ထိုက်ဖြစ်၏။

ထိုသူများကို ၎င်းတို့အချင်းချင်းနောက်ကွယ်၌ ဦးပုညကို ကွမ်းပုည ဟူ၍ လည်းကောင်း၊ ဦးကျော်လှကို ဘောကြီးကျော်လှ ဟူ၍လည်းကောင်း၊ အောင်စွာကို ဟောင်ဖွာအောင်စွာ ဟူ၍လည်းကောင်း၊ ဂျမတာကို ဆေးသကြားဂျမတာ ဟူ၍လည်းကောင်း၊ ဦးမောင်ထိုက်ကို ပျာယာမောင်ထိုက် ဟူ၍လည်းကောင်း နောက်ပြောင်ကျီစယ်ခေါ်ကြလေ့ရှိ၏။

၎င်းတို့ ငါးဦးစလုံး ဆုံသော စကားဝိုင်းဆိုလျှင် လက်ပံပင်ဆက်ရက်ကျသော မိန်းမတို့စကားဝိုင်းထက် သာသည်။ တစ်ဖက်နှင့်တစ်ဖက် ငြင်းခုံ၍ အော်ကြီးဟစ်ကျယ်နိုင်လှသည်။ ထိုအခြေအနေကြောင့် စုံထောက်မင်းကြီးကိုယ်တိုင် ၎င်းတို့အား မကြာခဏ ခေါ်သတိပေးခြင်းကိုလည်း ခံခဲ့ရလေ့ရှိ၏။

ထိုအချိန်မှာ၎င်းတို့စကားဝိုင်းထဲသို့ စုံထောက်မင်းကြီး၏တပည့် မောင်စိုးရောက်လာပြီး . . .

“စုံထောက်ကြီးတို့ကို မင်းကြီး ခေါ်နိုင်းလို့၊ ခုချက်ချင်း သူ့ရုံးခန်းထဲ လာခဲ့ပါတဲ့” ဟု ပြောလေ၏။

www.burmeseclassic.com

ထိုအခါ ငှင်းတို့အားလုံး ငြင်းခုံနေခြင်းကြောင့် ထုံးစံအတိုင်း ခေါ်သတိပေးခြင်းခံရမည်လားဟု တွေး၍ ကြောက်ရွံ့သွားကြ၏။

ဆရာကြီးလုပ်တတ်သော စုံထောက်ဂျမတာက စူးစမ်းသော အမူအရာဖြင့်...

"ဘာကိစ္စခေါ်ခိုင်းတာလဲ" ဟု မေးမြန်းလိုက်၏။

ထိုအခါ မောင်စိုးက ခေါင်းခါ၍...

"အဲဒါတော့ မသိဘူးခင်ဗျ၊ မင်းကြီးက အရေးကြီးလို့ အမြန်လာခဲ့ပါလို့ပဲ မှာလိုက်တယ်" ဟု ဖြေကြားလေရာ အားလုံး တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်၍ အဖြေရှာလိုက်ကြ၏။

သို့သော် အဖြေကားမရချေ။ စကားကို ချက်ကျလက်ကျ ပြောတတ်သော စုံထောက်ဦးပုညက...

"ကဲ...ကိုယ့်လူတို့၊ ဒါဆိုရင် မင်းကြီး ရုံးခန်း အမြန်ဆုံးသွားမှ ဖြစ်မယ်၊ ကိစ္စအရေးမကြီးဘဲ ခေါ်ခိုင်းလေ့မရှိဘူးဗျ" ဟု သတိပေးလိုက်လေ၏။

ထို့နောက် ဂုံထောက်မင်းကြီး ရှိသော ရုံးခန်းသို့ အားလုံး လိုက်ပါသွားကြတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၁)

ဤသို့ဖြင့် စုံထောက်မင်းကြီး ရုံးခန်းအတွင်း ရောက်ရှိသွားကြသည့်အခါ ၎င်းတို့အားလုံးနေရာအသီးသီးမှာဝင်ထိုင်လိုက်ကြသည်။

ထိုအခါ စုံထောက်မင်းကြီးက ၎င်းတို့အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"မောင်မင်းတို့ကို ခေါ်ရတဲ့အကြောင်းက အင်းလျားကန်အနီးက အိမ်တစ်အိမ်မှာ လူသတ်မှုတစ်ခု ဖြစ်လို့ပဲ" ဟု ပြောလေ၏။

ထိုအခါ ၎င်းတို့အားလုံး တအံ့တသြ ဖြစ်သွားကြပြီး စုံထောက်ဦးပုညက...

www.burmeseclassic.com

www.burmeseclassic.com


"ဘယ်အချိန်မှာ ဖြစ်တာပါလဲ ... မင်းကြီး" ဟု မေးမြန်းလိုက်ရာ စုံထောက်မင်းကြီးက သက်ပြင်းချ၍ ...

"ဒီမနက်ပဲ၊ ရုံးကို မနက် (၈း၀၀) နာရီလောက်က အိမ်နီးနားချင်း တစ်ဦးက အကြောင်းလှမ်းကြားတယ်၊ အကြောင်းကြား ကြားချင်း မောင်မင်းတို့ကို ခေါ်ခိုင်းလိုက်တာ" ဟု ရှင်းပြလေ၏။

ထိုအခါ အမြဲတမ်း ဆရာကြီးလုပ်ရမှ ကျေနပ်သော စုံထောက်ဂျမတာက ထရပ်၍ ...

"သေသူက ဘယ်သူပါလဲ ... မင်းကြီး" ဟု မေးမြန်းလိုက်ရာ စုံထောက်မင်းကြီးက မျက်မှောင်ကြုတ်ကြည့်ရင်း ...

"စိန်ကုန်သည် ဒေါ်မိမိကြီး" ဟု ဖြေကြားလေ၏။

စုံထောက်ဂျမတာက ခေါင်းညိတ်၍ ...

"ဒါဆိုရင် ... အရောင်းအဝယ်ကိစ္စဖြစ်ရင်ဖြစ်၊ မဟုတ်ရင် ပစ္စည်းလိုချင်လို့ အသတ်ခံရတာပဲဖြစ်မယ် ... မင်းကြီး" ဟု ဆိုလေရာ ထိုအခါစုံထောက်မင်းကြီးသည် စားပွဲကို လက်သီးနဲ့ ဝုန်းခနဲထု၍ ...

"အပိုတွေမပြောနဲ့ ... မောင်မင်း၊ ဒီကိစ္စ လွယ်ကူမှတော့ မောင်မင်းတို့လို စုံထောက်အစုတ်ပလုတ်တွေကို ခန့်မထားဘူး" ဟု ဆူငေါက်လိုက်သဖြင့် ဆရာကြီးလုပ်တတ်သော စုံထောက်ဂျမတာမှာ ဖက်ကလေးပုံ၍ နေရာတွင် ပြန်ဝင်ထိုင်လေ၏။ အားလုံးကကြည့်ပြီး ပြုံးကြသဖြင့် စုံထောက်ဂျမတာမှာ ခေါင်းမဖော်ဝံ့အောင် ရှက်သွားပုံရလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် စုံထောက်မင်းကြီးက…

"မောင်မင်းတို့လဲ အတူတူပဲ၊ ဘာမှအသုံးမကျဘူး၊ ကွမ်းခြံဘူတာအနီးက ဖောက်ထွင်းခံရတဲ့ အမှုကိစ္စကိုလဲ ခုထိဖော်ထုတ်မဖမ်းဆီးနိုင်ကြသေးဘူး မဟုတ်လား၊ မောင်မင်းတို့ ဘာကောင်းလဲ၊ မြန်မာလူမျိုး မောင်မင်းတို့ စုံထောက်တွေ အလကားပဲ၊ ဒီအမှုလေးတောင် မဖော်ထုတ်နိုင်ရင် ကျွန်ုပ်တို့ နေမဝင်အင်ပါယာသခင်ကြီးတွေက မောင်မင်းတို့အပေါ် ဘယ်လိုယုံကြည်အားကိုးရမလဲ၊ မောင်မင်းတို့ … ဘာမှသုံးစားလို့မရတဲ့ စုံထောက်တွေ" ဟု အထင်သေးနိမ့်ချစွာ ပြောဆိုလိုက်လေ၏။

ထိုအချိန် ရုံးခန်းတံခါး ဝုန်းခနဲပွင့်သွားပြီး…

"ကျုပ်တို့ မြန်မာလူမျိုးစုံထောက်တွေ ဘယ်တော့မှ မညံ့ဘူး၊ အဲဒီလူတွေကြောင့် ခင်ဗျားတို့အမြဲတမ်းဂုဏ်တတ်နေတာမဟုတ်လား" ဟုအောင်မြင် ခန့်ညားသောအသံဖြင့် ပြောကာ ဝင်ရောက်လာလေ၏။

ထိုသူမှာ စုံထောက်မောင်လူလေး ဖြစ်လေ၏။ မျက်နှာဖြူ အရာရှိကြီးများကို ထိုကဲ့သို့ပြန်ပြောဆိုနိုင်သူမှာလည်း အင်းစိန် စီအိုင်ဒီရုံးတွင် စုံထောက်မောင်လူလေးမှ လွဲပြီး မည်သူမျှမရှိချေ။

စုံထောက်မောင်လူလေးသည် အများပြည်သူ သိထားကြသည့်အတိုင်း တရားမျှတ၍ ရဲဝံ့သစ္စာရှိပြီး ချိန်ခွင်လျှာကဲ့သို့ အာဂပြည်သူ့သက်တော်သား ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"အိုး ... စုံထောက်မောင်လူလေး" ဟု ရေရွတ်၍ စုံထောက်မင်းကြီးမှာ အံ့အားတသင့်ဖြစ်သွားလေ၏။

ထိုအချိန်မှာ လွန်စွာမှညံ့ဖျင်းလှသော စုံထောက်တို့မှာ စုံထောက်မောင်လူလေးရောက်ရှိလာသဖြင့် အားတက်သွားကြသည်။ ခုန ဆီးကင်းလောက်ရှိသော မျက်နှာတို့မှာလည်း ပြန်၍ပြည့်လာကြ၏။

ထိုအခါ စုံထောက်မင်းကြီးက လေပြည်ထိုး၍ ...

"စုံထောက်မောင်လူလေး . . . ရောက်လာတာနဲ့ အတော်ပဲ၊ ဒီစုံထောက်တွေ ညံ့ဖျင်းတဲ့အကြောင်း ပြောနေတာ၊ ကွမ်းခြံ ဘူတာ အနီးက ဖောက်ထွင်းမှု ခုထိ မဖော်ထုတ်နိုင်ကြသေးဘူး" ဟု ပြောဆိုလေ၏။

ထိုအခါ စုံထောက်မောင်လူလေးက ပုံမှန်ထက် လေသံကိုမြှင့်၍...

"တရားခံကို ခုပဲ ကျုပ်ဖမ်းဆီးခဲ့ပြီ... မင်းကြီး" ဟုအောင်မြင်စွာ ပြောဆိုလေရာ စုံထောက်မင်းကြီးမှာ အံ့ဩဟန်ဖြင့် မျက်လုံးပြူးသွားပြီး .

"အိုးဂေါ့ . . . စုံထောက်မောင်လူလေး၊ ကွန်ကရက်ကျူး လေး ရှင်းပါ၊ တော်တယ်၊ လူကလေးရဲ့စွမ်းဆောင်မှုကြောင့် ကျွန်ုပ် တို့အထက် က သခင်ကြီးတွေ ဂုဏ်တက်ရတယ်၊ ဝမ်းသာပါတယ်...ဝမ်းသာပါတယ်" ဟု ချီးမွမ်းပြောဆိုလိုက်လေတော့၏။

ထိုအခါ စုံထောက်မောင်လူလေးသည် အခြားစုံထောက်တွေကဲ့သို့ ဂုဏ်ယူဟန်မပြဘဲ ဘာမျှအလေးမထားသည့်ပုံစံဖြင့် အိတ်ကပ်ထဲမှ နင်းဆီနက်တံဆိပ် စီးကရက်ထုတ်ကာ မီးညှိဖွာရှိုက်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ နှင်းဆီနက်တံဆိပ်စီးကရက်ကို ပြင်သစ်နိုင်ငံရှိ စုံထောက်မောင်လူလေး၏ မိတ်ဆွေ ပြင်သစ်လူမျိုး ဒေါက်တာဆုဂျင် ဟီမှ စုံထောက်မောင်လူလေးထံ အမြဲလက်ဆောင် ဝယ်ပို့လေ့ရှိခြင်း ဖြစ်သည်။

မှတ်ချက်။ ။ ထိုအချိန်က မြန်မာပြည်တွင် အထက်ပါ နှင်းဆီနက် တံဆိပ်စီးကရက် သုံးစွဲခြင်း နည်းသော်လည်း ပြင်သစ် တွင် အလွန်လူသုံးများလေ၏။ (စာရေးသူ)

ထိုအခါ အခြားသော စုံထောက်ကျော်များသည် စုံထောက်မင်း ကြီးကို မျက်နှာမပြဝံ့တော့ဘဲ အသာငြိမ်ကုပ်နေကြလေ၏။

သို့ဖြင့် စုံထောက်မင်းကြီးသည် စုံထောက်မောင်လူလေးကို အားကိုးစွာကြည့်၍...

"ခု...စုံထောက်မောင်လူလေးရောက်လာတာနဲ့ အတော်ပဲ" ဟု စကားစလေရာ စုံထောက်မောင်လူလေးက မခိုးမခန့်ပြုံး လိုက်ပြီး...

"မနက်က အင်းလျားကန်အနီးက အိမ်မှာ စိန်ကုန်သည် ဒေါ်မိမိကြီး အသတ်ခံရတဲ့အမှု၊ ဒီအမှုနဲ့ပတ်သက်လို့ ဒေါ်မိမိကြီး အိမ် တံခါးပွင့်ပြီး တစ်ညလုံး မီးလင်းနေတဲ့အတွက် အိမ်နီးနားချင်း တစ်ဦးက တွေ့လို့ အကြောင်းကြားလိုက်တာ မဟုတ်လား...မင်းကြီး" ဟု ဆိုလိုက် ၏။

ထိုအခါစုံထောက်မင်းကြီးသည် အံ့သြမျက်လုံးပြူး၍...

www.burmeseclassic.com

www.burmeseclassic.com



"အို...ဂေါ့...စုံထောက်မောင်လူလေး၊ ဒီလူသတ်မှုကို သိသွားပြီပဲ၊ ဒါဆို...ဒီအမှုကိုအမြန်ဆုံးဖော်ထုတ်ဖမ်းဆီးပေးပါ" ဟု ပြောဆိုလိုက်သဖြင့် စုံထောက်ကျော်များဖြစ်သော ဦးပုည၊ ဦးကျော်လှ၊ အောင်စွာ၊ ဂျမတာနှင့် ဦးမောင်ထိုက်တို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

အမြဲတမ်း ဆရာကြီးလုပ်တတ်သော ဂျမတာက ဝင်၍...

"ဟုတ်တယ်...ကိုလူလေး၊ ခုအဲဒီအမှုကိစ္စအတွက် ဖော်ထုတ်ဖို့ပဲ ကျုပ်တို့ခေါင်းချင်းဆိုင်နေကြတာ၊ ကျုပ်တို့စုံထောက်တွေ ဒီအမှုလောက်ကတော့ အမြန်ဆုံး ဖော်ထုတ်နိုင်ပါတယ်" ဟု ကိုယ့်ကိုကိုယ် အထင်ကြီးစွာပြောဆိုလိုက်၏။

စုံထောက်မောင်လူလေးက ဘာမျှပြန်မပြောချေ။ စားပွဲတွင် အကျအနဝင်ထိုင်လိုက်ပြီး စီးကရက်ကိုသာ သောက်နေ၏။

ထို့အတူ စုံထောက်ဦးကျော်လှကလည်း ဝင်၍...

"စိန်ကုန်သည်ဒေါ်မိမိကြီးရဲ့အမှုဟာ ဘာမှတော့ မခက်ပါဘူး၊ ကျုပ်တို့ အမြန်ဆုံးဖော်ထုတ်နိုင်မှာ သေချာတယ်၊ ကဲ ...ပြောနေကြာတယ်၊ အခင်းဖြစ်တဲ့နေရာ ကျုပ်နဲ့ စုံထောက်ဂျမတာ အရင်ဆုံးသွားနှင့်ကြမယ်" ဟု ပြောဆိုပြီး ထွက်ခွာသွားကြ၏။

ထို့နောက် စုံထောက်အောင်စွာနှင့် စုံထောက်ဦးမောင်ထိုက်လည်း တစ်တွဲထွက်ခွာသွားကြသည်။

ထိုအခါ စုံထောက်ဦးပုညက စုံထောက်မောင်လူလေးကိုကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com


"ဟဲ . . . ကိုလူလေး၊ ထုံးစံအတိုင်း ခင်ဗျားနဲ့ကျုပ်ပဲ ကျန်တော့တယ်၊ သူတို့တော့ အသီးသီးထွက်သွားကြပြီဗျို့ . . ." ဟု ဆို လေလျှင် စုံထောက်မောင်လူလေးက နေရာမှ ထရပ်လိုက်ပြီး . . .

"သွားကြစမ်းပါစေဗျာ . . . ဒီလူတွေ အလွယ်တကူ ဖော်ထုတ်နိုင်မယ်မထင်ဘူး၊ အမှုက ထင်သလောက်မလွယ်ဘူးဗျ၊ နည်း နည်းရှုပ်ထွေးပြီး ထူးဆန်းနေတယ်" ဟု အေးဆေးစွာ ပြောဆိုလိုက်၏။

ထို့နောက် စုံထောက်မောင်လူလေးသည် . . .

"ကဲ ... အိုင်ပီ၊ ခင်ဗျား ကားမောင်းပြီး အဲဒီနေရာကို သွားနှင့်ပါ၊ ကျုပ် နောက်က လိုက်ခဲ့မယ်" . . . ဟု ဆိုလေရာ စုံထောက် ဦးပုညသည် စုံထောက်မောင်လူလေး၏အကြောင်းကို အခြားသူများထက် အတွင်းကျကျပိုသိထားသူဖြစ်သဖြင့် မည်သည့်မေးခွန်းမျှ ဆက်မမေးတော့ဘဲ ရုံးခန်းထဲမှထွက်၍ ကားကို အမြန်ဆုံးစက်နှိုးပြီး မောင်းထွက်ခဲ့လေ၏။

မကြာမီမှာပင် စုံထောက်မောင်လူလေးလည်း ရုံးခန်းမှ ထွက်ခွာခဲ့လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com


(၈)

ဤသို့ဖြင့် စိန်ကုန်သည်ဒေါ်မိမိကြီးအသတ်ခံရသောအင်းလျား ကန်အနီးရှိ ရှေးဟောင်းအိမ်ကြီးသို့ စုံထောက်ဦးပုညဖို့ဒ် ကားစုတ် လေးမောင်း၍ ရောက်ရှိသွားချိန်၌ စုံထောက်ဂျမတာ၊ စုံထောက်ဦး ကျော်လှ၊ စုံထောက်အောင်စွာနှင့် စုံထောက်ဦးမောင် ထိုက်တို့အုပ်စု အသီးသီးရောက်ရှိပြီး အလုပ်ရှုပ်နေကြလေ၏။

စုံထောက်ဂျမတာသည် စုံထောက်ဦးပုညရောက်ရှိလာသည်ကို မြင်တွေ့သွားသည့်အခါ လွန်စွာမှ မခိုးမခန့်နိုင်သောအပြုံးကိုပြုံးလျက်...

"ဘယ်လိုလဲ...အိုင်ပီဦးပုညရဲ့ ဒီတစ်ခါခြေလှမ်းတွေ နေးကွေး လှချည်လား၊ မကြာခင်မှာ ဒေါ်မိမိကြီးရဲ့အမှုကို ကျုပ်တို့ ဖော်ထုတ် နိုင် လိမ့်မယ်ဗျို့..." ဟုတက်ကြွစွာ ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါဦးပုညက အထင်သေးစွာဖြင့် ပြန်လည်ပြုံးပြလိုက်ပြီး..

"ဒါဆို ...ကျုပ်တို့ရဲ့စုံထောက်ကြီးမောင်လူလေး သက်သာတာပေါ့ဗျာ၊ သူချည်းပဲ အမှုလိုက်နေရတာဆိုတော့ ခများ ပင်ပန်းရှာပေမပေါ့။ ခုတော့ ကိုလူလေးရဲ့လက်ထောက်စုံထောက်တွေ ပေါ်လာပြီဆိုတော့ ကိုလူလေး နားချိန်ရပြီပေါ့ဗျာ" ဟု သာသာ နှင့်နာနာ ပြောဆိုလိုက်သဖြင့် စုံထောက်ဂျမတာနှင့် စုံထောက်ဦးကျော်လှတို့ မျက်နှာမည်းခနဲဖြစ်သွားကြလေ၏။

ထို့နောက် စုံထောက်ဂျမတာနှင့် စုံထောက်ဦးကျော်လှတို့သည် အခင်းဖြစ်ပွားသော အခန်းတွင်းသို့ပြန်ဝင်ကာ သဲလွန်စများကို ရှာဖွေလျက်ရှိသည်။

ထို့အတူ စုံထောက်အောင်စွာနှင့် စုံထောက် မောင်ထိုက်တို့မှာလည်း သေသူဒေါ်မိမိကြီးနှင့် ပတ်သက်သော သက်သေခံ ပစ္စည်းနှင့် တကွ သဲလွန်စများကို သဲကြီးမဲကြီးရှာဖွေလျက်ရှိကြလေ၏။

အတန်ကြာသောအခါ စုံထောက်ကျော်စွာသည် သေသူဒေါ်မိမိကြီး၏ဗီရိုအံဆွဲထဲမှ အသက်(၄၀)ခန့် အမျိုးသားဓာတ်ပုံတစ်ပုံနှင့် စာတစ်စောင်ကို တွေ့ရှိသွားပြီး...

"တွေ့ပြီဗျို့...တွေ့ပြီ၊ ဒီမှာတရားခံအစစ်ကိုရှာတွေ့ပြီ" ဟုကျယ်လောင်စွာ ပြောဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ သဲလွန်စကို အလုအယက်ရှာဖွေနေကြသော စုံထောက်ကျော်လှ၊ စုံထောက်အောင်စွာနှင့် စုံထောက်ဦးမောင်ထိုက်တို့မှာ ခေါင်းထောင်သွားကြပြီး စုံထောက်ဂျမတာကို လှမ်းကြည့်လိုက်ကြ၏။

ပြီးနောက် စုံထောက်ဂျမတာပြသော ဓာတ်ပုံနှင့် စာတစ်စောင်ကို အလုအယက်ယူကာ ဖတ်လိုက်ကြသည်။

ဓာတ်ပုံထဲက အမျိုးသားကြီးသည် ကုလားသွေးပါပြီး လွန်စွာမှ ဥပဓိရုပ်ခန့်ညားလှ၏။ သေသူဒေါ်မိမိကြီးကဲ့သို့ အထက် တန်းလွှာထဲက ဖြစ်နိုင်ပုံရကြောင်းနှင့် သေသူဒေါ်မိမိကြီးထက် အသက်ငယ်ရွယ်ကြောင်း စုံထောက်ဦးပုညသုံးသပ်မိလိုက်သည်။

အဆိုပါ ဓာတ်ပုံထဲက အမျိုးသားကြီးနှင့် သေသူဒေါ်မိမိကြီး မည်သို့မည်ပုံ ပတ်သက်ဆက်နွယ်နေခြင်းကိုတော့ မည်သူမျှ အတတ် မသိနိုင်ကြချေ။

သို့ဖြင့် စာကိုဖတ်ကြည့်သောအခါမှ သဲလွန်စတစ်ခုအဖြစ် လောက်တော့ မှတ်ချက်ချနိုင်လေ၏။ တရားခံအစစ်အမှန်ဟု ထစ်ထစ်ချ သတ်မှတ်၍ မရချေ။ နီးမလိုလိုနှင့်ဝေးပြီး ဝေးမလိုလိုနှင့် နီးလာသလို လည်း ရှိသည်။

အထက်ပါစာထဲရှိ အကြောင်းအရာမှာ အောက်ပါအတိုင်းပင် ဖြစ်ပေသည်။

"မမ..."

အားလုံးအဆင်ပြေတယ်။

www.burmeseclassic.com

www.burmeseclassic.com


တွေ့နေကျရက် ည ၉း၀၀ နာရီလာခဲ့မယ်။

ဟူ၍ အတိုကောက်ရေးထားသောစာ ဖြစ်လေ၏။

သို့ဖြင့် စုံထောက်ကျော်များအားလုံးစာထဲရှိ ထိုအကြောင်းအရာနှင့် အဓိပ္ပာယ်တို့ကို ဝိုင်းဝန်းအဖြေထုတ်ကြလေရာ၊ ထိုစဉ်အခိုက်မှာပင် စုံထောက်ကျော်လှက လက်သီးလက်မောင်းတန်း၍ ...

"မဟုတ်မှလွဲရော ... ဒီစာရဲ့အဓိပ္ပာယ်ကို ကောက်ချက်ချရရင် ဒေါ်မိမိကြီးရဲ့ဆွေမျိုးရင်းချာထဲက တစ်ယောက်ယောက် ဖြစ်နိုင်တယ်၊ မောင်သော်လည်းကောင်း၊ အစ်ကိုသော်လည်းကောင်း တစ်ယောက်ယောက်ပဲ" ဟု ပြောဆိုလေ၏။

ထိုအခါစုံထောက်အောင်စွာက လက်ကာ၍...

"လုံးဝမဖြစ်နိုင်ဘူး ... လူတွေရဲ့သဘောကို ကျုပ်လေ့လာ မိသလောက် ... ဒီလိုအသုံးအနှုန်း အရေးအသားမျိုးဟာငယ် ရည်းစားဟောင်းတွေ၊ တိတ်တိတ်ပုန်းတွေထဲကပဲ သုံးလေ့ရှိတယ်၊ ဒီနှစ်ချက်ကို ယှဉ်ကြည့်ပြန်တော့ ဓာတ်ပုံထဲက အမျိုးသားဟာ တိတ်တိတ်ပုန်းထဲက ဖြစ်ဖို့ လုံးဝမလွဲဘူး" ဟု အတတ်ပြောဆိုလိုက်ရာ စုံထောက်ဂျမတာက ခေါင်းခါ၍...

"ဒါလဲ မဖြစ်နိုင်ဘူး၊ တချို့တရားခံတွေဟာ စုံထောက်တွေ လမ်းလွဲလိုက်အောင် မျက်စိမှောက်လေ့ရှိတယ်၊ သာမန်တရားခံတွေထက် ခေါင်းတစ်လုံးသာပြီး ဦးနှောက်ရှိတဲ့သဘောပေါ့၊ ဆိုလိုတာက ကြိုတင်

www.burmeseclassic.com

www.burmeseclassic.com



အကွက်ချစီစဉ်ပြီးမှ ပိပိရိရိလူသတ်တဲ့သဘောပဲ၊ ဒီတော့...ဒေါ်မိမိကြီးကို သတ်တဲ့လူသတ်တရားခံဟာ လုပ်ငန်းတူချင်းထဲကပဲဖြစ်လိမ့်မယ်" ဟူ၍ ဟုတ်မလိုလိုနှင့် အစချီလာပြီး အဆုံးသတ်တွင် အဖျားရှူးသွားလေ၏။

ထို့နောက် ဦးပုညက စုံထောက်ဂျမတာကို ကြည့်ပြီး မဲ့ပြုံးပြုံးလိုက်လေရာ အားလုံးကလည်း ပြုံးစိစိဖြစ်သွားကြသည်။

ဤသို့ဖြင့် စုံထောက်ကျော်များသည် သေသူ ဒေါ်မိမိကြီး၏ အိမ် အပေါ်ထပ်သို့ တက်ခဲ့ကြလေ၏။

အိမ်ကြီးမှာ ရှေးဟောင်းအိမ်ကြီးဖြစ်သဖြင့် အခန်းပြင်ဆင်မှုများ၊ ဖွဲ့စည်းပုံများနှင့် ပစ္စည်းအထားအသိုများမှာ ခမ်းနား ထည်ဝါ လျက်ရှိသလို စိတ်လှုပ်ရှားဖွယ်လည်း ကောင်းပါသည်။

ဤသို့ဖြင့် ရှေ့မှ ဦးဆောင်တက်လာသော စုံထောက် ဂျမတာသည် သေသူ ဒေါ်မိမိကြီး၏ နားနေခန်းဟု ယူဆပုံရသော အခန်းတစ်ခုကို ဆွဲဖွင့်လိုက်သည့်အခါ အခန်းထဲမှ တစ်စုံတစ်ရာကြောင့် အံ့ဩထိတ်လန့်သွားကြလေတော့၏။

"အိုး... ဂေါ့..."

"အမယ်လေး"

"မြတ်စွာဘုရား"

"ဟာ"

"ဟင်"

www.burmeseclassic.com



ဟူ၍ အထိတ်တလန့် ရေရွတ်သံများ အသီးသီးပြုလိုက်ကြပြီး အခန်းအတွင်းမည်သည့်အချိန်ကတည်းက ကြွရောက်နေမှန်းမသိသော စုံထောက်မောင်လူလေးအား တွေ့ရသည့်အလား ထိတ်လန့်သွားကြလေ၏။

ထိုအခါ စုံထောက်ဂျမတာက...

"အိုး... ကိုလူလေး၊ ဘယ်လိုလုပ်ပြီး ဒီအခန်းထဲ ရောက်နေပါလိမ့်" ဟု တအံ့တသြရေရွတ်လေရာ စုံထောက်မောင်လူလေးက အထင်သေးစွာကြည့်သောအမူအရာဖြင့်...

"မြေလျှိုးမိုးပျံပြီး ရောက်လာတာ" ဟု ဖြေလိုက်သဖြင့် စုံထောက်ဂျမတာနှင့် အားလုံးမျက်နှာပျက်သွားကြလေ၏။

ထိုအထဲတွင် စုံထောက်ဦးပုညမပါဝင်ဘဲ စုံထောက်မောင်လူလေးနည်းတူ ၎င်းတို့အား အထင်သေးစွာကြည့်ဖြစ်လေ၏။

ထိုအခါ စုံထောက်ဂျမတာက ပျက်သွားသောမျက်နှာကို ချက်ချင်း ပြန်ပြင်လိုက်ပြီး အလျှော့မပေးသောအမူအရာဖြင့်...

"ကိုလူလေး ဘယ်လိုပဲရောက်ရောက် ဒီအမှုကို ကျုပ်ကျိန်းသေပေါက် ဖော်ထုတ်နိုင်ပြီဗျို့... ဒီမှာ တရားခံခါတ်ပုံနဲ့ စာတစ်စောင်" ဟု ရင်ကိုကော့၍ ပြောဆိုလိုက်၏။

ထိုအခါ စုံထောက်မောင်လူလေးက မည်သို့မျှ စိတ်မဝင်စားသော အမူအယာဖြင့် တစ်ဖက်သို့ လှည့်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



"အိုင်ပီ...ကျုပ်နဲ့အောက်ထပ်ခန်းကိုခဏလောက်လိုက်ခဲ့ပါ" ဟု စုံထောက်ဦးပုညကို ပြောပြီး တစ်စုံတစ်ခုအား ဘောင်းဘီ အိတ်ထဲသို့ ထိုးထည့်လိုက်လေ၏။

ထို့နောက် စုံထောက်မောင်လူလေးနှင့်အတူ စုံထောက်ဦးပုညသည် သေသူဒေါ်မိမိကြီးရှိရာ အောက်ထပ်အခန်းသို့ ဆင်းလာခဲ့ကြလေ၏။

ထိုအချိန်တွင် စုံထောက်ဂျမတာ၊ ဦးမောင်ထိုက်၊ အောင်စွာနှင့် ကျော်လှတို့မှာ ၎င်းတို့အား ဂရုမစိုက်သောစုံထောက် မောင်လူလေး အပေါ် မကျေမနပ်ဖြစ်ကာ လက်သီးလက်မောင်းတန်း၍ ကျန်ရစ်ခဲ့ကြလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com



(ယ)

နောက်တစ်နေ့တွင် အင်းလျားကန်အနီး ဒေါ်မိမိကြီး အသတ်ခံရမှုနှင့်ပတ်သက်၍ သူရိယ၊ သံတော်ဆင့်၊မြန်မာ့အလင်း။ သူကြီးဂေဇက် စသည့် သတင်းစာကြီးများတို့၌ ဝေဝေဆာဆာဖော်ပြပါရှိလာလေ၏။

သတင်းစာတစ်စောင်ကမူ ... ထိုအမှုနှင့် ပတ်သက်၍ အင်းစိန် စီအိုင်ဒီမှ စုံထောက်ကျော်မြကိုယ်တိုင် အထူးစုံစမ်းရှာဖွေ၍ မကြာမီ လူသတ်တရားခံကို လက်ထိပ်ခတ် ဖမ်းဆီးနိုင်တော့မည်ဖြစ်ကြောင်း ဂုဏ်တင်ရေးသားထားလေရာ ထိုအမှုနှင့်ပတ်သက်၍ ရန်ကုန်တစ် မြို့လုံးနှင့်ကြားသိသူအားလုံးမှာလည်းအထူးစိတ်ဝင်စားလျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် စုံထောက်ဦးပုညသည် ဒေါ်မိမိကြီး အမှုနှင့်ပတ်သက်၍ စုံထောက်မောင်လူလေး မည်သို့ ဖော်ထုတ်လေမလဲဟု ပူပန်နေသလောက်၊ ၎င်း၏မိတ်ဆွေကြီး စုံထောက်မောင်လူလေးကတော့မှု အေးအေးလူလူရှိပါသည်။ ထိုအမှုနှင့်ပတ်သက်သော ကိစ္စကိုလက်ရှိရက်ပိုင်းအတွင်းမှာပင် ပြောဆိုသံမကြားရချေ။

စုံထောက်ဂျမတာတို့အဖွဲ့ကတော့ ထိုအမှုကို သဲကြီးမဲကြီးလိုက်၍ စုံစမ်းလျက်ရှိကြ၏။ သို့ရာတွင် စုံထောက်မောင်လူ လေးသည် လူပုံကအေးဆေးသလောက်၊ ဦးနှောက်ကတော့ အလုပ်လုပ်လျက်ရှိလေ၏။ ၎င်းမဖော်ထုတ်နိုင်သောအမှု မရှိသလောက် ပင်ဖြစ်ကြောင်း စုံထောက်ဦးပုညကိုယ်တိုင် သိရှိထားသဖြင့် စိတ်တော့အေးရသည်။

ထို့ကြောင့် စုံထောက်ဦးပုသည် စုံထောက်မောင်လူလေး နေထိုင်ရာရန်ကုန်မြို့ ဝါးတန်းလမ်း(ယခု) ၂၂-လမ်းရှိ တိုက်ခန်း သို့ သွားရောက်လေ၏။ သို့ဖြင့် စုံထောက်ဦးပုညသည် စုံထောက် မောင်လူလေး နေထိုင်ရာဒုတိယထပ်ရှိ တိုက်ခန်းရှေ့သို့ ရောက် သွားချိန်မှာပင် ...

"အိုင်ပီလား...ဝင်ခဲ့ပါ၊ တံခါးစေ့ထားတယ်"

ဟု စုံထောက်မောင်လူလေးကိုယ်တိုင် အထဲမှအသံလှမ်းပြုလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ စုံထောက်ဦးပုညသည် လွန်စွာမှ အံ့ဩသွားပြီး အကြောင်းသိသူခြင်းဖြစ်လျှက် ၎င်း၏မိတ်ဆွေကြီး စုံထောက် မောင်လူလေး အကြားအမြင်များ ရလေရော့သလားဟု တွေးမိလိုက်၏။

ထို့ကြောင့် စုံထောက်ဦးပုညက တံခါးကို အသာတွန်းဖွင့်၍ အထဲသို့ ဝင်ရောက်သွားပြီး...

"ကိုလူလေး...ခင်ဗျား အကြားအမြင်များ ရနေရော့သလားဗျာ" ဟုဆိုလိုက်၏။

ထိုအခါ စုံထောက်မောင်လူလေးက ဖတ်လက်စသတင်းစာကို အောက်ချပြီး ထုံးစံအတိုင်း ပြုံးလျှက်...

"ကျုပ် အကြားအမြင်ရမှတော့ စုံထောက်အလုပ်မလုပ်တော့ဘူးဗျို့"

ဟုဆိုလေရာ စုံထောက်ဦးပုညက မျက်မှောင်ကြုတ်၍...

"ဒါဆို...တံခါးမဖွင့်ဘဲ ကျုပ်လာတာ ဘာကြောင့်ကြိုသိသလဲ" ဟု မေးမြန်းလိုက်၏။

ထိုအခါ စုံထောက်မောင်လူလေးက နှင်းဆီနက် တံဆိပ်စီးကရက်ကို မီးညှိဖွာရှိုက်လိုက်ပြီး...

"ဒါက ဒီလိုရှိတယ်... အိုင်ပီ၊ ဒီနေ့က ရုံးပိတ်ရက်၊ ပိတ်ရက်တွေမှာ အိုင်ပီ ကျုပ်ဆီကို လာနေကျမဟုတ်လား၊ အိုင်ပီ လာရင် ခုလို မနက်ပိုင်းအချိန်ပဲ လာလို့ရတယ်၊ ရုံးပိတ်ရက် နေ့ပိုင်းနဲ့ ညနေပိုင်းတွေမှာ

www.burmeseclassic.com

အိုင်ပီဘယ်တော့မှ အားလေ့မရှိဘူး၊ အိမ်စောင့်အမြဲကျတယ်၊ နောက်တစ်ခုက ကျုပ်တို့ရုံးက ခြေသံပြင်းပြင်းနဲ့ လေးလေးသွားတတ်တာ အိုင်ပီတစ်ယောက်ပဲ၊ ပထမထပ်ရောက်လာကတည်းက အိုင်ပီရဲ့ ခြေသံမှန်းရိပ်မိတယ်၊ အိုင်ပီအမြဲလာနေကျဆိုတော့ အိုင်ပီခြေသံကို နားယဉ်ပါးနေပြီ၊ ပြီးတော့ . . . ခုလို ရုံးပိတ် ရက်မျိုးတွေမှာ မနက်ပိုင်း ကျုပ်အနားယူတတ်မှန်းသိတော့ ဘယ်ဧည့်သည်မှ လာလေ့မရှိဘူး၊ ဒီလိုအချိန်လာတတ်တာ အိုင်ပီတစ်ယောက်ပဲရှိတယ်၊ ဒါကြောင့် ကျုပ်အခန်းရှေ့ခြေသံကြားကတည်းက အိုင်ပီမှန်းသိပြီး အတတ်ပြော လိုက်တာ"

ဟု အချက်ကျကျရှင်းပြလေရာ ဒီတော့ စုံထောက်ဦးပုည မရှိသွားဖြစ်၍ စုံထောက်မောင်လူလေးနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ပြီး...

"ခုရက်ပိုင်းကိုလူလေးရုံးကိုမလာလို့ဒေါ်မိမိအမှုနဲ့ပတ်သက်ပြီး စိတ်ပူနေတာ၊ ဒါနဲ့ . . . အမှုအခြေအနေကော ဘာသဲလွန်စ ရပြီလဲ၊ ဖော်ထုတ်နိုင်ဖို့ နီးပြီလား" ဟု မေးမြန်းလိုက်၏။

ထိုအခါ စုံထောက်မောင်လူလေးက ခေါင်းရမ်း၍...

"အမှုက လွယ်မလိုလိုနဲ့ နည်းနည်းရှုပ်ထွေးနေတယ်၊ ရထားတဲ့ သဲလွန်စတွေအပေါ် သိပ်အားမရသေးဘူး၊ ဒါပေမဲ့ . . . မကြာ ခင်

www.burmeseclassic.com

www.burmeseclassic.com


ဖော်ထုတ်နိုင်မှာပါ၊ အရေးကြီးတဲ့ အချက်အလက်ကလေးတွေ ပြည့်စုံဖို့ ကတော့ အချိန်နည်းနည်းယူရလိမ့်မယ်" ဟု ရှင်းပြလေ ရာ ဦးပုညက ခေါင်းညိတ်၍...

"ကျုပ်ဖြင့် ကိုလူလေး ငြိမ်ချက်သားကောင်းနေလို့ ဘာများ ဖြစ်လဲ ဆိုပြီး တစ်လျှောက်လုံး စိတ်ပူနေတာ၊ စုံထောက်ဂျမတာတို့အဖွဲ့နဲ့ စုံထောက်အောင်ဇွာတို့အဖွဲ့ကတော့ ဒီအမှုကို သဲကြီးမဲကြီးလိုက် နေကြတယ်" ဟုပြောဆိုလိုက်၏။

ထိုအခါစုံထောက်မောင်လူလေးကပြုံး၍...

"ကျုပ် ခုနပြောသလို အမှုကထင်သလောက်မလွယ်ဘူးဗျ၊ လူသတ်တရားခံက ဉာဏ်များတယ်၊ ဦးနှောက်ကိုအသုံးချပြီး စနစ်တကျ စီစဉ်ထားတာ၊ နည်းနည်းလေး တိမ်းစောင်းတာနဲ့ တရားခံအစစ်ဟာ လွတ်သွားနိုင်တယ်" ဟု ဆက်လက်ရှင်းပြလာသဖြင့် စုံထောက်ဦးပုည သည် ခေါင်းရှုပ်ထွေးသွားပြီး မျက်မှောင်ကြုတ်လိုက်ရင်း...

"ဒါဆို...ဒီလူတွေ တရားခံအစစ်ကို ဖော်ထုတ်နိုင်ဖို့မလွယ်ဘူး ဆိုတဲ့ သဘောပေါ့၊ ဟုတ်လား" ဟု မေးမြန်းလိုက်၏။

ထိုအခါ စုံထောက်မောင်လူလေးက ခေါင်းညိတ်၍...

"အမှန်ပဲဗျို့...ဒီလူတွေ ဖမ်းမိရင်လည်း တရားခံအစစ်မဟုတ်တဲ့ တည်ကြက်တွေပဲ ဖမ်းမိမှာ" ဟု ရှင်းပြလေရာ၊ ထိုအခါ စုံထောက်ဦးပုည သည် ပို၍ နားမလည်နိုင်ဖြစ်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လိုတည်ကြက်မျိုးလဲ...ရှင်းပြပါဦး" ဟုတောင်းဆိုလိုက်၏။

ထိုအခါ စုံထောက်မောင်လူလေးက စီးကရက်ကိုပြာခွက်ထဲသို့ ထိုးခြေလိုက်ပြီး...

"တရားခံအစစ်ကိုယ်တိုင် လမ်းကြောင်းလွှဲထားတဲ့ တည်ကြက်ပေါ့ဗျာ၊ ရှင်းအောင်ပြောရရင် စုံထောက်တွေကို မျက်စိ လှည့်ပြီး တရားခံအစစ်မဟုတ်တဲ့သူကို ဓားခုတ်ရာ လက်ဝင်လျှိုခိုင်းလိုက်တဲ့သဘောပဲ" ဟု ရှင်းပြလိုက်သဖြင့် စုံထောင်ဦးပုညမှာ မျက်လုံးပြူးသွားပြီး...

"ဒီအမှုက ဒီလောက်တောင် ရှုပ်ထွေးလှချည်လားဗျာ၊ ကျုပ်သာဆို ခေါင်းချောင်ပြီး ရူးသွားမှာ သေချာတယ်" ဟု ညည်းညူလိုက်၏။

ထိုအခါ စုံထောက်မောင်လူလေးသည် ဘာမှမပြောတော့ဘဲ အတန်ကြာမှ...

"အိုင်ပီ...ကျုပ်တို့လှည်းကူးဘက်သွားရလိမ့်မယ်၊ အိုင်ပီဇနီးဆီ ဒီကနေ ကျုပ်ဖုန်းဆက်ပေးမယ်၊ လှည်းကူးဘက်အရေးပေါ်ကိစ္စနဲ့ ခေါ်သွားတဲ့အကြောင်း ပြောလိုက်မယ်" ဟု ဆိုလေရာ စုံထောက်ဦးပုညသည် ၎င်း၏မိတ်ဆွေကြီး စုံထောက်မောင်လူလေးတွင် အကြောင်းကိစ္စတစ်ခုခုရှိပြီဟူ၍ယူဆကာ ဘာမှဆက်မမေးတော့ဘဲ ခေါင်းညိတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စုံထောက်မောင်လူလေးသည် ချက်ချင်းနေရာမှထ၍ ဖုန်းဆက်အကြောင်းကြားလိုက်သည်။ ပြီးမှ...

"ကဲ ... ကျုပ်တို့သွားမယ် အိုင်ပီ" ဟု ပြောဆိုပြီးနောက် ကားမောင်း၍ လှည်းကူးဘက်သို့ ထွက်ခွာခဲ့လေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com



(င)

ဤသို့ဖြင့် လှည်းကူးမြို့အစွန်ရှိ မြဲတစ်ခြံရှေ့သို့ရောက်သော အခါ၌ စုံထောက်မောင်လူလေးသည် ကားကိုရပ်ခိုင်းကာ စုံထောက် ဦးပုညအားကားထဲ၌ပင်နေခဲ့စေပြီး၊ ၎င်းကမူ တစ်နေရာသို့ထွက်ခွာသွား လေ၏။

သို့ဖြင့် ကွမ်းတစ်ရာညက်ခန့် ကြာသောအခါ စုံထောက် မောင်လူလေး ပြန်ရောက်လာပြီး ဗိုလ်ချုပ်ဈေးဘက်သို့ မောင်းခိုင်းပြန် လေ၏။

ထို့နောက် ဗိုလ်ချုပ်ဈေးသို့ရောက်သောအခါ မိန်းကလေး အလှပစ္စည်းများချည်း ရောင်းသောဆိုင်များသို့ ရွေး၍ဝင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် သွားလာပြီးနောက် မြို့ထဲသို့ မောင်းခိုင်းသဖြင့် ပြန်မောင်းခဲ့ရလေတော့သည်။

မြို့ထဲပြန်ရောက်ချိန်၌ ညနေစောင်းနေပြီဖြစ်၏။

ထိုအခါ စုံထောက်မောင်လူလေးသည် တရုတ်ခေါက်ဆွဲဆိုင် တစ်ဆိုင်သို့ မောင်းခိုင်းပြီး…

"အိုင်ပီ…ကျုပ်တို့ခေါက်ဆွဲကြော်တစ်ပွဲဆီ ဗိုက်ဖြည့်လိုက်ကြရအောင်၊ ခေါက်ဆွဲကြော်မစားရတာလည်း ကြာပြီမဟုတ်လား" ဟု ပြောလေ၏။

သို့ဖြင့် ဆိုင်သို့ရောက်သည့်အခါ ခေါက်ဆွဲကြော်တစ်ပွဲဆီ မှာစားလိုက်ကြ၏။

ထို့နောက် စုံထောက်မောင်လူလေးသည် ဆိုင်ထဲမှ ပြန်ထွက်သည့်အခါ…

"ကျုပ်မလိုက်တော့ဘူး… အိုင်ပီ၊ ဝင်စရာတစ်နေရာရှိသေးလို့ အချိန်နောက်ကျလိမ့်မယ်၊ အိုင်ပီပဲအိမ်ပြန်နှင့်တော့" ဟု ပြောဆိုလာသဖြင့် စုံထောက်ဦးပုညမှာ စုံထောက်မောင်လူလေးအား နားမလည်နိုင်လောက်အောင်ဖြစ်မိသော်လည်း မေးချိန်မရ တော့ခြင်းကြောင့် မေးမြန်းခြင်း မပြုတော့ဘဲ ပြောသည့်အတိုင်း အိမ်သို့ကားမောင်း၍ ပြန်ခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့မှာပင် ထိုအကြောင်းအရာနှင့် ပတ်သက်၍ မေးစမ်းကြည့်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

သို့ရာတွင် ထိုအမှုကိစ္စနှင့် ပတ်သက်၍လည်း တစ်လမ်းလုံး တစ်ခွန်းတစ်ပါဒမျှ ဖွင့်ဟမလာချေ။

ထို့ကြောင့် စုံထောက်မောင်လူလေးဆိုသည့်သူမှာ အကြောင်း သိသူချင်းဖြစ်သော်လည်း စုံထောက်ဦးပုညမှာမူ တစ်ခါတစ်ရံ၌ ထိုကဲ့သို့ နားမလည်နိုင်အောင် ကြုံခဲ့ရသဖြင့် ရှုးချင်နေလေ၏။

ယခုလည်း တစ်နေကုန် ဇင်းသွားလိုသမျှ ကားမောင်းနိုင်းပြီး မည်သည့်ကိစ္စ၊ မည်သို့အရေးဟု မပြောဘဲရှိလေသဖြင့် စုံထောက်ဦးပုည မှာ လွန်စွာမှ အံ့ဩစိတ်ဝင်စားရသည်။

သို့သော် စုံထောက်မောင်လူလေးသည် အကြောင်းကိစ္စမရှိဘဲ နှင့် ထိုကဲ့သို့လုပ်တတ်သည့်လူစားမျိုးမဟုတ်ဟုလည်း စုံထောက်ဦးပုည မှာ ဖြေတွေးတွေးလိုက်ရလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com


(၀)

နောက်တစ်နေ့တွင် စုံထောက်မောင်လူလေးသည် နိုင်ငံခြား အလုပစ္စည်းများချည်းရောင်းသော ကုန်တိုက်တစ်ခုသို့ သွားရန်လာရောက်ခေါ်သဖြင့် စုံထောက်ဦးပုညမှာ ကားမောင်း၍ ပို့ရလေ၏။

လမ်းသို့ရောက်သည့်အခါ စုံထောက်ဦးပုညက...

"ဒေါ်မိမိကြီးအမှုနဲ့ ပတ်သက်ပြီး ထူးခြားပြီလား...ကိုလူလေး" ဟု မေးမြန်းလိုက်သဖြင့် စုံထောက်မောင်လူလေးက ခေါင်းခါ၍...

"အဓိကကျတဲ့အချက်အလက်တွေ မပြည့်စုံသေးတော့အမှုက ထင်သလောက်မလွယ်ကူဘူးဗျ၊ နည်းနည်းရှုပ်ထွေး သလိုရှိလာတယ်၊ ကျုပ်သိသလောက်ပြောရရင် ဒီအမှုကပိုခက်ခဲပြီး ရှုပ်ထွေးလိမ့်မယ် ထင်တယ်" ဟု ဖြေကြားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စုံထောက်ဦးပုညက မျက်မှောင်ကြုတ်၍ ...

"ကိုလှလေး သိထားသလောက် ကျုပ်ကိုပြောပြပါဦး" ဟု တောင်းဆိုလေရာ ထိုအခါ စုံထောက်မောင်လှလေးက နှင်းဆီနက်တံဆိပ်စီးကရက်ကို ထုတ်သောက်လိုက်ပြီး ...

"ဒီလိုရှိတယ် ... အိုင်ဝီ၊ သေသူဒေါ်မိမိကြီးဟာ ရန်ငြိုးတစ်ခုခုကြောင့် အသတ်ခံရတယ်လို့ ထင်တယ်" ဟု မှတ်ချက်ချ လိုက်သဖြင့် စုံထောက်ဦးပုညမှာ ပို၍ စိတ်ဝင်စားသွား၏။

ထို့ကြောင့် စုံထောက်ဦးပုညက ...

"ကျုပ်ဖြင့် ...ဒီအမှုဟာ ခုလောက်နဲ့တင် ရှုပ်ထွေးလွန်းလို့ ဘယ်လိုမှ မစဉ်းစားတတ်အောင်ပဲဗျာ ...ကိုလှလေးလိုလူတောင် ခက်ခဲတယ်ဆိုရင် ကျုပ်အဖို့တော့ ပြောစရာမရှိတော့ပါဘူးဗျာ" ဟု ညည်းညူလိုက်၏။

ထိုအခါ စုံထောက်မောင်လှလေးက ပြုံး၍ ...

"တစ်ခုတော့ ရှိတယ် ... အိုင်ဝီ၊ ဒီအမှုဟာ ရေထဲက ငါးကို ဖမ်းရသလိုရှိပေမယ့် ရေရဲ့အတိမ်အနက်နဲ့ ငါးရဲ့အားနည်းချက်ကို သိရင်ပြီးပါပြီ၊ ဆိုလိုတာက ... အမှုနဲ့ပတ်သက်နေတဲ့ သဲလွန်စတချို့ဟာ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဖြစ်ခဲ့ရတာ၊ အဲဒီအချက်တွေကို ဆွဲထုတ်နိုင်ရင် အမှုရဲ့ကွင်းဆက်ကို လိုက်ရတာ လွယ်သွားပါပြီ" ဟု ရှင်းပြလေရာ ထိုအခါ စုံထောက်ဦးပုညက သက်ပြင်း ချ၍ ...

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင် ... ဒေါ်မိမိကြီးစားပွဲအံဆွဲထဲကရတဲ့ ဓာတ်ပုံနဲ့စာဟာ သဲလွန်စအစစ် မဖြစ်နိုင်ဘူးဆိုတဲ့ သဘောလား ကိုလူလေး" ဟု မေးမြန်းလိုက်သဖြင့် စုံထောက်မောင်လူလေးက ခေါင်းညိတ်သည်။

"အမှန်ပဲဗျို့ ... ဓာတ်ပုံထဲကလူဟာ ဦးမာဒင်တဲ့၊ ဒေါ်မိမိကြီးရဲ့ မွေးစားမောင်လဲ ဖြစ်တယ်၊ လူယုံတစ်ဦးလဲဖြစ်တယ်၊ စာကတော့ အဲဒီဓာတ်ပုံနဲ့ မသက်ဆိုင်တဲ့စာပဲ၊ ဒေါ်မိမိကြီး အသတ်ခံရတာ မီးဖိုချောင်ထဲမှာ၊ မီးဖိုချောင်ရဲ့စားပွဲခုံတွေ ဖရိုဖရဲဖြစ်နေတဲ့အတွက် အကြောက်အကန်ရုန်းထားပုံရတယ်၊ လူသတ်သမားဟာ မီးဖိုထဲကနေ ဒေါ်မိမိကြီးရဲ့ အလောင်းကို အခန်းထဲရွှေ့ထားရတဲ့ ရည်ရွယ်ချက်ကတော့ လမ်းကြောင်း လွှဲပစ်လိုက်တဲ့သဘောပဲ၊ ပြီးတော့မှ ဒေါ်မိမိကြီးရဲ့လူယုံလဲဖြစ်၊ မွေးစား မောင်လဲဖြစ်တဲ့ ဦးမာဒင်ဓာတ်ပုံနဲ့ မီးဖိုချောင်စားပွဲပေါ်ကရတဲ့ စာတစ်စောင်ကိုတွဲပြီး ဗီရိုအံဆွဲထဲမှာစာခံအဖြစ်တွဲထည့်ထားလိုက်တယ်၊ ဒါက လူသတ်သမား ရဲ့လှည့်ကွက်ပဲ၊ အဲဒီမှာ ဟာကွက်တစ်ခုက မမျှော်လင့်ဘဲ တွေ့လိုက်ရတာက ဒေါ်မိမိကြီး အသတ်မခံရခင် ညနေပိုင်းလောက်က ဈေးကိုကိုယ်တိုင်သွားတယ်၊ အဲဒီရက်မှာ ဒေါ်မိမိကြီးရဲ့အိမ်မှာ အိမ်ဖော်မမြဲဘဲရှိနေတဲ့အချိန်ဖြစ်တယ်၊ အိမ်ဖော်လဲ အလုပ်ထွက်ပြီးခါစ အချိန် ဖြစ်တော့ ဒေါ်မိမိကြီးကိုယ်တိုင် ဈေးသွားရတာ၊ ဈေးကပြန်လာတဲ့အခါမှာ ကားဘီးပေါက်ပြီး လမ်းမှာ အခက်အခဲဖြစ်နေတော့ မျိုးလွင်ဆိုတဲ့ ကောင်လေးတစ်ယောက်နဲ့တွေ့တယ်၊ ကောင်လေးက

www.burmeseclassic.com

www.burmeseclassic.com


လှည်းကူးမှာနေတယ်၊ သူငယ်ချင်းတစ်ယောက်က စာလှကြဲ့ ပေးနိုင်းလို့လာရင်း လမ်းမှာ ကားဘီးပေါက်ပြီး အခက်အခဲဖြစ်နေတဲ့ ဒေါ်မိမိကြီးကို အကူအညီပေး ခဲ့တာ၊ ကံကောင်းချင်တော့ မျိုးလွင်ဆိုတဲ့ ကောင်လေးဟာ ကားဝပ်ရှော့ တစ်ခုမှာ အလုပ်လပ်နေတဲ့အတွက် ဒေါ်မိမိကြီးကို အလွယ်တကူကူညီပေးနိုင်ခဲ့တယ်၊ ဒေါ်မိမိကြီးက ကောင်လေးကို ကားမောင်းပြီး ကောင်လေးသွားလိုတဲ့ ကျောက်မြောင်း အထိ လိုက်ပို့ပေးတယ်၊ အဲဒီမှာ ကောင် လေး လွယ်အိတ်ထဲကနေ စာတစ်စောင်ထွက်ကျကျန်ခဲ့တာ ကောင်လေး မသိခဲ့ဘူး၊ ဒေါ်မိမိကြီးလဲ အိမ်ရောက်မှကားပေါ်မှာ ကောင်လေး စာကျန်ခဲ့မှန်းသိခဲ့တယ်၊ ဒေါ်မိမိကြီးဟာ နဂိုကတည်း ကစပ်စုတဲ့ဇီဇကရှိတော့ စာက အရေးကြီး တဲ့စာလား၊ ဘာလားဆိုပြီးဖောက် ဖတ်ကြည့်တယ်၊ စာက အတိုကောက် ရေးထားတာ၊ (မမ အားလုံးအဆင်ပြေတယ်၊ တွေ့နေကျရင် ည ၉း၀၀ နာရီလာခဲ့မယ်) လို့ရေးထားတာ ဖတ်ရတော့ ဒေါ်မိမိကြီးဟာ သိပ်အရေး ကြီးပုံမရကြောင်းထင်ပြီး စားပွဲပေါ် ဒီအတိုင်း တင်ထားလိုက် ပုံရတယ်၊ လူသတ်သမားဟာ ဒေါ်မိမိကြီးကို လည်ပင်းညှစ် သတ်ပြီး အဲဒီစာကို တွေ့တဲ့အခါ လမ်းကြောင်းလွှဲဖို့ ကြိုတင်ယူလာတဲ့ ဦးမာဒင်ဓာတ်ပုံနဲ့စာ ကိုတွဲပြီး အခန်းထဲက စားပွဲအံဆွဲထဲမှာ တည်ကြက် အဖြစ် ထားခဲ့တဲ့သဘောပဲ၊ စာထဲကလက်ရေးနဲ့ စာအိတ်ပေါ်က လိပ်စာ ရေးထား တဲ့ လက်ရေးဟာ အတူတူပဲဗျ" ဟု ရှင်းပြလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တစ်လျှောက်လုံး တအံ့တသြနှင့် နားထောင်နေသော စုံထောက်ဦးပုညမှာ သက်ပြင်းချ၍ ...

"ဒါဆို ...လူသတ်သမားဟာ ကြိုတင်ကြံစည်ထားသလို အခွင့်အရေးတစ်ခုလဲ ထပ်ရသွားတာပေါ့" ဟု မှတ်ချက်ပြုလိုက်ရာ စုံထောက်မောင်လှလေးက ခေါင်းညိတ်၍...

"အမှန်ပဲ . . . အိုင်ပီ၊ အဲဒီစာက လူသတ်သမားအတွက် ပိုပြီး အထောက်အကူပြုသွားတာ၊ ဒါပေမဲ့ ...သူ့ရဲ့ဟာကွက်တစ်ခုက စားပွဲပေါ် ကျန်နေခဲ့တဲ့ စာအိတ်အခွံပဲဗျ၊ အဲဒီစာအိတ်မှာ ပေးပို့သူဟာ အောင်လှဖြစ်သလို၊ အဲဒီစာကို လက်ခံမယ့်သူဟာ မသီတာဖြစ်တယ်၊ ကျောက်မြောင်းနေရပ်လိပ်စာနဲ့ ပေးပို့ထားတာ၊ အဲဒီစာအိတ်ကို ကျုပ်သဲလွန်စအဖြစ် ရရှိပြီး လိပ်စာအတိုင်း သွားစုံစမ်းတော့ လိပ်စာထဲက မသီတာဆိုတဲ့ အမျိုးသမီးနဲ့ အောင်လှဆိုသူဟာ သမီးရည်းစားတွေဖြစ်ကြောင်း သိရတယ်၊ အောင်လှနဲ့ ဒေါ်မိမိ ကြီးကို ကူညီပေးတဲ့ ခုနမျိုး လွင်ဆိုတဲ့ ကောင်လေး လုပ်တဲ့ ကားဝပ်ရှော့မန်နေဂျာနဲ့က သူငယ်ချင်းတွေ၊ အောင်လှက မသီတာထံ ဒီစာပို့ပေးဖို့ သူ့သူငယ်ချင်း မန်နေဂျာဆီ အကူအညီတောင်းတယ်၊ အဲဒီနေ့မှာ မန်နေဂျာကလဲ ကိစ္စတစ်ခုနဲ့ အပြင်သွားစရာရှိတော့ မျိုးလွင်ကို အကူအညီတစ်ဆင့်ထပ်တောင်းပြီး သွားပို့ခိုင်းတယ်၊ အဲဒီမှာပဲ ဒေါ်မိမိကြီး ကားဘီးပေါက်တာနဲ့ တိုးပြီး မျိုးလွင်ဆိုတဲ့ ကောင်လေးက အကူအညီပေးရင်း စာက ဒေါ်မိမိကြီးအိမ် ရောက်သွားရတာပဲဗျို့" ဟု ရှင်းပြလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စုံထောက်ဦးပုညသည် လွန်စွာမှ စိတ်ရှုပ်ထွေးသွားသောအမူအရာဖြင့် ...

"အင်း...ကိုလှလေးပြောသလိုဆိုရင် ဒီအမှုဟာ လွယ်မလိုလိုနဲ့ ရှုပ်ထွေးသွားတာပဲဗျို့ ဒီနေရာမှာ ဉာဏ်ပြေးတဲ့ ကိုလှ ဂလေးဟုတ်လို့သာပေါ့" ဟု ချီးကျူးစကားဆိုလိုက်ရာ စုံထောက်မောင်လှလေးက သက်ပြင်းချ၍ ...

"တစ်ခုတော့ စိတ်မကောင်းစရာပဲ ... အိုင်ပီ၊ စုံထောက် ဂျမတာတို့အဖွဲ့ ဒေါ်မိမိကြီးရဲ့လူယုံလဲဖြစ်၊ မွေးစားမောင်လဲဖြစ်တဲ့ ဦးမာဒင်ကို ဖမ်းဆီးရိုက်နှက်ပြီး လူသတ်တရားခံအဖြစ် ဝန်ခံခိုင်းနေတဲ့အချက်ပဲ" ဟု ပြောဆိုလိုက်သဖြင့် စုံထောက်ဦးပုညလည်း မကျေမနပ်ဖြစ်သွားပြီး...

"ဟုတ်တယ်ဗျို့...ကိုလှလေး၊ ဒီလူတွေ ဘာမှ သုံးစားမရတဲ့ စုံထောက်တွေ၊ အားအားရှိ ရိုက်နှက်စစ်ဆေးဖို့လောက်ပဲ သိတဲ့လူတွေ၊ ဘာဦးနှောက်မှ မရှိဘူး၊ အဲဒီကိစ္စ ကျုပ်တို့ ဘယ်လိုလုပ်မလဲ" ဟု မေးမြန်းလိုက်သဖြင့် စုံထောက်မောင်လှလေးက တွေးတွေးဆဆအမူအရာဖြင့်...

"သိပ်တော့ စိုးရိမ်စရာမရှိပါဘူး၊ ဒီလူတွေ သိပ်လက် လွန်ခြေလွန်ဖြစ်အောင်တော့ လုပ်မှာမဟုတ်သေးပါဘူး၊ တစ်ခုတော့ လွယ်ကူသွားတယ်၊ လူသတ်သမားဟာ သူဆင်တဲ့အကွက်ထဲ ခုလိုဝင်သွားတဲ့အတွက်စိတ်ချလက်ချဖြစ်သွားမှာ သေချာတယ်၊ ဒီတော့ ကျုပ်တို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဒီအမှုကို ဖော်ထုတ်စုံစမ်းတဲ့နေရာမှာ လွယ်ကူသွားစေတာ အမှန်ပဲဗျို့" ဟု ပြောဆိုလိုက်ရာ စုံထောက်ဦးပုညက ခေါင်းညိတ်လက်ခံ လိုက်ပြီးနောက် တစ်စုံတစ်ရာကို သတိရသွားသော အမူအရာဖြင့်...

"ခုမှ ကျုပ် နည်းနည်းသဘောပေါက်လာပြီ... ကိုလူလေး၊ ဟိုရက်က လှည်းကူးဘက်သွားတာ မျိုးလွင်ဆိုတဲ့ကောင်လေး ဆီမဟုတ်လား" ဟု မေးမြန်းလိုက်၏။

ထိုအခါ စုံထောက်မောင်လူလေးက ရယ်မော၍...

"အိုင်ပီရဲ့အတွေးအခေါ်တွေ မြင့်လာပြီ၊ ဒီမေးခွန်းက အမှန်ပဲဗျို့ ပထမရက်က ကျောက်မြောင်းက မသီတာအိမ်လိပ်စာ အတိုင်းသွားရောက်ခဲ့တယ်၊ အောင်လှနဲ့ သီတာဟာ သမီးရည်းစားဖြစ်ကြောင်း ပြောတယ်၊ ဒါနဲ့မသီတာဆီမှာ ကားဝပ်ရှော့လိပ်စာ မေးပြီး ကားဝပ်ရှော့ကို ရောက်ခဲ့တယ်၊ အောင်လှနဲ့တွေ့မှ သူ စာပေးလိုက်တဲ့ နေ့လွန်ပြီး နှစ်ရက်မြောက်ညဟာ သူနဲ့ မသီတာတို့ တွေ့နေကျညလို့ သိရတယ်၊ ဒေါ်မိမိကြီးသေဆုံးတဲ့ညထက် စာထဲမှာ ချိန်းလိုက်တဲ့ညဟာ နှစ်ရက်ပို နောက်ကျတယ်၊ အဲဒီနေ့က မျိုးလွင် ဆိုတဲ့ကောင်လေး အလုပ်မဆင်းဘဲ ခွင့်တစ်ပတ်ယူထားကြောင်းသိရတယ်၊ ဒါကြောင့် အောင်လှဆီမှာ မျိုးလွင်ဆိုတဲ့ ကောင်လေးရဲ့ လိပ်စာတောင်းပြီး လှည်းကူးဘက်ကို ကျုပ်တို့လိုက်သွားတာ၊ သူနဲ့ ဒေါ်မိမိကြီး တွေ့ဆုံခဲ့ပုံကို မေးမြန်းချင်လို့ပဲ" ဟု ရှင်းပြလာသဖြင့် စုံထောက်ဦးပုညမှာ အမူသွားအမူလာ သဲလွန်စများ အပေါ်အတော်ကလေး ရှင်းသွားပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် လှည်းကူးမှအပြန် ဗိုလ်ချုပ်ဈေးဝင်ခဲ့သောအချက်ကို သိလိုသေးသဖြင့် ...

"အင်း...ကိုလူလေး ရှင်းပြမှပဲ အတော်ကလေးတော့ ကျုပ်ရှင်းသွားပြီဗျို့ ဒါပေမဲ့ ... ကျုပ်မသိသေးတာ တစ်ချက်ရှိသေး တယ်၊ ကျုပ်တို့ လှည်းကူးဘက်ကအပြန် ဗိုလ်ချုပ်ဈေးက မိန်းကလေးအလှ ပစ္စည်းဆိုင်တွေဆီဝင်တာ ဒီအမှုနဲ့ ပတ်သက်လို့လား" ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ စုံထောက်မောင်လူလေးက ခေါင်းညိတ်၍...

"တစ်စိတ်တစ်ပိုင်းတော့ ပတ်သက်နေတယ်ဗျ၊ ပတ်သက်ပုံကလဲ ဘယ်လိုပတ်သက်သလဲဆိုတာကို ကျုပ်မပြောနိုင် သေးဘူး၊ ခုသွားမယ့်ကုန်တိုက်ကို ရောက်ပြီးမှပဲ အဖြေပေးနိုင်လိမ့်မယ်ထင်တယ်" ဟု ပြောကြားလာလေရာ သို့ဖြင့် ၎င်းတို့မောင်း နှင်လာသောကားကလေးမှာ စုံထောက်မောင်လူလေးသွားလိုသည့် နိုင်ငံခြားအလှကုန် ပစ္စည်းများ ချည်းရောင်းချ၍ ကျော်ကြားလှသော ကုန်တိုက်ကြီးရှေ့သို့ ရောက်ရှိလာလေ၏။

ထိုအခါ စုံထောက်မောင်လူလေးသည် ကားပေါ်မှဆင်း၍ ...

"လာဗျို့...အိုင်ဗီ၊ ကျုပ်တို့ ဒီကုန်တိုက်ထဲကို ဝင်ကြရအောင်" ဟု ပြောဆိုသဖြင့် စုံထောက်ဦးပုညသည် ဘာမှန်းမသိ သော်လည်း စုံထောက်မောင်လူလေး ခေါ်ဆောင်ရာ ကုန်တိုက်ကြီးအတွင်းထဲသို့ လိုက်ပါခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


(ဆ)

ဤသို့ဖြင့် စုံထောက်မောင်လူလေးနှင့် ဦးပုညသည် ကုန်တိုက်ကြီးအတွင်းထဲသို့ ရောက်ရှိသည့်အခါ မန်နေဂျာဦးတိတ်ငွမ်းကို မေးမြန်း၍တွေ့ဆုံလေ၏။

မန်နေဂျာဦးတိတ်ငွမ်းသည် တရုတ်ကပြားဖြစ်ပြီး အသက် ၅၀ ဝါးဆယ်ခန့်ရှိလေ၏။ နဖူးအနည်းငယ်ပြောင်ပြီး ဥပမိရုပ်ခန့်ညားလေ၏။

ဦးတိတ်ငွမ်းသည် စုံထောက်မောင်လူလေးနှင့် စုံထောက်ဦးပုညကို တွေ့သောအခါ...

"ဘာကိစ္စများ ရှိပါသလဲခင်ဗျာ" ဟု မေးမြန်းလေ၏။

ထိုအခါ စုံထောက်မောင်လူလေးက အင်းစိန်စီအိုင်ဒီမှ စုံထောက်မောင်လူလေးနှင့် စုံထောက်ဦးပုညဖြစ်ကြောင်း မိတ်ဆက်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com


"ဒီကုန်တိုက်မှာ လွန်ခဲ့တဲ့နှစ်နှစ်ကျော်က စန္ဒီဆိုတဲ့ မိန်းကလေး တစ်ဦး အလုပ်လုပ်ခဲ့ဖူးသလား" မေးမြန်းလိုက်လေရာ ဦးတိတ်ဝွမ်းက အတန်ကြာစဉ်းစားပြီးနောက် . . .

"လုပ်ခဲ့ဖူးပါတယ်၊ ဒီကုန်တိုက်မှာ တစ်နှစ်ကျော်ကျော်လုပ်ပြီး အလုပ်ထွက်သွားခဲ့ပါတယ်" ဟု ဖြေကြားလေ၏။

ထိုအခါ စုံထောက်မောင်လူလေးက ကုန်တိုက်ထဲရှိ နိုင်ငံခြား ဖြစ်ရေမွှေးများကို လိုက်လံကြည့်ရှုလိုကြောင်း ခွင့်တောင်းပြီး ကြည့်လေ တော့၏။

သို့ဖြင့် စုံထောက်မောင်လူလေးသည် ရေမွှေးများကို တစ်ခုပြီး တစ်ခု လိုက်လံကြည့်ရှုရင်း ကုန်တိုက်တစ်ခုလုံးနီးနီး ကုန်သလောက် ဖြစ်သွား၏။

သို့သော် ရေမွှေးမျိုးစုံထည့်ထားသော မှန်ရှိုးကေ့တစ်ခုထဲမှ ပြင်သစ်နိုင်ငံလုပ် ရေမွှေးပုလင်းတစ်လုံးကို ထုတ်လိုက်ပြီး အနံ့များကို စမ်းသပ်လေ၏။

ပြီးနောက် ထိုရေမွှေးကို ဝယ်ယူ၍ ပြန်ခဲ့လေတော့၏။

သို့ဖြင့် . . . မိတ်ဆွေကြီး စုံထောက်မောင်လူလေးနေထိုင်ရာ ဝါးတန်းလမ်းတိုက်ခန်းသို့ရောက်သည့်အခါ စုံထောက်မောင်လူလေးက...

"ကျုပ်မှန်းဆတဲ့အတိုင်း လမ်းကြောင်းကတော့ ပေါ်လာပြီဗျို့" ဟု ပြောဆိုလေသဖြင့် စုံထောက်ဦးပုညမှာ စုံထောက် မောင်လူလေး၏ လုပ်ရပ်များကို ခုချိန်အထိ နားမလည်နိုင်သေးဘဲရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စုံထောက်ဦးပုည၏ အခြေအနေကို ရိပ်စားမိသော စုံထောက်မောင်လူလေးက…

"အိုင်ပီ … သတိထားမိသလားဗျ၊ ဒေါ်မိမိကြီး အခင်းဖြစ်ခဲ့တဲ့ အခန်းမှာ ထူးခြားတဲ့အနံ့တစ်မျိုးရခဲ့တယ်။ အဲဒီအနံ့က ခုကျုပ်ဝယ်လာတဲ့ ပြင်သစ်နိုင်ငံထုတ် ရှားပါးရေမွှေးအနံ့ပဲ" ဟု ဆိုလေ၏။

ထိုအခါ စုံထောက်ဦးပုညသည် မျက်မှောင်ကြုတ်၍…

"ဒါဆို … လူသတ်သမားဟာ အဲဒီရေမွှေးကို သုံးတယ်ဆိုတဲ့ သဘောလား" ဟု မေးမြန်းလေရာ စုံထောက်မောင်လူလေး က ခေါင်း ညိတ်၍…

"ဟုတ်တယ်…အိုင်ပီ၊ လူသတ်သမားဟာ အဲဒီရေမွှေးကို သုံးစွဲထားတဲ့အတွက် ဓာတ်ပုံနဲ့ စာတစ်စောင်မှာ အဲဒီအနံ့ကို ရခဲ့တယ်" ဟု ဖြေကြားလေလျှင် စုံထောက်ဦးပုညက…

"သေသူဒေါ်မိမိကြီး သုံးစွဲထားတာရော မဖြစ်နိုင်ဘူးလား" ဟု ထောက်ပြလာ၏။

ထိုအခါ စုံထောက်မောင်လူလေးက ခေါင်းခါ၍…

"ဒေါ်မိမိကြီး အဲဒီရေမွှေးကို လုံးဝမသုံးစွဲခဲ့ဘူး … အိုင်ပီ၊ ဘာကြောင့်လဲဆိုတော့ ဒေါ်မိမိကြီးအိမ်ကို ကျုပ်တို့စုံထောက်တွေ သွား ရောက်စစ်ဆေးတဲ့နေ့က အားလုံးထက် ကျုပ်အရင် ကြိုရောက်ခဲ့ တယ်၊ စုံထောက်ဂျမတာတို့အဖွဲ့ရှိသွားတဲ့ ဓာတ်ပုံနဲ့စာကို ကျုပ် အရင်ဆုံးစစ်

www.burmeseclassic.com



ဆေးပြီးပြီ၊ ဒေါ်မိမိကြီးအခန်းစားပွဲအံဆွဲထဲက စာနဲ့ မီးဖိုချောင်စားပွဲပေါ်က ရရှိတဲ့စာအိတ်မှာ လက်ရေးချင်းအတူတူ ဖြစ်နေတာကို တွေ့ရတယ်၊ ဓာတ်ပုံနဲ့စာကို ကျုပ်ဘာကြောင့်မယူထားသလဲဆိုတော့ လူသတ်သမားကြိုတင်တွက်ဆထားတဲ့ အကွက်ဝင်သွားအောင် တမင်မယူခဲ့တာပဲ၊ စုံထောက်ဂျမတာတို့အဖွဲ့က အဲဒီဓာတ်ပုံနဲ့စာကို တွေ့ပြီး ဦးမာဒင်ကို လူသတ်သမား အဖြစ် သတ်မှတ်စစ်ဆေးကြမယ်၊ ဒီတော့ . . . လူသတ်သမားဟာ နောက်ကြောင်းအေးပြီး ကျုပ်တို့ရဲ့ လှုပ်ရှားမှုကို သတိမထားမိတော့မှာ . . . အိုင်ဗီ" ဟု ပြောပြီး စကားကို ခေတ္တဖြတ်လေ၏။

ပြီးမှ စုံထောက်မောင်လူလေးက . . .

"ဒေါ်မိမိကြီး ဒီရေမွှေးကို မသုံးစွဲဘူးလို့ ခိုင်ခိုင်မာမာ ပြောနိုင်တဲ့အချက်က ဒေါ်မိမိကြီးအခန်းထဲမှာ အဲဒီရေမွှေးပုလင်းမျိုး လုံးဝမတွေ့ရလို့ပဲ အိုင်ဗီ၊ ပြီးတော့ . . . မီးဖိုချောင်စားပွဲအောက်မှာ အိတ်ဆောင်မှတ်တမ်းစာအုပ်လေးတစ်အုပ်ကို တွေ့ရတယ်၊ လူသတ်သမားနဲ့ ဒေါ်မိမိကြီး ရှုန်းရင်းဆန်ခတ်ဖြစ် ိုး လူသတ်သမားထံက ကျကျန်ခဲ့တဲ့ မှတ်တမ်းစာအုပ်ပဲ၊ လူသတ်သမားစာအုပ်လို့ ခိုင်မာသွားတာက နိုင်ငံခြားအလုပ်ကန်တိုက်ကိုရောက်မှပဲ တိကျသွားတယ်၊ ေ ံအုပ်ထဲမှာ အလွန်ထူးဆန်းလျှို့ဝှက်တဲ့ စာကြောင်းတွေ အတိုကောက်ရေးထားတာ သိရတယ်၊ အဲမှတ်တမ်းကြည့်ရင် ဘာတွေမှန်းမသိနိုင်ဘူး၊ တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီး အဓိပ္ပာယ်ဖော်မှ ရနိုင်လိမ့်မယ်၊ ပြီးတော့ . . . အဲဒီမှတ်တမ်းစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြားထဲမှာပဲ စာရွက်အပိုင်းလေးတစ်ခုကိုထပ်တွေ့ရတယ်၊ ရော့...ဒိုင်ပီ၊ ဖတ်ကြည့်ပေတော့" ဟု ပြောပြီးစုံထောက်မောင်လူလေးက၎င်း၏အကျႌအိတ်ထဲမှ အပြာရောင်ပျော့၍ ဟောင်းနွမ်းနေသော မှတ်တမ်း စာအုပ်လေးကို ထုတ်ပေးလေ၏။

ထိုအခါ စုံထောက်ဦးပုညက ထိုမှတ်တမ်းစာအုပ်လေးကို စိတ်ဝင်တစားဖတ်လိုက်သည်။

မှတ်တမ်းစာအုပ်လေးထဲရှိ အကြောင်းအရာတို့မှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

ရစ်ဂျုန်း...ပထမ

စိန်ပွင့်... ဒုတိယ

တိုက်မောင်း ...တတိယ

(၄)ထပ်တူစားမည်၊

အလုံးစုံပြီးမြောက်သော်

ကျေးဇူးတော် သုမ္မရိပ်သာသို့၊

ဟူ၍ စကားလိမ်ဆန်ဆန် အရေးအသားမျိုးဖြင့် ရေးသားထားခြင်းဖြစ်၏။

သို့ဖြင့် စုံထောက်ဦးပုညသည် မှတ်တမ်းစာအုပ်လေးကြားရှိ စာရွက်လေးကို ဆက်ဖတ်လေရာ အောက်ပါအတိုင်းပင် ဖြစ်သည်။

www.burmeseclassic.com

ညီမ စန္ဒီ

အလုကုန်တိုက်က ထွက်ပြီး

အမြန်လာရှာပါ။ (ဒုတိယမမ)

အထက်ပါစာလေးက ထိုမျှသာဖြစ်သည်။

စုံထောက်ဦးပုညသည် ထိုစာ၏နေ့စွဲကို ကြည့်သောအခါ ယခုအချိန်နှင့် တွက်လျှင် သုံးလကျော်သာ ကြာမြင့်သေးကြောင်း သုံးသပ်မိ၏။

သို့ရာတွင် စုံထောက်ဦးပုညသည် အထက်ပါထိုစာကို နားလည် သလိုရှိသော်လည်း မှတ်တမ်းထဲရှိ စကားလိမ်ဆန်ဆန် စာများကိုတော့ မည်သို့မျှ ဆက်စပ်အဓိပ္ပာယ်ဖော်၍ မရနိုင်ပါချေ။

ထို့ကြောင့် မှတ်တမ်းစာအုပ်လေးနှင့် စာရွက်အပိုင်းလေးကို စုံထောက်မောင်လူလေးလက်ထဲ ပြန်ပေးလိုက်ပြီး...

"စာရွက်အပိုင်းလေးထဲက စာကို နားလည်သလိုလိုရှိပေမယ့် မှတ်တမ်းထဲက စာတွေကိုတော့ ကျုပ် ဘယ်လိုမှ အဓိပ္ပာယ် ဖော်မရဘူး. ..ကိုလူလေး၊ ကျုပ်ကို ရှင်းပြပါဦး" ဟု ဆိုလေ၏။

ထိုအခါ စုံထောက်မောင်လူလေး က...

"ဒီလိုရှိတယ်...အိုင်ပီ၊ မှတ်တမ်းစာအုပ်ထဲက ရစ်ဂျုန်း၊ စိန်ပွင့်၊ တိုက်မောင်းဆိုတာ လူနာမည်တွေဗျို့ ပထမ၊ ဒုတိယ၊ တတိယ လို့ ရေးထားတာကတော့ လူသတ်သမားဟာ ပထမဦးဆုံး မစ္စတာရစ်ဂျုန်းကို

www.burmeseclassic.com

www.burmeseclassic.com

သတ်မယ်ဆိုတဲ့သဘောပဲ၊ ဒုတိယဆိုတာ စိန်ပွင့်ကို ဒုတိယမြောက်အဖြစ် သတ်ဖို့ဦးတည်ချက်ပဲ၊ နောက်ဆုံးတတိယပစ်မှတ်ကတော့ တိုက်မောင်းဆိုတဲ့သူပဲ၊ ဒီအဖြေနဲ့တင် လူသတ်သမားဟာ မှတ်တမ်းစာအုပ်ထဲက အတိုင်း ပစ်မှတ်တစ်ခုကို အောင်မြင်သွားပြီးပြီ၊ နောက်ဆုံး တိုက်မောင်းဆိုတဲ့ပစ်မှတ် တစ်ခုပဲကျန်တော့တယ်" ဟု ရှင်းပြလေလျှင် စုံထောက်ဦးပုညက မျက်မှောင်ကြုတ်၍...

"အင်း...ကိုလူလေး ရှင်းပြမှပဲ ဟုတ်သလိုလိုရှိတော့ ရှိသွားပြီ၊ ဒါပေမဲ့ ...ကျုပ်စိတ်ထဲ ဘဝင်မကျတာက စိန်ပွင့်ဆိုတဲ့ ဒုတိယပစ်မှတ် ရယ်၊ ပြင်သစ်ရေမွှေးကို ဘာကြောင့် ရွေးသုံးရသလဲဆိုတဲ့ အချက်ရယ်ပဲ ကိုလူလေး၊ ကျုပ် သိပ်မရှင်းလို့ ပြောပြပါဦး" ဟု တောင်းဆိုလိုက်၏။

ထိုအခါ စုံထောက်မောင်လူလေးက နင်းဆီနက်တံဆိပ် စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိဖွာရှိုက်လိုက်ပြီး...

"အင်း ...ကျုပ် တစ်ခုချင်းရှင်းပြပါ့မယ်...အိုင်ပီ၊ စိန်ပွင့်ဆိုတာ ခု သေဆုံးသူ ဒေါ်မိမိကြီးရဲ့ ငယ်နာမည်အရင်းဗျ၊ သူ့အခန်းထဲက မှတ်ပုံတင်မှာ ဒေါ်စိန်ပွင့်ဆိုတဲ့ ငယ်နာမည်အရင်းကို တွေ့ခဲ့ရတယ်၊ ပြီးတော့... သူ့သားကို အမွေဖြတ်ကြော်ငြာမှာလဲ ဒေါ်စိန်ပွင့် (ခ) ဒေါ်မိမိကြီးဆိုပြီး တွေ့ရတယ်၊ ပြင်သစ်ရေမွှေးကို ဘာကြောင့်ရွေးပြီး သုံးစွဲခဲ့ရသလဲ ဆိုတော့ နည်းနည်းရှည်လိမ့်မယ်၊ ဒီလိုဗျ .. လူသတ်သမားသုံးစွဲတဲ့ ရေမွှေးနဲ့လို့ ကျုပ်သံသယဝင်ခဲ့တာက မစ္စတာရစ်ဂျုန်း သေဆုံးတုန်း

www.burmeseclassic.com

www.burmeseclassic.com


ကလဲ အဲဒီအနံ့ကို သူ့ကိုယ်ပေါ်က ရခဲ့တယ်၊ ခုဒေါ်မိမိကြီး သေဆုံးတဲ့ အခါမှာလဲ ဒီရေမွှေးနံ့ပဲ၊ ဒါကြောင့် လူသတ်သမားဟာ တစ်ယောက်တည်း ဖြစ်ကြောင်း သုံးသပ်မိတယ်၊ ပိုပြီး သေချာသွားတာက မှတ်တမ်းထဲမှာ "ရစ်ဂျန်း ပထမ" ဆိုတဲ့ စာကြောင်းပဲ...အိုင်ပီ၊ ဒါကြောင့် အဲဒီရေမွှေးနဲ့ ပတ်သက်ပြီး ကျုပ်ရဲ့အသိဆရာဝန်တစ်ဦးဆီကနေ သိထားတာတစ်ချက်ရှိတယ်၊ ဒီရေမွှေးဟာ အာလွန်ရှားပါးပြီး တန်ဖိုးလဲ ကြီးတယ်၊ ဒီရေမွှေး အကြောင်းကို သုံးဖူးပြီး ၁၁တဲ့လူတွေမှ ရွေးသုံးလေ့ရှိတယ်၊ အထူးသဖြင့် စိတ်အလွန်ထိခိုက်ပြီး နစ်ရှည်လများ ခံစားခဲ့ရတဲ့လူတစ်ယောက်မှာ အသက်ရှူကျပ်ပြီး ခေါင်းကိုက်ဝေဒနာကိုကြာရှည်ခံစားရမယ်၊ စိတ်တွေအရမ်းထိခိုက်လှုပ်ရှားနေတဲ့အချိန်မျိုး ခေါင်းကိုက်တာကို ခံစားရတယ်၊ အဲဒီရေမွှေးအနံ့ဟာ ခေါင်းကိုက်ဝေဒနာကို သက်သာပျောက်ကင်းစေတဲ့ ဓာတ်သတ္တုတစ်မျိုးပါဝင်နေတာကြောင့် ရွေးသုံးတာလို့သိရတယ်၊ ဒါကြောင့် လူသတ်သမားဟာ အဲဒီရေမွှေးကို ရွေးသုံးခဲ့တာ၊ စိတ်ကြောင့် ဖြစ်တဲ့ ဝေဒနာရှိတယ်ဆိုတာ သေချာသွားပြီ" ဟု ရှင်းပြပြီး စကားကိုခေတ္တဖြတ်လိုက်၏။

ပြီးမှ စုံထောက်မောင်လူလေးက စီးကရက်ကို ပြာခွက်ထဲ ထည့်လိုက်ပြီး...

"အဲဒီအချက်တွေကို ဆက်စပ်စဉ်းစားမိတဲ့အတွက် စာရွက်အပိုင်းထဲက စန္ဒီဆိုတဲ့နာမည်နဲ့ ဟိုရက်က ဗိုလ်ချုပ်ဈေးအလှ ကုန်တိုက်တွေမှာ သွားစုံစမ်းခဲ့တာပေါ့...အိုင်ပီ၊ သတင်းအစအန မရခဲ့ဘူး၊ အဲ...

www.burmeseclassic.com

www.burmeseclassic.com


ဒါပေမဲ့ ဒီရေမွှေးဟာ ရှားပါးပြီး နိုင်ငံခြားဖြစ်ဆိုတော့ ရန်ကုန်မြို့မှာ နိုင်ငံခြားအလှကုန်ပစ္စည်းတွေနဲ့ နာမည်ကြီးတာ ဦးတိတ်ဂွမ်းတို့ ကုမ္ပဏီတစ်ခုပဲရှိတာ သိရတယ်။ ဒါကြောင့် ...ဦးတိတ် ဂွမ်းနဲ့တွေ့ပြီး လွန်ခဲ့တဲ့သုံးလကျော်က စန္ဒီဆိုတဲ့မိန်းကလေးအလုပ်လုပ်ဖူးခဲ့သလားလို့ မေးမြန်းခဲ့တယ်မဟုတ်လား၊ ခု ...ဦးတိတ်ဂွမ်းဆီက ရတဲ့ သဲလွန်စနဲ့တင် မစ္စတာရစ်ဂျုန်းနဲ့ ဒေါ်မိမိကြီးကို သတ်တဲ့တရားခံဟာ စန္ဒီဆိုတဲ့ မိန်းကလေးဖြစ်ကြောင်း သေချာသွားပြီ၊ နို့မဟုတ်ရင် ... ဒီအမှုကို ဖော်ထုတ်ဖို့ လုံးဝမလွယ်ဘူး၊ ပိုပြီး ခိုင်မာသွားတဲ့အချက်တစ်ချက်က စန္ဒီဆိုတဲ့ မိန်းကလေးဟာ ဒီကုန် တိုက်မှာ အလုပ်လုပ်ဖူးတော့ ရေမွှေး တွေအကြောင်း ကောင်းကောင်းသိနေတယ်ဆိုတဲ့အချက်ပဲ၊ ဒါကြောင့် မစ္စတာရစ်ဂျုန်းကို သတ်ခဲ့တဲ့အချိန်မှာ အဲဒီရေမွှေးမှာ အဆိပ်နဲ့ရောပြီး သုံးခဲ့တယ်၊ အဲဒီရေမွှေးဟာ ဘယ်လောက်ပြင်းထန်တဲ့အဆိပ်ပဲ ဖြစ်ဖြစ် နာရီပိုင်း အတွင်းတော့ ထိန်းထားနိုင်တယ်" ဟု ရှင်းပြလေ၏။

ထိုအခါ စုံထောက်ဦးပုညက မျက်မှောင်ကြုတ်၍ တအံ့တဩ ဖြစ်သွားပြီး...

"ဒါဆိုရင် ... မစ္စတာရစ်ဂျုန်းသေတာ ဆရာဝန်ဆေးမှတ်တမ်း အရဦးနှောက်သွေးကြောပြတ်ပြီး သေတာ မဟုတ်ဘူးပေါ့၊ ဟုတ်လား... ကိုလူလေး" ဟုမေးမြန်းလိုက်ရာ စုံထောက်မောင်လူလေးက ခေါင်းညိတ် ၍...

www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပဲ . . . အိုင်ဝီ၊ ပြင်းထန်တဲ့အဆိပ်ကြောင့် ခန္ဓာကိုယ်ရှိ သွေးကြောတွေ ပြတ်ပြီးသေဆုံးရတာ" ဟု ရှင်းပြလေတော့၏။

ထိုအခါ စုံထောက်ဦးပုညက သက်ပြင်းချလိုက်ပြီး...

"အင်း...ခုအတိုင်းဆို လူသတ်သမားမိန်းကလေးဟာ အတော် ကလေး ရက်စက်တာပဲကိုး" ဟု မှတ်ချက်ချလိုက်ရာ စုံထောက်မောင် လူလေးက...

"ဒီလိုရက်စက်တယ်ဆိုတာလဲ အကြောင်းတွေရှိလို့ပေါ့...အိုင် ဝီရယ်၊ လူဆိုတာ . . . နာကြည်းမှုကြောင့် ဖြစ်ပေါ်စေတတ် တဲ့ ရက်စက် မှုဟာ သိပ်ကြောက်စရာအကောင်းဆုံးပဲ မဟုတ်လား" ဟု ကောက်ချက် ချလိုက်လေ၏။

ထို့နောက် စုံထောက်ဦးပုညက နောက်ထပ်သိလိုသေးသဖြင့်..

"ဒါနဲ့ ... (၄)ထပ်တူစားမယ်၊ အလုံးစုံပြီးမြောက်သော် ကျေးဇူး တော် သုဓမ္မရိပ်သာသို့ဆိုတာ ဘာအဓိပ္ပာယ်လဲဗျ၊ ရှင်းစမ်းပါဦး . . . ကို လူလေး" ဟု တောင်းဆိုလေရာ စုံထောက်မောင်လူလေးက တွေးဆဟန်ဖြင့် ...

"အဲဒီအဓိပ္ပာယ်က အလွယ်ကလေးပဲ၊ မစွတာရစ်ဂျန်း သေဆုံး တဲ့ (၁၃)ရက်နဲ့ ဒေါ်မိမိကြီး သေဆုံးတဲ့ (၂၂)ရက်ဟာ တိုက်ဆိုင်မှု မဟုတ်ဘူး၊ လေးဂဏန်းချည်း ထပ်တူကျနေတာ ကြည့်တော့၊ (၁၃)ကို

www.burmeseclassic.com

www.burmeseclassic.com


ပေါင်းကြည့်ရင် (၄)ဂဏန်းထွက်တယ်၊ (၂၂) ကို ပေါင်းကြည့်လဲ (၄) ဂဏန်းထွက်တယ်၊ ဒီတော့ . . . အဖြေဟာ (၄)ဂဏန်းကျတဲ့ရက်မှာ ပစ်မှတ်သုံးဦးစလုံးကို လက်စားချေသတ်မယ်ဆိုတဲ့အဖြေထွက်တယ်ဗျ။ အလုံးစုံပြီးမြောက်သော် ကျေးဇူးတော် သုမ္ဗရိပ်သာသို့ဆိုတာ ဘာသာရေးနဲ့ ဒါမှမဟုတ် လူမှုရေးနဲ့ ဆက်နွယ်တဲ့ နေရာတစ်ခုခုကို ညွှန်ပြထားတာလို့ထင်တယ်...အိုင်ပီ" ဟု ရှင်းပြလာလေ၏။

ထိုအခါ စုံထောက်ဦးပုညမှာ အဖြေရှင်းခနဲ လင်းခနဲဖြစ်သွားပြီး ခေါင်းတဆတ်ဆတ်ညိတ်ရင်းမှ ...

"ဟာ ...ဒါဆို နောက်ဆုံးပစ်မှတ် တိုက်မောင်းဆိုတဲ့လူဟာ လာမယ့် (၃၁)ရက်နေ့မှာ အသတ်ခံရတော့မှာပေါ့" ဟု ရေရွတ်လိုက်ရာ စုံထောက်မောင်လူလေးက ခေါင်းညိတ်၍...

"အမှန်ပဲ အိုင်ပီ၊ ရှေ့တစ်ပတ် (၃၁)ရက်နေ့ဟာ တိုက်မောင်းဆိုတဲ့လူရဲ့အလှည့်ပဲ၊ ဒီလူအသတ်မခံရခင် ကျုပ်တို့ဘက်က လက်ဦးမှုရမှ လူသတ်သမားကို ဖမ်းဆီးနိုင်မှာ ... အိုင်ပီ" ဟု ပြောဆိုလိုက်၏။

ထိုအခါ စုံထောက်ဦးပုညက စိတ်မသက်သာဟန်ဖြင့် သက်ပြင်းချကာ...

"ခက်တာက . . . တိုက်မောင်းဆိုတဲ့လူနာမည်တွေဟာ မြန်မာပြည်မှာအများကြီးပဲ၊ ဒီလောက်များတဲ့ တိုက်မောင်းတွေ ဘယ်မှာသွားရှာရမလဲ...ကိုလူလေး" ဟုရေရွတ်လိုက်လေရာ စုံထောက်မောင်လူလေးက

www.burmeseclassic.com

www.burmeseclassic.com


"ဒါပေမဲ့…မပူပါနဲ့ အိုင်ပီ၊ ဒီအမှုကို ကျုပ်ရအောင်ဖော်ထုတ်မှာပါ" ဟု စိတ်အားထက်သန်စွာ ပြောဆိုလိုက်၏။

ထို့နောက် စုံထောက်ဦးပုညသည် စုံထောက်မောင်လူကလေးအား နှုတ်ဆက်၍ ပြန်ခဲ့သည်။

အိမ်သို့ရောက်သောအခါ ဇနီးဖြစ်သူ ထားက ၎င်းပြန်အလာကို စောင့်မျှော်နေကြောင်း တွေ့ရလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com


(၈)

ထို့နောက် စုံထောက်မင်းကြီးသည် ဒေါ်မိမိကြီးအမှုနှင့်ပတ်သက်၍ ဖိအားပေးသဖြင့် အင်းစိန် စီအိုင်ဒီရုံးရှိ စုံထောက်များမှာ ပျာယာခတ်လျက်ရှိ၏။

အဆိုးဆုံးမှာ...စုံထောက်ဂျမတာတို့အဖွဲ့ဖြစ်သည်။ စုံထောက်ဂျမတာတို့အဖွဲ့သည် တရားခံအဖြစ်ဖမ်းဆီးထားသော သေဆုံးသူ ဒေါ်မိမိကြီး၏ လူယုံတစ်ဦးလည်းဖြစ်၊ မွေးစားမောင်လည်း ဖြစ်သော ဦးမာဒင်ကို ရိုက်နှက်စစ်ဆေးနေခြင်းကြောင့်ပင်။ စုံထောက်မင်းကြီးက ဖိအားပေးလေလေ၊ တရားခံဦးမာဒင်အားရိုက်နှက်စစ်ဆေးလေလေဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ဂျမတာသည် စစ်ဆေးမေးမြန်း၍ မရသော ဦးမာဒင်ကို ပို၍ဒေါကန်သွားပြီး...

"ခင်ဗျား ဒေါ်မိမိကြီးကို သတ်တာ ဝန်ခံမလား၊ ဝန်မခံဘူးလား၊ ဝန်မခံရင် ငရဲပြည်ပို့ပစ်မယ်" ဟု ခြိမ်းခြောက်လေ၏။

ထိုအခါ ဦးမာဒင်သည် ဒဏ်ရာဗရပွနှင့် မည်းမျှပင်နာကျင်စေကာမူ ဝန်ခံပုံမရဘဲ ကြိတ်မှိတ်ခံပြီး နှုတ်ဆိတ်နေလေ၏။

ထို့ကြောင့် စုံထောက်ဂျမတာမှာ ပို၍ စိတ်မရှည်ဖြစ်ကာ ဦးမာဒင်အား ခြေထောက်ဖြင့် ဆောင့်ကန်လိုက်ပြီး...

"ခင်ဗျား ခေါင်းမာလှချည်လား၊ ကဲ...ခင်ဗျား ဘယ်လောက် ခေါင်းမာသလဲ ကြည့်ရအောင်" ဟု ပြောဆိုကာ နံပါတ်ကုတ်ကိုကိုင် မြှောက်လိုက်လေ၏။

ထိုအချိန်မှာ စုံထောက်မောင်လှုကဖလေးသည် အခန်းတံခါး ဖွင့်၍ ဝင်ရောက်လာပြီး...

"ခင်ဗျား လုပ်ရပ်တွေကို ရပ်လိုက်ပါတော့...ဂျမတာ၊ တရားခံ တစ်ဦးအပေါ် အတိုင်းထက်အလွန် ကျွဲရိုက်၊ နွားရိုက် စစ်မေးတာ လမ်းစဉ် မညီညွတ်ဘူး" ဟု ရဲဝံ့စွာ တားမြစ်လိုက်လေ၏။

ထိုအခါ စုံထောက်မောင်လှုလေးကို ၎င်းတို့၏ အလုပ်အား ဝင်ရောက်နှောင့်ယှက်သည်ဟု အထင်ရှိသွားပြီး စုံထောက် ဂျမတာသည် မကျေနပ်သော အမူအရာဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ...ကျုပ်တို့စုံထောက်တွေ တရားခံတစ်ဦးအပေါ် လုပ်ပိုင်ခွင့်ပဲ ...ကိုလှုလေး၊ ကျုပ်တို့ ဖမ်းဆီးထားတဲ့တရားခံကို အမှု မပေါ်ပေါ်အောင်တော့ စစ်ဆေးရမှာပဲ၊ ခင်ဗျား မနှောင့်ယှက်ပါနဲ့" ဟု ပြောဆိုလေရာစုံထောက်မောင်လှုလေးသည် စုံထောက်ဂျမတာကို လွန်စွာမှအထင်သေးစွာကြည့်၍...

"ကောင်းပြီ...ဂျမတာ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ လူသတ်တရားခံအစစ်ကို ကျုပ်ဖမ်းလာနိုင်တဲ့အချိန်မှာ အပြစ်မရှိတဲ့ တရားခံတစ်ဦးအပေါ် ညှဉ်းပန်းနှိပ်စက်မှုနဲ့ ခင်ဗျားတို့စုံထောက်တွေကိုပြန်အရေးယူရလိမ့်မယ်" ဟု ပြောင်ပြောင်တင်းတင်း ပြောဆိုလိုက်သဖြင့်စုံထောက်ဂျမတာတို့အဖွဲ့မှာ မျက်လုံးမျက်ဆံပြူးပြီး စုံထောက်မောင်လှုလေးအား အံ့သြစွာကြည့်လိုက်ကြ၏။ စုံထောက်ဂျမတာက မျက်စိမျက်နှာပျက်၍...

"ကိုလှုလေးက ဒီလူကို တရားခံအစစ်မဟုတ်ဘူးလို့ဆိုရင်အာမခံနိုင်သလား" ဟု မေးမြန်းလိုက်လေ၏။

"သိပ်ခံနိုင်တာပေါ့...ဂျမတာ၊ ဒီရက်အတွင်း တရားခံအစစ်ကိုကျုပ်ကိုယ်တိုင် လက်ထိပ်ခတ်ပြမယ်" ဟု ပြောဆိုလိုက် သဖြင့် စုံထောက်ဂျမတာတို့အဖွဲ့ ငြိမ်ကုပ်သွားကြလေတော့၏။

ထိုအချိန်မှာ စုံထောက်ဦးပုညလည်း တစ်လျှောက်လုံး ရင်မောခဲ့သမျှ အလုံးကြီးကျ၍ ဟင်းချသွားနိုင်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စုံထောက်မောင်လူလေးသည် စုံထောက်များရှိရာ ရုံးခန်းထဲမှ ထွက်ခွာသွားလေသည်။

သို့ဖြင့် စုံထောက်ဦးပုညသည်လည်း စုံထောက်မောင်လူလေး နောက်သို့ အမီလိုက်ခဲ့လေတော့၏။

ထိုသို့ဖြင့် စုံထောက်ဦးပုညသည် စုံထောက်မောင်လူလေးကို မီသော်လည်း မည်သည့်စကားမျှမဆိုဖြစ်ဘဲ စုံထောက် မောင်လူလေး နောက်သာ လိုက်ခဲ့လေသည်။

ထိုစဉ်မှာပင် စုံထောက်မောင်လူလေးက...

"ကျုပ်တို့ ကာကာဆိုင်မှာ ကော်ဖီသောက်ရအောင်...အိုင်ပီ" ဟု ပြောဆိုလေရာ စုံထောက်ဦးပုညသည် ခုရက်ပိုင်း အတွင်း ဒေါ်မိမိကြီး အမှုနှင့် ပတ်သက်ပြီး စုံထောက်မင်းကြီးမှ ဆူပူကြိမ်းမောင်းသဖြင့် လွန်စွာမှ ဦးနှောက်ခြောက်လှ၍ ကော်ဖီကြိုက်သော်လည်း သောက်ချိန်မရခဲ့ချေ။ ဟိုပြေးဒီလွှားပြု ခဲ့ရလေ၏။

ခုမှ အကြိုက်သောက်တော့မည်ဟု တွေးကာ စုံထောက်မောင်လူလေးနှင့်အတူလိုက်၍ ကာကာဆိုင်ထဲ သို့ ဝင်ထိုင်လိုက် ကြပြီး စုံထောက်မောင်လူလေးက...

"ထုံးစံအတိုင်း ကော်ဖီနှစ်ခွက်ပေး" ဟု ရင်းနှီးနေသော စားပွဲထိုးကောင်လေးကို မှာလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မကြာမီမှာ မှာထားသော ကော်ဖီခွက်များ လာချပေးသဖြင့် စုံထောက်မောင်လူလေးက တစ်ငုံသောက်ပြီး ပြန်ချထားလိုက်သည်။

ပြီးနောက် စုံထောက်မောင်လူလေးသည် ၎င်း၏အမူအကျင့်အတိုင်း တစ်စုံတစ်ရာကို စူးစူးစိုက်စိုက် စဉ်းစားတွေးတော နေဟန်ကို တွေ့ရသဖြင့် စုံထောက်ဦးပုညသည် အလိုက်တသိပင် နှုတ်ဆိတ်နေလေ၏။

သို့ရာတွင် စုံထောက်ဦးပုညသည် ခုန စုံထောက်မောင်လူလေး ပညာပေးခဲ့သော စုံထောက်ဂျမတာတို့အဖွဲ့ကို ပြန်တွေးပြီး ကျေနပ်နေ၏။

သို့သော် စုံထောက်မောင်လူလေးက ခုရက်ပိုင်းအတွင်း လူသတ်တရားခံအစစ်ကို လက်ထိပ်ခတ်ခေါ်လာပြမည်ဆိုခြင်း အတွက် ပူပန်နေရသည်။

အကြောင်းမှာ . . . လူသတ်တရားခံ၏ သဲလွန်စများကို လုံလုံလောက်လောက် ရရှိထားသော်လည်း မထင်မှတ်သော အချိန်တွင် လူသတ်တရားခံ၏ကွင်းဆက်က ပြတ်သွားသဖြင့် စုံထောက်မောင်လူလေးကိုယ်တိုင် အခက်တွေ့နေခြင်းကို သတိထားမိခြင်းကြောင့် ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


သို့သော်လည်း …စုံထောက်မောင်လူလေးသည် ထိုအမှုနှင့် ပတ်သက်၍ သွေးအေးနေနိုင်သလောက်၊ စုံထောက်ဦးပုညမှာမူ လူသတ်သမားနောက်ဆုံးပစ်မှတ်ထားရာ (၃၁)ရက်နီးကပ်လာလေလေ ရင်လေးလာလေလေဖြစ်၏။

သို့ဖြင့် …စုံထောက်ဦးပုညသည် မနေသာတော့ဘဲ လူသတ်တရားခံအား မည်သို့ဖမ်းပြမလဲဆိုသည်ကို သိလိုသဖြင့် စုံထောက်မောင်လူလေးအား မေးမြန်းရန် ချောင်းဟန့်လိုက်လေ၏။

ထိုအခါ လူတို့၏ သဘောကို လွန်စွာမှ ပါးနပ်သိနိုင်သော စုံထောက်မောင်လူလေးက ပြုံး၍…

"ဘာလဲ…အိုင်ပီ၊ လူသတ်တရားခံကို ကျုပ်မဖမ်းနိုင်မှာ စိုးရိမ်နေတာလား" ဟု အေးဆေးစွာ မေးမြန်းလာလေ၏။

ထိုအခါ စုံထောက်ဦးပုညက ၎င်း၏ စိတ်တွင်း ဖြစ်ပေါ်နေမှုကို ထိုးထွင်းသိနိုင်သော စုံထောက်မောင်လူလေးအား အထင် ကြီးလေးစားစွာ ကြည့်၍…

"ဒီလိုတော့လဲ မဟုတ်ပါဘူး… ကိုလူလေး၊ ဒီအမှုကို ကိုလူလေး မရရအောင်ဖော်ထုတ်နိုင်မယ်ဆိုတာ ယုံကြည်ပါတယ်၊ ဒါပေမဲ့…လူသတ်တရားခံနဲ့ ပတ်သက်ပြီး နောက်ဆုံးပစ်မှတ်ထားတဲ့ တိုက်မောင်းဆိုတဲ့ လူကို ခုချိန်အထိ ဖြူသလား၊ မည်းသလားမသိနိုင်သေးတော့ ကျုပ်စိုးရိမ်နေတာ အမှန်ပဲ" ဟု မှတ်ချက်ချလေရာ စုံထောက်မောင်လူလေးက ခေါင်းညိတ်၍…

www.burmeseclassic.com

www.burmeseclassic.com


"မပူပါနဲ့...အိုင်ပီ၊ ကျုပ်တို့အတွက် အခွင့်အရေး သုံးရက်ဆိုတဲ့အချိန် ကျန်ပါသေးတယ်" ဟု ပြောလာသော်လည်း စုံထောက်ဦးပုညမှာ မည်သို့မျှ စိတ်မအေးရချေ။

ထို့နောက် စုံထောက်ဦးပုညက...

"ကိုလူလေး...ဂျမတာတို့အဖွဲ့ကို ပညာကောင်းကောင်းပေးခဲ့တာ ကျုပ်တော့ ကျေနပ်တယ်ဗျို့" ဟု ပြောဆိုလိုက်၏။

ထိုအခါ စုံထောက်မောင်လူလေးက မည်သို့မျှ မထူးခြားသော အမူအရာဖြင့်...

"အိုင်ပီ...ဒီည ရေကျော်ဘက်မှာ ရွှေလွန်းပျံဆက်ကပ် အဖွဲ့တင်ဆက်မှာ နောက်ဆုံးညလို့ သိရတယ်၊ ကျုပ်တို့သွားကြည့် ရအောင်ဗျာ" ဟု ဆိုလာသဖြင့် စုံထောက်ဦးပုညမှာ မျက်လုံးပြူးသွားလေ၏။

အကြောင်းမှာ စုံထောက်မောင်လူလေးသည် ဤမျှအမှုကိစ္စအတွက် အရေးကြီးသောအချိန်မှာပင် သွေးအေးလှစွာ ဆက်ကပ်ကြည့်ရန် ပြောဆိုလာနိုင်ခြင်းကြောင့် ဖြစ်လေ၏။

စုံထောက်မောင်လူလေးနှင့် တွဲလာခဲ့သော သက်တမ်းတစ်လျှောက် စုံထောက်ဦးပုညမှာ ထိုကဲ့သို့ လက်ဖျားခါ အံ့ဩခဲ့ရသော အကြိမ်ပေါင်းသည် မနည်းခဲ့ချေ။

ခုလည်း စုံထောက်မောင်လူလေးအား လက်ဖျားခါ အံ့ဩရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ . . . စုံထောက်ဦးပုညသည် ငယ်စဉ်ကတည်းက မျက်လှည့်တို့၊ ဆပ်ကပ်တို့ကို လွန်စွာမှကြိုက်နှစ်သက်လှပြီး အလွတ်ပေးလေ့မရှိသဖြင့် မငြင်းတော့ဘဲ စုံထောက်မောင်လူလေးနှင့်အတူ လိုက်ပါခဲ့လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com


(၅)

ဤသို့ဖြင့် စုံထောက်မောင်လူလေးနှင့် စုံထောက်ဦးပုညသည် ရေကျော်ရှိ ရွှေလွန်းပျံဆပ်ကပ်အဖွဲ့ကြီး တင်ဆက်ပြသရာသို့ ရောက်ရှိသွားကြ၏။

ရုံပြည့်ရုံလျှံ လာရောက်ကြည့်ရှုသူများကို တွေ့ရပြီး၊ ထိုပွဲမှာ ကျောင်းရန်ပုံငွေပွဲဖြစ်ကြောင်း သိရလေ၏။

ရွှေလွန်းပျံဆပ်ကပ်အဖွဲ့ကြီးသည် မိန်းကလေးချည်းတင်ဆက်သော အဖွဲ့ကြီးဖြစ်သဖြင့် လူတိုင်း စိတ်ဝင်စားကြ၏။

ထို့ကြောင့် ရုံပြည့်ရုံလျှံအားပေး၍ ရွှေလွန်းပျံဆပ်ကပ်အဖွဲ့ကြီးထဲမှ မိန်းကလေးများကို ဘယ်လိုမိန်းကလေးမျိုးလဲ ဟူ၍ အထူးစိတ်ဝင်စားခဲ့ကြခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

ရွှေလွန်းပျံဆပ်ကပ်အဖွဲ့ကြီးထဲမှာ မြန်မာပြည်တွင် လွန်စွာမှ လူသိများ ကျော်ကြားလှသည်ဖြစ်ရာ စုံထောက်ဦးပုညမှာ ထိုပွဲမျိုးကို ကြည့်ခွင့်ရခြင်းအတွက် စုံထောက်မောင်လူလေးကိုလည်း စိတ်ထဲမှ ကျေးဇူးတင်နေမိ၏။

သို့ဖြစ်၍ ...မကြာခင်မှာ ရွှေလွန်းပျံဆပ်ကပ်အဖွဲ့ကြီး တင်ဆက်ပြသတော့မည်ဖြစ်ကြောင်း ကြေညာလေ၏။

ထို့နောက် လူအများ စောင့်မျှော်နေသော ရွှေလွန်းပျံ ဆပ်ကပ် အဖွဲ့ကြီးမှာ ပရိသတ်ရှေ့မှောက်ရောက်ရှိကာပြသတင်ဆက်ပါလေတော့သည်။

ရွှေလွန်းပျံဆပ်ကပ်အဖွဲ့၏ မိန်းကလေးများမှာ ထင်ထားသည် ထက် ပိုမိုသွက်လက်လှုပ်ရှားနိုင်ပြီး အံ့ဩရင်ထိတ်ဖွယ် ဆပ်ကပ် ပညာရပ်များကို တင်ဆက်နိုင်သဖြင့် ပရိသတ်ထံမှ လက်ခုပ်ဩဘာသံ တဖြောင်းဖြောင်းပေးကာ တဝေါဝေါ အားပေးကြကြောင်း တွေ့ရလေ၏။

ထိုမိန်းကလေးများ ပြသတင်ဆက်သော ကောင်းကင်ကျွမ်း ဘား၊ ကြိုးတန်းလမ်းလျှောက်၊ ပန်းပွားအကၤ၊ စက်ဘိုင်းဓားပေါက်၊ မီးတောက်ကကြိုးကကွက်များအနက် ကောင်းကင်ကျွမ်းဘားနှင့် စက် ဘိုင်းဓားပေါက်ပြကွက်များကို ပိုမိုနှစ်သက်ကြလေ၏။

ထိုအချိန်၌ စုံထောက်မောင်လူလေးသည် ကြည့်ရှုအားပေးနေရာမှ ဘာမပြောညာမပြောနှင့် ထိုင်နေရာမှ ထွက်ခွာသွား လေ၏။

www.burmeseclassic.com

www.burmeseclassic.com


ပြီးနောက် ကွမ်းတစ်ယာညက်ခန့်အကြာတွင်ပြန်ရောက်လာပြီး...

"အိုင်ပီ ... ကျုပ်တို့ ပြန်ကြရအောင်" ဟု ပြောဆိုလာသဖြင့် စုံထောက်ဦးပုညသည် ဆပ်ကပ်ကို မကြည့်ရသည်မှာ ကြာပြီ ဖြစ်၍ အာရုံနစ်မျောပြီး ပြန်ချင်စိတ်မရှိသေးသော်လည်း စုံထောက်မောင်လူလေးက ပြန်မည်ဆိုသဖြင့် မထချင် ထချင်နှင့် နေရာမှထ လိုက်ရသည်။

ထို့ကြောင့် စုံထောက်ဦးပုညက မကျေနပ်သော အမူအရာဖြင့်.

"ပွဲက ကြည့်ကောင်းနေမှ ...ကိုလူလေးရာ၊ ကျုပ်ဖြင့် မပြန်ချင်သေးဘူး" ဟု အထွန့်ထပ်တက်လိုက်လေရာ စုံထောက်မောင်လူလေးက လွန်စွာမှ နားလည်ရခက်သောလေသံဖြင့်...

"လာပါ... အိုင်ပီရာ၊ ခင်ဗျား မသေသေးသရွေ့ မြန်မာတစ်ပြည်လုံးမှာ ရှိသမျှဆပ်ကပ်တွေရှာပြီးကြည့်လို့ရပါတယ်" ဟု ပြောဆိုလေ၏။

ထိုအခါ စုံထောက်ဦးပုညသည် စုံထောက်မောင်လူလေးတွင် တစ်စုံတစ်ရာကိစ္စပေါ်လာပြီဟု အတွေးဝင်ကာ ဘာမျှ မေးမြန်းခြင်း မပြုတော့ဘဲ စုံထောက်မောင်လူလေး မောင်းနိုင်းရာနေရာသို့ ကားကိုအမြန်မောင်းနှင်ခဲ့လေတော့၏။

ဤသို့ဖြင့် ၎င်းတို့ မောင်းနှင်ဦးတည်လာသောနေရာကား အင်းစိန် ခဝဲခြံဘက်သို့ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


သို့ဖြင့် ခြံကြီးတစ်ခြံရှေ့သို့အရောက်တွင် စုံထောက်မောင်လူလေးက ကားကို အတင်းရပ်မိုင်းပြီး ဆင်းလေ၏။

ထို့နောက် သော့ခတ်ထားသော ခြံတံခါးကို ကြည့်၍ စုံထောက်မောင်လူလေးက...

"ကျုပ်ထင်တဲ့အတိုင်း လူသတ်သမားရဲ့သဲလွန်စက လွတ်သွားပြန်ပြီဗျို့" ဟု ရေရွတ်လေရာ ထိုအခါ စုံထောက်ကြီး ဦးပုညကအံ့ဩနားမလည်ဟန်ဖြင့်...

"ဘယ်လိုကြောင့်လဲ၊ ကျုပ်တော့ ဘာမှနားမလည်တော့ဘူး... ကိုလူလေး" ဟု ရေရွတ်လိုက်၏။

ထိုအခါ စုံထောက်မောင်လူလေးက သက်ပြင်းချ၍...

"ဆပ်ကပ်ထဲမှာ မိန်းကလေးတစ်ယောက်ရဲ့ ကကွက်ကဟန်နဲ့ လှုပ်ရှားမှုက အလွန်ထူးခြားတယ်ဗျ၊ စက်ဝိုင်းဓားပေါက် တင်ဆက်တဲ့အချိန်မှာ မိန်းကလေးရဲ့အာရုံဟာ တစ်ချက်လွဲသွားတဲ့အတွက် ကံသီလို့ စက်ဝိုင်းပေါ်က မိန်းကလေးကို အန္တရာယ် မဖြစ်တာ၊ ဘာကြောင့်လဲ အဖြေရှာတော့ ဓားပေါက်တဲ့မိန်းကလေးဟာ လျှပ်တစ်ပြက် ခေါင်းတစ်ဖက်စောင်းသွားတာ သတိထားမိတယ်၊ နောက်ဆုံး ဓားတစ်ချောင်းကို မပေါက်နိုင်တော့ဘဲ ဇာတ်စင်နောက် ဝင်သွားတာတွေ့တယ်၊ ဒါကြောင့် ကျုပ်ချက်ချင်း နေရာက ထွက်သွားပြီး ဇာတ်စင်နောက်ကနေ အထဲကို ဝင်ခဲ့တယ်၊ ဝင်ဝင်ချင်းမှာပဲ လူသတ်သမားသုံးတဲ့ ရေမွှေးနံ့ကို ကျုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်၊ ဒါကြောင့် အဲဒီမိန်းကလေးကို လှည့်ပတ်ရှာပေမယ့် မတွေ့တော့ဘူးအိုင်ပီ၊ ဒါနဲ့ .. ခုနမိန်းကလေးနဲ့ပတ်သက်လို့ ဆက်ကပ်တာဝန်ခံဆီမှာ စုံစမ်းပြီး ခုလိုလိုက်ခဲ့တယ်၊ ဒါပေမဲ့ မိန်းကလေးဟာ အခြေအနေကို ကြိုသိတော့ ကျုပ်တို့ခုလိုလွဲသွားတာပဲ...အိုင်ပီ" ဟုရှင်းပြလာတော့၏။

ထို့နောက် စုံထောက်မောင်လူလေးနှင့် စုံထောက်ဦးပုညတို့သည် အင်းစိန် ခဝဲခြံမှ ကားမောင်း၍ ပြန်ခဲ့ကြလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com



(၃၁)

ထို့နောက် စုံထောက်မောင်လူလေးသည် ဒေါ်မိမိကြီးအမှုနှင့် ပတ်သက်၍ စုံထောက်မင်းကြီးထံတွင် အစီရင်ခံစာတင်ရန် ရုံးသို့မသွားဘဲ ရှိခဲ့သလို၊ စုံထောက်ဦးပုညကိုလည်း အဆက်အသွယ်မပြုခဲ့ချေ။

ထို့ကြောင့် စုံထောက်ဦးပုညသည် စုံထောက်မောင်လူလေး အတွက် လွန်စွာမှစိတ်ပူနေခဲ့မိ၏။

လူသတ်တရားခံကိုမိခါနီးမှ သီသီကလေးလွတ်မြောက်သွား သဖြင့် စုံထောက်ဦးပုညမှာ မကျေမနပ်ဖြစ်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

စုံထောက်မောင်လူလေးသည် ထိုအမှုကိုလိုက်ရသည်မှာ အခါတိုင်းအမှုတွေထက် လွန်စွာမှ ပင်ပန်းခဲ့သလို၊ လွန်စွာမှ လည်းဦးနှောက်ခြောက်ရကြောင်း စုံထောက်ဦးပုညကိုယ်တိုင်သိရှိထားသဖြင့် ၎င်း၏မိတ်ဆွေကြီးစုံထောက်မောင်လူလေး အတွက် ရတက်မအေးဖြစ်ရသည်။

ခုရက်ပိုင်းအတွင်းအဆက်အသွယ်မပြုလုပ်ခြင်းကိုထောက်ဆခြင်းအားဖြင့် စုံထောက်မောင်လူလေးတစ်ယောက် လွန်စွာမှ အလုပ်များလျက်ရှိကြောင်း သုံးသပ်မိလေ၏။

သို့သော်ထိုအမှုကို သဲသဲကွဲကွဲမသိရသေးသလိုသူရိယ၊ သံတော်ဆင့်၊ မြန်မာ့အလင်း၊ သူကြီးဂေဇက် စသည့် သတင်းစာ ကြီးများကပင် အင်းစိန်စီအိုင်ဒီမှ စုံထောက်များနှင့် မြန်မာပြည်တွင်လွန်စွာမှ နာမည်ကျော်ကြားလှသော စုံထောက်မောင်လူလေး ကိုယ်တိုင်လက်လျှော့ရတော့မည်ဖြစ်သော အင်းလျားကန်အနီးမှ စိန်ကုန်သည် ဒေါ်မိမိကြီးသေဆုံးမှု ဟူ၍ ခေါင်းစဉ်တပ်ကာ အပြိုင် အဆိုင် ရေးသားဖော်ပြကြလေ၏။ လူသတ်သမားကတော့ ထိုသတင်းစာကြီးများကို ဖတ်ရှု၍လွန်စွာမှ လှောင်ပြောင်နေပေလိမ့်မည်။

သို့ရာတွင် ...စုံထောက်မောင်လူလေးသည် လွယ်လွယ်နှင့် အလျှော့ပေးတတ်သူမဟုတ်သူ ဟူ၍လည်းကောင်း၊ ဖော် ထုတ်သော အမှုတိုင်း မပေါ်ရိုးထုံးစံမရှိ ဟူ၍လည်းကောင်း ခက်ခက်ခဲခဲလိုက်ရပြီး၊

www.burmeseclassic.com

www.burmeseclassic.com

အနားကပ်ခါနီးမှ သူခိုး၊ ဓားပြများကိုလက်ထိပ်ခတ်နိုင်စွမ်းသူ ဟူ၍လည်းကောင်း၊ တွေးတောကာ စုံထောက်မောင်လူလေးကိုယ်စား စုံထောက်ဦးပုညမှာ ပြန်အားမွေးနေရလေ၏။

သို့ဖြင့် စုံထောက်ဦးပုညသည် စုံထောက်မောင်လူလေးအား ညနေစောင့်အချိန်ထိတိုင် စောင့်ဆိုင်းနေခဲ့သော်လည်း စုံထောက်မောင်လူလေး၏ အရိပ်အခြည်မျှပင် မတွေ့ရဘဲရှိလေသဖြင့် စုံထောက်ဦးပုညသည် စုံထောက်မောင်လူလေး နေထိုင်ရာဝါးတန်းလေးရှိ နေအိမ်တိုက်ခန်းသို့ သွားရောက်ရန် ဆုံးဖြတ်လိုက်၏။

သို့သော် ထိုကဲ့သို့ မသွားရောက်၍လည်း မဖြစ်တော့ချေ။ ထိုနေ့ကား လူသတ်သမား တတိယမြောက်အဖြစ် ပစ်မှတ် ထားသော (၃၁)ရက်နေ့ပင် ဖြစ်လေ၏။

ဤည (၁၀း၀၀)နာရီအချိန်တွင် လူသတ်သမားသည် နောက်ထပ်လူတစ်ဦးကို သတ်၍စီအိုင်ဒီမှ စုံထောက်များကိုအရုပ်ကဲ့သို့ သဘောထား၍ လွတ်မြောက်သွားပေတော့မည်ဖြစ်၏။

စုံထောက်မောင်လူလေးသည် ဘာလုပ်နေသနည်း။ လူသတ်သမားအား ဖမ်းဆီးနိုင်ရန် မည်သို့တွေးတော ကြံဆနေသနည်း။ သို့မဟုတ်လူသတ်သမား၏ သဲလွန်စအား ရှာမရနိုင်တော့၍ အခက်တွေ့နေပြီလော။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တွေးတောမှုပြန်ရင်း စုံထောက်ဦးပုညသည် စုံထောက်မောင်လှလေးနေထိုင်ရာတိုက်ခန်းသို့ ရောက်ရှိသွားလေ တော့၏။

ထိုအချိန်၌ စုံထောက်မောင်လှလေးသည် ပက်လက်ကုလားထိုင်၌ထိုင်၍တစ်စုံတစ်ရာကိုစဉ်းစားတွေးတောနေကြောင်းတွေ့ရလေ၏။

အခန်းတံခါးကို မပိတ်ဘဲထားသဖြင့် စုံထောက်ဦးပုညသည် အသာဝင်ရောက်သွားလေရာ စုံထောက်မောင်လှလေးက ၎င်းအား တွေ့သောအခါ...

"လာဗျို့... အိုင်ပီ၊ ကျုပ်ဆီကို အိုင်ပီမဖြစ်မနေရောက်လာမယ်ဆိုတာ သိလို့ တံခါးဖွင့်ပြီး စောင့်နေတာ" ဟု ဆီးပြောလေ၏။

ထိုအခါ စုံထောက်ဦးပုညက စုံထောက်မောင်လှလေးအား မကျေမနပ်ကြည့်လိုက်ပြီး...

"ကိုလှလေးက ဒီလေသံမျိုးနဲ့ ကျုပ်ကို ပြောနိုင်သေးတယ်၊ ဒီရက်အတွင်း ကျုပ်ဘယ်လောက် ခေါင်းခြောက်နေတယ် မှတ်လဲ" ဟု ပြောလိုက်ရာ၊ ထိုအခါ စုံထောက်မောင်လှလေးက ၎င်း၏အမူအရာ အတိုင်းလွတ်လပ်စွာရယ်မော၍...

"ဒါများ ဘာခက်လို့လဲ ... အိုင်ပီရယ်၊ ခေါင်းခြောက်ရင် ဖရဲလောင်းချိုးလိုက်ပေါ့ဗျာ" ဟု ပြောဆိုလေတော့၏။

ထိုအခါ စုံထောက်ဦးပုညမှာ ပို၍ မခံချင်ဖြစ်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ရယ်နိုင်သေးတယ်ပေါ့…ဟုတ်လား ကိုလူလေး၊ ဒီည လူသတ်သမားကို မဖမ်းမိရင် စုံထောက်မောင်လူလေး ဆိုတဲ့ နာမည် ရေစုန်မျောရပြီဆိုတာ မတွေးမိဘူးလား …ကိုလူလေး" ဟုဆိုလိုက်သဖြင့် စုံထောက်မောင်လူလေးက ခေါင်းယမ်း၍…

"ခေါင်းအေးအေးထားစမ်းပါ…အိုင်ဝီ၊ ကျုပ်ဖြင့်စိတ်မပူပါဘူး၊ ဒီမှာ…အိုင်ဝီ၊ ခု ဘယ်အချိန်ရှိပြီလဲကြည့်လိုက်စမ်း" ဟုမေးလိုက်လေ၏။

ထိုအခါ စုံထောက်ဦးပုညက စုံထောက်မောင်လူလေး၏ တိုက်အတွင်းခန်းရှိ တိုင်ကပ်နာရီဆီသို့အကြည့်ရောက်သွားပြီး…

"ည (၉ : ၀၀ )နာရီထိုးပြီ မဟုတ်လား" ဟု ဖြေကြားလိုက်ရာ စုံထောက်မောင်လူလေးက နေရာမှ ထရပ်လိုက်ပြီး…

"ကျုပ်တို့ လူသတ်သမားကိုဖမ်းဖို့ တစ်နာရီအခွင့်အရေး ရှိပါသေးတယ်၊ ကဲ…ကျုပ်တို့ ကာကာဆိုင်ကို သွားရအောင်" ဟုပြောဆိုလေ၏။

ထိုအခါ စုံထောက်ဦးပုညသည် တအံ့တသြဖြစ်သွားပြီး…

"ဘယ့်နယ်…တရားခံကို ဖမ်းဖို့ မကြိုးစားဘဲ ကာကာဆိုင် သွားရမှာလဲ၊ ကိုလူလေးတော့ ရူးသွားပြီ ခင်တယ်" ဟု မှတ်ချက်ပြု လိုက်ရာ စုံထောက်မောင်လူလေးက အေးဆေးသောအမူအရာဖြင့်…

www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာ...အိုင်ဝီ၊ ဒီညလူသတ်သမားကို မဖမ်းနိုင်ရင် တစ်သက်လုံး စောင့်ထိန်းလာခဲ့တဲ့ စုံထောက်မောင်လူလေးဆိုတဲ့နာမည်ကို ကျုပ်ကိုယ်တိုင် မြေမြှုပ်သင်္ဂြိုဟ်ပစ်လိုက်မယ်ဗျို့ ကဲ... လိုက်မှာသာ လိုက်ခဲ့စမ်းပါ အိုင်ဝီရယ်" ဟု ပြောဆိုလေ၏။

ထိုအခါ စုံထောက်ဦးပုညသည် မတင်မကျစိတ်နှင့်ပင် စုံထောက်မောင်လူလေး ခေါ်ဆောင်ရာ ကာကာဆိုင်သို့ ကားမောင်း၍ လိုက်ပါခဲ့လေတော့၏။

သို့ဖြင့် သောက်နေကျ ကာကာဆိုင်သို့ ရောက်သည့်အခါ ည (၉း၀၀)နာရီခွဲနေပြီပင် ဖြစ်၏။

စုံထောက်မောင်လူလေးက စုံထောက်ဦးပုညအား မမေးတော့ဘဲ ကော်ဖီနှစ်ခွက် မှာလိုက်သည်။

ထို့နောက် စုံထောက်မောင်လူလေးသည် စားပွဲပေါ်တွင်ရှိသော သတင်းစာတစ်စောင်ကို ကောက်ကိုင်လိုက်ပြီး ဟိုလှန်ဒီလှန် ဖတ်ရှုနေလေရာ စုံထောက်ဦးပုညမှာ လူသတ်သမားဖမ်းရန် မည်သို့မျှ မဖြစ်နိုင်တော့သော နာရီပိုင်းအတွင်းမှာ ဘာမျှမဖြစ်သည့်အလား သွေးအေးလွန်းသည့် စုံထောက်မောင်လူလေးအား နားမလည်နိုင်အောင် ဖြစ်နေလေ၏။

ဒီတစ်ခါ နာမည်ကျော်ကြား၊ လူလေးစားလှပါသည်ဆိုသော စုံထောက်မောင်လူလေးသည် ရှုံးများသွားပြီဟု၍ပင် သုံးသပ်မိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်၌ စုံထောက်မောင်လူလေးသည် သတင်းစာဖတ်နေရာမှ မျက်လုံးနှစ်ဖက် ပင့်တက်၍သွား၏။ ပြီးလျှင် စူးစူးစိုက်စိုက်ဖတ်နေရာမှ သတင်းစာကို စားပွဲပေါ်ပစ်ချလိုက်ရင်း...

"အိုင်ပီ...ကားအမြန်မောင်းပေတော့၊ ကျုပ်တို့ လူသတ်သမားသွားဖမ်းရလိမ့်မယ်" ဟု ပြောဆိုလိုက်သဖြင့် စုံထောက် ဦးပုညသည် ရုတ်တရက် ကောက်ကာငင်ကာ ပြောဆိုလိုက်သော စုံထောက်မောင်လူလေးစကားကြောင့် ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား မသိတော့ဘဲ ကားဆီသို့ အမြန်သွားလေ၏။

ထို့နောက် စုံထောက်မောင်လူလေး ကားပေါ်ရောက်သောအခါ စက်ကုန်ဖွင့်၍ မောင်းနှင်လိုက်လေတော့၏။

ထို့နောက် စုံထောက်မောင်လူလေးက...

"အိုင်ပီ...အင်းစိန်ကြို့ကုန်းက ခြံအမှတ်( )ကို အမြန်မောင်းပေတော့ဗျို့ လူသတ်သမားကို လက်လွတ်ခံလို့မဖြစ်ဘူး" ဟုပြောဆိုလာသဖြင့် စုံထောက်ဦးပုညသည် ကားစက်ကို ငယ်သံပါအောင် မောင်းနှင်လိုက်လေတော့သည်။

ထိုသို့ မောင်းနှင်ရင်း အချိန်အားဖြင့် မိနစ်နှစ်ဆယ်ခန့်မျှ ကြာမည်ထင်ပါသည်။ အင်းစိန်ကြို့ကုန်းရှိခြံအမှတ်( )သို့ ရောက်သောအခါ စုံထောက်မောင်လူလေးသည် ကားပေါ်မှ ကမန်းကတန်းဆင်းလိုက်ရင်း

"ကဲ...အိုင်ပီ၊ ကျုပ်တို့အထဲဝင်ကြမယ်" ဟုပြောဆိုလေ၏။

www.burmeseclassic.com

ထိုအခါစုံထောက်ဦးပုညမှာ စုံထောက်မောင်လူလေးနှင့်မြို့ကြီး ထဲသို့ ဝင်ရောက်ခဲ့လေ၏။

သို့ဖြင့် အိမ်ထဲသို့ဝင်မည်အပြုတွင် စုံထောက်မောင်လူလေး သည် ပွင့်နေသော အိမ်ရှေ့သံဘာဂျာတံခါးကိုကြည့်၍...

"အိုင်ပီ...ကျုပ်တို့တော့နောက်ကျသွားပြီဗျို့ လူသတ်သမားက လက်ဦးမှုရသွားပြီထင်တယ်၊ ကျုပ်တို့အထဲဝင်ကြည့်ရအောင်" ဟုဆိုလာ သဖြင့် စုံထောက်ဦးပုညသည် စုံထောက်မောင်လူလေးနှင့်အတူ အိမ် ကြီးထဲသို့ ဝင်ရောက်ခဲ့လေ၏။

သို့ဖြင့် အိမ်ကြီးထဲသို့ ရောက်ရှိပြီးနောက် အိမ်ရှင်များ၏ အိပ်ခန်းဟု ယူဆပုံရသော အခန်းတစ်ခုထဲ ဝင်လိုက်သည်နှင့် စုံထောက် မောင်လူလေး ကြိုတင်တွက်လိုက်သည့်အတိုင်း သေဆုံးနေသော အသက်(၄၀)ကျော်ရှိ လူတစ်ယောက်ကိုတွေ့ရလေ၏။

ထိုအခါ စုံထောက်မောင်လူလေးက လူသေအလောင်းကို ကိုင်ကြည့်၍...

"လူသတ်သမား တတိယပစ်မှတ်ထားတဲ့ တိုက်မောင်းဆိုတာ သူပဲ...အိုင်ပီ၊ သေဆုံးသွားတာမိနစ်ပိုင်းလောက်ပဲရှိသေးတယ်၊ လူသတ် သမားကတော့ လွတ်မြောက်သွားပြန်ပြီ၊ ခုနကျုပ်တို့ ကာကာဆိုင်မှာ ထိုင်ရင်း သတင်းစာထဲက သဲလွန်စရလို့ ချက်ချင်းလိုက်လာပေမယ့် ကျုပ်တို့ဆယ်မိနစ်လောက်နောက်ကျသွားတယ်ဗျို့" ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ စုံထောက်ဦးပုညက အံ့ဩသောအမူအရာဖြင့်...

"ကိုလူလေး...ဘယ်လိုသဲလွန်စရပါလိမ့်ဗျာ" ဟု မေးမြန်းလိုက်သဖြင့် စုံထောက်မောင်လူလေးက သက်ပြင်းချ၍ နေရာ မှ ထရပ်လိုက်ပြီး...။

"ဒီနေ့ထုတ် သတင်းစာထဲမှာ တိုက်တိုက်ဆိုင်ဆိုင် သေသူဦးတိုက်မောင်းရဲ့ မွေးနေ့ဆုတောင်းကြော်ငြာပါလာတယ်ဗျ။ နေရပ်လိပ်စာအပြည့်အစုံပဲ၊ မနက်က ဒီသတင်းစာကို အရင်မဖတ်မိလိုက်တာ ကျုပ်တစ်ကွက်နောက်ကျသွားတာပဲ...အိုင်ပီ" ဟု ရှင်းပြလေ၏။

ထို့နောက် စုံထောက်မောင်လူလေးက...

"ကဲ...အိုင်ပီ၊ ကျုပ်လူသတ်သမားနောက်ကိုကားယူပြီးအမှီန်မီလိုက်မှဖြစ်လိမ့်မယ်၊ အိုင်ပီကဂါတ်ကို အကြောင်းကြားပြီးပဲခူးမြို့အစွန်ကပရိဟိတသုခမွေ့ရိပ်သာကို အမြန်လိုက်ခဲ့ပေတော့" ဟု ပြောဆိုကာ ကားမောင်း၍ ထွက်ခွာသွားလေတော့၏။

ထို့နောက် စုံထောက်ဦးပုညသည် စုံထောက်မောင်လူလေးမှာကြားသည့်အတိုင်း ဂါတ်ကို အမြန်ဆုံးအကြောင်းကြား ပြီး ပဲခူးမြို့သို့လိုက်ရန် စီစဉ်ရလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com


(၄)

ဤသို့ဖြင့် စုံထောက်မောင်လူလေးသည် ပဲခူးမြို့အစွန်ရှိ ပရဟိတသုခမ္မရိပ်သာကျောင်းဝင်းသို့ မရောက်မီ လမ်းချိုးတစ်ခု၌ ကားကိုရပ်ထားခဲ့ပြီး ခြေလျင်လျှောက်လေ၏။

ကျောင်းဝင်းရှေ့သို့ရောက်သည့်အခါ အထဲသို့ဝင်လိုက်သည်။

သို့ဖြင့် ကျောင်းတံခါးမကြီးရှေ့သို့ ရောက်လေလျှင် အထဲမှ မီးအလင်းရောင်နှင့်တကွ မိန်းမပျိုနှင့် သက်လတ်ပိုင်းရှိ အမျိုးသမီး တစ်ဦးတို့၏ အပြန်အလှန်စကားပြောဆိုသံများကိုပါ ကြားလိုက်ရသဖြင့် စုံထောက်မောင်လူလေးသည် မှောင်ရိပ်ကျရာ တံခါးမကြီးဘေးသို့ ပြေးကပ်ကာ အထဲမှအသံများကို နားစွင့်ထောင်လိုက်သည်။

www.burmeseclassic.com

အထဲမှ မိန်းမပျိုလေးက...

"ညီမ ပြုလုပ်ရမယ့် ရင်ထဲက တာဝန်တွေ ဒီညဆယ် နာရီတိတိမှာပဲ ပြီးဆုံးသွားပါပြီ... မမ" ဟု ပြောဆိုလိုက်သဖြင့် မမဟု ခေါ်ခံရသော အမျိုးသမီးက ကျေနပ်သွားသောလေသံဖြင့်...

"ဒါ အမှန်တရားပဲ..., ညီမ၊ လောကမှာ မိဘရဲ့သွေးကြွေးကို ဆပ်ခွင့်ရတဲ့သားသမီးဟာ သူရဲကောင်းပဲ၊ မမကတော့ ကျေနပ်လှသ ကွယ့်၊ တမလွန်က ညီမရဲ့မိဘတွေသိရင် ဝမ်းမြောက်နေမှာ သေချာ တယ်" ဟု ထောက်ခံပြောဆိုလေရာ မိန်းမပျိုလေး က တက်ကြွပြီး အားမာန်အပြည့်ပါသောလေသံဖြင့်...

"ဒီကမ္ဘာမြေပေါ်မှာ အသက်ရှင်လျက် မထိုက်တန်သူတွေကို အပြစ်ပေး ဆုံးမလိုက်ရလို့ ညီမတော့ သိပ်ကို ကျေနပ်တယ် ... မမ၊ ညီမသေမယ်ဆိုလဲ သေပျော်ပါပြီ" ဟု ပြောဆိုလိုက်၏။

ထိုအခါ အမျိုးသမီးက လေသံပျော့သွားပြီး...

"အို ... ဒီလိုမပြောရဘူးလေ ညီမရဲ့ ဒီစကားမျိုးဟာ လူဖျင်း လူညံ့တွေအလုပ်ပဲကွယ့်၊ အောင်မြင်မှုတစ်ခုရတဲ့အချိန်မှာ ဒီလောက်နဲ့ ရောင့်ရဲတင်းတိမ်သူဟာ ဘယ်တော့မှ အောင်မြင်မှုတွေ ဆက်တိုက်မရ နိုင်တော့ဘူး၊ ဒီတော့...လောကမှာ သူများ အနိုင်ကျင့်စော်ကားတာကို ခေါင်းငုံ့မခံဘဲ အမြဲတမ်းအနိုင်ဘက်က အင်အားကြီးကြီး လက်မ.ထောင်

www.burmeseclassic.com

www.burmeseclassic.com


နိုင်တဲ့သူဖြစ်စေရမယ်လို့ကိုယ့်ကိုကိုယ်ယုံကြည်စမ်းပါ၊ ဒီတော့...ညီမ အသက်ရှင်ဖို့ လိုသေးတယ်၊ မိဘအတွက် သွေးကြွေးဆပ်ပြီးပေမယ့် ညီမ အတွက် ကြိုးစားရဦးမယ်" ဟု ပြောဆိုလိုက်သဖြင့် မိန်းမပျိုလေးက...

"ညီမ နားလည်ပါပြီ...မမ၊ ဒါပေမဲ့ ...ညီမပြုလုပ်ရမယ့်တာဝန် က ပြီးဆုံးသွားတယ်ဆိုပေမယ့် စိတ်မအေးရသေးဘူး၊ ဒါကြောင့် ဒီညပဲ ဆရာအဒေါ်ရှိရာ စစ်ကိုင်းကို ခရီးဆက်ဖို့ မမဆီလာနှုတ်ဆက်တာ" ဟု ဆိုလိုက်လေ၏။

ထိုအခါအမျိုးသမီးက...

"ကောင်းပြီ...ညီမ၊ ခုချိန်ကစပြီး ညီမဟာ ကိုယ့်ယုံကြည်ချက်၊ ကိုယ့်ဆုံးဖြတ်ချက်အတိုင်း ကိုယ့်ခြေထောက်ပေါ်ရပ်ပြီး လျှောက်လှမ်း ရမှာကို မမ အစစစိတ်ချသွားပါပြီ၊ ဒီအရပ်ကနေ အမြန်ဆုံးခွာပေတော့" ဟု ပြောဆိုလိုက်လေတော့သည်။

ထိုသို့ပြောပြီး မရှေးမနှောင်းမှာပင် တံခါးမကြီးပွင့်၍ မိန်းမ ပျိုလေးနှင့် အမျိုးသမီးထွက်လာသောအချိန်၌ စုံထောက်မောင်လူလေး သည်အကွယ်မှထွက်ရပ်လိုက်ပြီး ...

"မိန်းကလေး ... ဒီအရပ်ကနေ ခွာဖို့ မကြိုးစားပါနဲ့တော့" ဟု ဆိုလိုက်ရာ မိန်းမပျိုလေးနှင့် အမျိုးသမီးမှာ အံ့ဩသွားပြီး မိန်းမပျို လေးက...

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘယ်သူလဲ" ဟု မေးမြန်းလေ၏။

ထိုအခါ စုံထောက်မောင်လူလေးက တည်ငြိမ်သောလေသံဖြင့် ...

"ကျုပ်က အင်းစိန်စီအိုင်ဒီက စုံထောက်မောင်လူကလေးပါ။ မြန်မာပြည်အလယ်ပိုင်း မြို့လေးတစ်မြို့မှာ မစ္စတာရစ်ဂျန်းကို ရွှေလွန်းပျံ အဖွဲ့ဆပ်ကပ်ကပြစဉ်မှာ နှင်းဆီပန်းပေးပြီး အဆိပ်အပ်နဲ့သတ်မှု၊ အင်းလျားကန်အနီးနေအိမ်က စိန်ကုန်သည် ဒေါ်မိမိကြီး (ခ) ဒေါ်စိန်ပွင့်ကို အကြောကိုင်ပညာနဲ့ သွေးကြောပိတ်ပြီး သတ်မှု၊ အင်းစိန်ကြို့ကုန်းက ဦးတိုက်မောင်းကို အကြောကိုင်ပညာနဲ့ပဲ သွေးကြောပိတ်ပြီး သတ်မှု၊ အဲဒီလူသတ်မှုသုံးမှုနဲ့ မိန်းကလေးကို ကျုပ်ဖမ်းဆီးလိုက်ပါပြီ" ဟု ပြော လိုက်သဖြင့် မိန်းမပျိုလေးက စုံထောက်မောင်လူကလေးအား အံ့သြ သလိုကြည့်၍ တဟားဟားရယ်မောလိုက်ပြီး ...

"တော်ပါပေတယ် ... ကိုလူကလေး၊ သဲလွန်စရှာပြီး ကျွန်မ နောက် လိုက်လာနိုင်တာ ကျွန်မ မလေးစားဘဲ မနေနိုင်တော့ပါ ဘူး၊ ဒါကြောင့်လဲ မြန်မာပြည်စုံထောက်အဖွဲ့ကြီးမှာ စုံထောက်မောင်လူက လေး ... စုံထောက် မောင်လူလေး ဆိုပြီး နာမည်ကြီးပေတာ ကိုး၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်လေ ... ကျွန်မမိဘနစ်ပါးအဝဖွက် လူယုတ်မာတွေကို လက်စားချေခွင့်ရခဲ့တာ ကျွန်မကျေနပ်ပါတယ်၊ အထူးသဖြင့် စုံထောက် မောင်လူကလေးဆိုတဲ့ နာမည်ကျော် စုံထောက်တစ်ဦးရဲ့လက်ထိပ် ခတ်ခြင်းကို ခံရတာ ဂုဏ်ယူစရာတောင် ကောင်းပါတယ်၊ စက်ဖွင့် တက်ရလဲ ကျွန်မဝမ်းမြောက်နေမှာပါ ကိုလူကလေး" ဟု ပြောဆိုလိုက် လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်မှာပင် စုံထောက်ဦးပုညနှင့် အင်းစိန် စီအိုင်ဒီမှ ပုလိပ်အဖွဲ့များ ရောက်လာကြပြီး မိန်းမပျိုလေးကိုတွေ့သည့်အခါ တအံ့တသြ ဖြစ်သွားကြကုန်၏။

အဘယ်ကြောင့်ဆိုသော် အင်းစိန်စီအိုင်ဒီမှ စုံထောက်ကျော်များကို လက်တစ်လုံးခြား လှည့်စားပြီး ကြီးမားသော လူသတ်မှုသုံးခုကို ဆက်တိုက်ကျူးလွန်ရဲသူမှာ ကျားကျားလျားလျားယောကျ်ားသား မဟုတ်ဘဲ လွန်စွာမှချောမောလှပသော မိန်းမပျို လေးတစ်ယောက် ဖြစ်နေ၍ အံ့သြသွားကြခြင်း ဖြစ်ပေသည်။

ထို့နောက် စုံထောက်မောင်လူကလေးသည် လူသတ်တရားခံ စန္ဒီ ခေါ် မိန်းမပျိုလေးအား ဖမ်းဆီးခေါ်ဆောင်လာပြီးနောက် စုံထောက်ဦးပုညအိမ်တွင် သက်သောင့်သက်သာနေထိုင်စေရန် ကောင်းမွန်စွာထားခဲ့လေ၏။

နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါ တရားခံ စန္ဒီအား အင်းစိန်စီအိုင်ဒီသို့ ခေါ်ဆောင်ခဲ့လေ၏။

ထို့နောက်တွင်မူ လူသတ်မှု သုံးခု ဆက်တိုက်ကျူးလွန်ခဲ့သော တရားခံစန္ဒီ၏ ထွက်ဆိုချက်များကို စုံထောက်မောင်လူ လေးနှင့် စုံထောက်ဦးပုညက မှတ်သားပြီး၊ စုံထောက်ဦးပုညကမူ အသေးစိတ် မှတ်တမ်းတင်၍ ရေးမှတ်ရလေ၏။

www.burmeseclassic.com

စန္ဒီဆိုသော မိန်းမပျိုလေးသည် သူမ၏အကြောင်းများကို ငယ်စဉ်ကလေးဘဝမှ အစပြု၍ကြုံဆုံခဲ့ရသော နောက်ကြောင်းကို ပုံပြင်တစ်ပုဒ်သဖွယ် စီကာပတ်ကုံး ကြေကွဲစွာဖြင့် ပြောပြလေတော့၏။

သို့ရာတွင် ထိုထွက်ဆိုချက်များသည် ဤအတိုင်းတင်ပြပါက တရားခံပြစ်မှုအား အစီရင်ခံထားသော ပုလိပ်မှတ်တမ်းကြီး တစ်စောင်ဖြစ်၍လွန်စွာမှ ပျင်းရိငြီးငွေ့ဖွယ်ကောင်းပါလိမ့်မည်။

သို့သော်တရားခံစန္ဒီ၏ဘဝမှတ်တမ်းကြီးသည် ဆွတ်ပျံ့ကြေကွဲဖွယ်ကောင်းလှ၏။ ထို့အတူ မုန်းတီးစက်ဆုပ်မှုတွေလည်းဖြစ်ပေါ်ခဲ့သည်။ ကြမ်းတမ်းဆင်းရဲမှုတွေလည်း ကြုံရသည်။ အားကျအတုယူဖွယ်တွေလည်း ရရှိသည်။ သံဝေဂလည်းရနိုင် သည်။

ထို့ကြောင့် ...ဤကဲ့သို့ စိတ်ဝင်စားဖွယ်ကောင်းလှသော ဘဝမှတ်တမ်းကြီးကို နောင်တစ်ချိန်တွင် စုံထောက်အလုပ်မှ အနားယူပြီး စာပေရေးသားခြင်းဖြင့် နေထိုင်ခဲ့သူ စုံထောက်ဦးပုညမည်သော ကျွန်ုပ်သည် ဝတ္ထုသွားအသွင် ဖန်တီး၍ အခွေစာရှုသူ ကို မပျင်းရိ၊ မငြီးငွေ့ဘဲ ဖတ်ရှုစေရန် အလို့ငှာ "စုံထောက်မောင်လှသူလေးနှင့် တစ်ကျွန်းစံဒေဝီ" မည်သော ဤဝတ္ထုကြီးဖြစ်ပေါ်လာရ လေ ဘသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယပိုင်း

(၁)

တစ်နေ့သ၌ မြန်မာပြည်အလယ်ပိုင်းရှိ မြို့လေးတစ်မြို့၏ သုသာန်တွင် ဆယ့်ငါးနှစ်အရွယ်ရှိ မိန်းကလေးတစ်ယောက် သည် မြေပုံ နှစ်ခုရှေ့၌ ကျုံ့ကျုံ့ကလေးထိုင်၍ ရှိုက်ကြီးတငင် ငိုကြွေးနေလေ၏။

ထိုမြေပုံနှစ်ပုံမှာ သူမ၏ ချစ်လှစွာသော မိဘနှစ်ပါးပင်ဖြစ်လေ ၏။

မိန်းကလေးသည် ထိုကဲ့သို့ ကြေကွဲဖွယ်ငိုကြွေးနေသည်မှာ အချိန်မည်မျှ ကြာမြင့်နေမှန်း မသိချေ။

www.burmeseclassic.com

ထိုစဉ်အခိုက်မှာပင် မိုးက အငြိုးကြီးစွာ သဲသဲမဲမဲ ရွာချလာလေရာ မိန်းကလေးသည် အငိုမပျက်ဘဲ ရှိကာ တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားလေ၏။

ထို့နောက် လေပါ တဝေါဝေါတိုက်ခတ်၍ လာလေ၏။

သို့ရာတွင် မိန်းကလေးသည် ငိုမြဲငိုဆဲသာဖြစ်၏။ ရာသီဥတု၏ ဒဏ်ကို မည်သို့မျှ ဂရုမစိုက်ချေ။

သို့ဖြင့် . . . မိန်းကလေးသည် ရှိက်ကြီးတငင် ငိုကြွေးမှုကြောင့် တသွင်သွင်စီးကျနေသော မျက်ရည်များမှာ မိုးရေတို့ဖြင့် ရောပြွမ်းသွားလေ၏။

ဤသို့ဖြင့် မိန်းကလေးသည် ရှိက်ကြီးတငင် ငိုကြွေးနေရာမှ အငိုရပ်၍ မြေပုံပေါ်မှ မြေသားများကို လက်နှင့်ဆုပ်ယူလိုက်၏။

ထို့နောက် လက်ထဲတွင်ပါလာသော မြေကြီးများသည် မြေကြီးဖြစ်လျက် မိန်းကလေးမှာ ဖခင်နှင့်မိခင်၏ ရုပ်အသွင်ကိုမြင်ယောင်နေမိ၏။

ထို့ကြောင့် ိန်းကလေးသည် ဆိုးရွားခဲ့သော မိဘဝနှင့်လွန်စွာမှ ကြေကွဲဖွယ်ကောင်းခဲ့သော မိဘနှစ်ပါး၏ကံကြမ္မာ ပုံရိပ်တို့ကို အာရုံ၍ ဖျောက်မရဘဲ တရိပ်ရိပ်ပေါ်လာကြ၏။

ပေါ်လာသော ထိုပုံရိပ်များကို မြင်ယောင်လေလေ၊ ရင်ထဲမှာနာကျင်လေလေ ဖြစ်၏။ တစ်ချက် တစ်ချက် ခံစားချက် အမြင့်ဆုံးအချိန်ရောက်လာသည့်အခါ အသက်ရှူမဝသလိုရှိကာ ဦးခေါင်း၌လည်း ကျင်ခနဲ ကျင်ခနဲဖြစ်သလို ခံစားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com


သို့ဖြင့် မိန်းကလေးသည် မိမိရှေ့မှောက်၌ ကြေကွဲရင်နင့်ဖွယ် ကောင်းခဲ့သော မိဘနှစ်ပါး၏ ကံကြမ္မာပုံရိပ်ဆိုးတို့ကို ပြန်လည်မြင်ယောင်တွေးတောလိုက်လေတော့၏။

■

www.burmeseclassic.com

(၂)

တစ်နေ့သ၌ အိမ်ရှေ့တွင် ဆူဆူညံညံအသံများကြား၍ မိန်းကလေးသည် စာကျက်နေရာမှ အိမ်ရှေ့သို့ ထွက်ကြည့်လေ၏။

ထို့အတူ မီးဖိုချောင်အတွင်း ချက်ပြုတ်နေသော မိခင်လည်း ထိုအသံများကြောင့် ထွက်ကြည့်လေသည်။

ထိုသို့ ဆူဆူညံညံဖြစ်နေသည်မှာ ဖခင်ဖြစ်သူနှင့် လွန်စွာမှ မောက်မာသော သူဌေးကြီး ဦးသိုက်ထွန်း၏သား တိုက်မောင်း ဆိုသူနှင့် အချင်းဖြစ်နေကြခြင်းဖြစ်၏။

တိုက်မောင်း၏ဖခင် ဦးသိုက်ထွန်းမှာ ဤမြို့တွင် နာမည်ကြီး၏။ ကောင်းသောကြီးခြင်းမဟုတ်ချေ။ အများတကာ၏စီးပွားရေးကို ပျက်လို ပျက်စီးရန် အမြဲကြံဆပြီး လက်ဝါးကြီးအုပ်ရန် မကောင်းစိတ်မွေးသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


တချို့ မရှိဆင်းရဲသား မြို့သူမြို့သားများအပေါ် မတော်မတရား ခေါင်းပုံဖြတ်၍ ကြီးပွားနေသူလည်း ဖြစ်၏။

ထို့ပြင် ထိုငွေကြေးအရှိန်အဝါနှင့် သူများသားပျို သမီးပျိုများကို လည်း အခွင့်အရေးရလျှင်ရသလို ဖျက်ဆီးကြသူများလည်း ဖြစ်လေ တော့၏။

တစ်မြို့လုံးက ထိုမိသားစုကို အော့နလုံးနာကြလေသည်။ သို့သော်လည်း လူအတော်များများက ငွေကြေးနှင့် ပတ်သက်ပြီး ၎င်းတို့ နှင့် ကင်းနိုင်ကြသူများမဟုတ်သဖြင့် ၎င်းတို့သားအဖ၏ စော်ကားသမျှ ခေါင်းငုံ့ခံနေကြရရှာလေသည်။

ထိုအထဲတွင် မိန်းကလေး၏မိသားစု မပါဝင်ခဲ့ချေ။ ၎င်းတို့ လောက်ကျိုကျိုတက်မချမ်းသာသော်လည်း ဘိုးဘွားစဉ်ဆက်မိဘအမွေ အနှစ်များမှာ မိန်းကလေးတစ်သက်စား၍ မကုန်နိုင်လောက်အောင် ရှိလေ၏။

သို့ရာတွင် ဦးသိုက်ထွန်းတို့ မိသားစုနှင့် မိန်းကလေးတို့မိသားစု ကွာခြားသောအချက်မှာ မိန်းကလေးမိဘများသည် အလှူအတန်း ရက်ရောကြ၏။ ပေးကမ်းရိုးမြှင့်ခြင်းလည်းပြုလေ၏။ လူကိုလူအတိုင်းပင် အဆင့်အတန်းမခွဲခြားဘဲ ဆက်ဆံခြင်း လည်းရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထို့ပြင် မရှိဆင်းရဲသားတို့ကို ငွေကြေးတတ်နိုင်သလောက် ကူညီ၏။ ဘာရေးနာရေးတွင် ရှေ့ဆုံးမှပါဝင်လေသည်။ ဤအချက်များကား ဦးသိုက်ထွန်းတို့မိသားစုနှင့် မိန်းကလေးတို့မိသားစု ကွာခြားသောအချက်ပင်ဖြစ်လေ၏။

မြို့သူမြို့သားတချို့က ဦးသိုက်ထွန်းတို့မိသားစုကိုအော့နလုံးနာ မုန်းတီးကြပြီး၊ မိန်းကလေးမိသားစုကိုတော့ ချစ်ခင်ကြလေ၏။

ထိုအချက်များကြောင့် အငြိုးအတေးထားကာ မိန်းကလေးမိဘများ၏ ပွဲရုံလုပ်ငန်းများ ပျက်စီးရာပျက်စီးကြောင်း အမြဲကြံဆနေခြင်းဖြစ်လေ၏။

ယခုလည်း မိန်းကလေးမိဘများ၏ ပွဲရုံအား မီးရှို့ရန်ကြံစားနေသော တိုက်မောင်းတို့သားအဖ၏ တပည့်လူမိုက်များကို မိန်းကလေးဖခင်ကိုယ်တိုင် တွေ့ရှိသွားပြီး အရေးယူတိုင်ကြားလိုက်သဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်ပြီး မိန်းကလေး ဖခင်အား တိုက်မောင်းမှလာရောက်ကြိမ်းဝါးနေခြင်းဖြစ်၏။

ထိုကဲ့သို့ ခြံရှေ့အထိ လာရောက်ကျူးကျော်ကြိမ်းဝါးနေခြင်းမှာ ၎င်းတို့မိသားစုသည် ဤမြို့လေးတွင် အထူးသြဇာ အာဏာရှိသော အရေးပိုင်မင်းတစ်ဦးနှင့် လွန်စွာမှ ရင်းနှီးပြီး အခွင့်ကောင်းယူကာ မင်းမဲ့စရိုက်လာပြကြခြင်း ဖြစ်လေ၏။

www.burmeseclassic.com

သို့ရာတွင် ဖခင်ကမဟုတ်မခံသူဖြစ်သဖြင့် ခေါင်းငုံ့မခံဘဲ ယနကဲ့သို့ တစ်ဖက်နှင့် တစ်ဖက် အချင်းများခဲ့ကြခြင်း ဖြစ်၏။

အခြေအနေကား ပိုတင်းမာသထက် တင်းမာလာကြ၏။ မိခင်ဖြစ်သူက ဖခင်အား ဝင်ရောက်တားသော်လည်း မည်သို့မျှ မရချေ။

ထို့ကြောင့် လက်သီးလက်မောင်းတန်း၍ ဆဲရေးတိုင်းထွာသည့် အဆင့်အထိဖြစ်လာကြလေ၏။

"ဟေ့ကောင်...စိန်းကြီး၊ ငါ့တပည့်တွေကို အပြစ်မရှိဘဲ ဂါတ်ထဲ ပို့တဲ့မင်းကို ဘယ်တော့မှ မကျေဘူးကွ၊ ထမင်းဝအောင် စားထား..." ဟု တိုက်မောင်းက ကြိမ်းဝါးလေ၏။

ထိုအခါ ဖခင်ဖြစ်သူက ရင်ကိုကော့၍ ...

"ဒီမှာ ...တိုက်မောင်း၊ ငါဆိုတဲ့ကောင်က တစ်ဖက်သားအပြစ် မရှိဘဲ ဘယ်တော့မှ နစ်နာအောင် မလုပ်ဘူးကွ၊ မင်းတို့ သားအဖသာ ငါ့မိသားစုစီးပွားရေးကို ဖျက်လိုဖျက်ဆီး ကြံစည်နေကြတာကွ" ဟု ပြောလိုက်သဖြင့် တိုက်မောင်းမှာ အနာပေါ်တုတ်ကျသလိုဖြစ်ပြီး အလွန်အမင်းပေါက်ကွဲသွားကာ...

"အေး . . . မင်း ငါ့အကြောင်း မကြာခင်သိစေရမယ်၊ မင်း ဘယ်လောက်လူပါးဝနိုင်သလဲ၊ စောင့်ကြည့်ရတာပေါ့" ဟု ပြောဆိုကာ ပြန်လှည့်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ မိခင်ဖြစ်သူက ဖခင်ကိုဖျောင်းဖျ၍ စိတ်ကို လျှော့ခိုင်းသည်။ ဒေါသရှေ့ထား မမှားရန်လည်း သတိပေးလေ၏။ ဖခင်ကလည်း မလွှဲသာ၍ ထိုကဲ့သို့ဖြစ်ကြောင်း ပြောဆိုလေ၏။

နောက်နောင် ထိုကဲ့သို့ လူရမ်းကားများနှင့် အချင်းမပွားတော့ရန် ဖခင်က မိခင်အား ကတိအထပ်ထပ်ပေးလေ၏။

ထိုအချိန်မှစ၍ မိန်းကလေးတို့၏မိသားစု ဘဝထဲသို့ ကံကြမ္မာဆိုးက စတင်ဝင်ရောက်လာတော့၏။

တစ်နေ့သ၌ မိန်းကလေး၏ အိမ်သို့ ဤမြို့တွင် အထူးသြဇာအာဏာအရှိဆုံး အရေးပိုင်မင်း မစ္စတာရစ်ဂျန်းနှင့်အဖွဲ့များ၊ ပြီးတော့ တိုက်မောင်းတို့အဖွဲ့လည်းပါလာကြသည်။

မစ္စတာရစ်ဂျန်းက ဖခင်အားခေါ်ယူပြီး...

"မောင်မင်း... ငါတို့ရဲ့ နေမဝင်အင်ပါယာသခင်ကြီးတွေကို တော်လှန်ပုန်ကန်တဲ့သူပုန်တွေဘက်က ရပ်တည်ပြီးငွေကြေးအထောက်အပံ့ပေးနေတယ်လို့ သတင်းရတယ်၊ အဲဒါ...ဟုတ်သလား" ဟု မေးမြန်းလေရာ ဖခင်က တိုက်မောင်းတို့သားအဖ၏ လက်ချက်ဖြစ်ကြောင်း သိရှိကာ လွန်စွာမှ ခံပြင်းရှုံ့ရှာသွားပြီး...

"ခင်ဗျားတို့ကို ဘယ်အောက်တန်းကျတဲ့ကောင်တွေက သတင်းပေးသလဲ၊ ဒီလိုအောက်တန်းကျတဲ့ကောင်တွေ မဟုတ်တန်းတရားသတင်းပေးတာကို ခင်ဗျားတို့ပါယုံကြသလား" ဟု ရဲဝံ့စွာမေးမြန်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အရေးပိုင်မင်း မစ္စတာရစ်ဂျန်းသည် အရှိက်သို့ ထိသွားပြီး လွန်စွာမှ ပေါက်ကွဲသွားကာ ...

"အိုး ... ဂေါ့ ... မောင်မင်း၊ ရိုင်းစိုင်းလှချေလား၊ ကျုပ်တို့သခင် ကြီးတွေကို မလေးစားတဲ့အပြင် ကျုပ်ကိုပါ စော်ကားတာပဲ၊ မောင်မင်း ... သူပုန်တွေနဲ့ အဆက်အသွယ်လုပ်သလား၊ မလုပ်ဘူးလား ... ဒါပဲပြော" ဟု ဒေါသတကြီး ကြိမ်းဝါးလေရာ ဖခင်ဖြစ်သူက မဟုတ်မခံစိတ်ရှိသဖြင့် အရေးပိုင်မင်းတွေ ဘာတွေ ခေါင်းထဲမထားတော့ဘဲ မှန်ရာကိုသာ လျှောက်လှမ်းတတ်သူဖြစ်လေ၏။

ထို့ကြောင့် ဖခင်ဖြစ်သူက ...

"ဒီမှာ ... ခင်ဗျားတို့သာ ကျုပ်တို့မြေပေါ်မှာ မတရားကျူးကျော်ပြီး အုပ်ချုပ်နေတာ၊ ကျုပ်တို့ မြန်မာပြည်သူပြည်သားတွေရဲ့သူပုန်တွေပဲဗျ" ဟု စိတ်မထိန်းနိုင်ဘဲ ပြောချလိုက်သဖြင့် အရေးပိုင်မင်း မစ္စတာရစ် ဂျန်းသည် မည်သို့မျှ မေးမြန်းမနေတော့ဘဲ ၎င်း၏တပည့်များဘက်သို့ လှည့်၍ ...

"ဟေ့ကောင်တွေ ... အဲဒီသူပုန်ကိုဆုံးမပြီး ဖမ်းချုပ်လိုက် ကြစမ်း" ဟု အမိန့်ပေးလိုက်၏။

ထိုအခါ လွန်စွာမှ အသိတရားမဲ့သော ပုလိပ်စုတ်များသည် လက်နက်အားကိုးနှင့် ဖခင်ဖြစ်သူအား ရိုက်နက်၍ ဖမ်းချုပ် လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မိခင်ဖြစ်သူက ပြေးထွက်သွားပြီး အရေးပိုင်မင်း၏ခြေသလုံးအား ဖက်၍ ...

"မလုပ်ကြပါနဲ့ရှင်...ကျွန်မယောက်ျားမှာ ဘာအပြစ်မှမရှိပါဘူး၊ ဘယ်သူ့ပုန်နဲ့မှလဲ အဆက်အသွယ်မလုပ်ပါဘူး" ဟု အနေရှိုးပြီး အေးအေးလူလူနေတတ်သော မိခင်ဖြစ်သူက တောင်းပန်လေ၏။

သို့သော် လွန်စွာမှရိုင်းစိုင်းသော အရေးပိုင်မင်း မစ္စတာရစ်ဂျုန်းသည်မိခင်ဖြစ်သူအား ဆောင့်တွန်းလိုက်သဖြင့် မိခင်ဖြစ် သူမှာမြေပေါ်သို့ လဲကျသွားလေ၏။

ထိုအခါ ဖခင်ဖြစ်သူသည် မိခင်အတွက် မခံမရပ်နိုင်ဖြစ်သွားပြီး အရေးပိုင်မင်း မစ္စတာရစ်ဂျုန်း၏ မျက်နှာသို့ခြေထောက်ဖြင့် လှမ်းကန်လိုက်၏။

ထိုအချိန်၌ မစ္စတာရစ်ဂျုန်းသည် အဝိုက်မိသွားသဖြင့် အတော်လေး အထိနာကာ မြေပေါ်သို့ ဖင်ထိုင်ကျသွားသည်။

ထိုအခါ ပုလိပ်စုတ်များသည် ဖခင်ဖြစ်သူအား ဝိုင်းချုပ်ကိုင်ကြပြီး မြေပေါ်မှ ပြန်ထလာသော မစ္စတာဂျုန်းမှာ သရဲသဘက် စီးသည့်အလား လွန်စွာမှ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာဖြင့်ဖခင်ရှေ့တွင် ရပ်လိုက်၏။

ပြီးနောက် ခါးကြားမှသေနတ်ကိုထုတ်၍ ဖခင်အား ပစ်ချလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် မစ္စတာရစ်ချန်းနှင့်အဖွဲ့ ပြန်သွားကြလေ၏။ တိုက်မောင်းတို့အဖွဲ့လည်း ဟားတိုက်ရယ်မော၍ ထွက်ခွာသွားကြတော့သည်။

ထိုအချိန်တွင် သေွးအိုင်ထဲတွင် အပြစ်မဲ့ သေပွဲဝင်သွားရှာသော ဖခင်ဖြစ်သူ ရုပ်အလောင်းအားမိခင်နှင့်အတူ ပွေ့ဖက် ငိုကြွေးလိုက်ကြ၏။

ကြမ္မာဆိုးကြောင့် မိမိမျက်စိရှေ့တွင် ရင်နှင့်ဖွယ်သေပွဲဝင်သွားခဲ့သော ဖခင်၏နောက်ဆုံးမြင်ကွင်းကို မိန်းကလေးစွဲထင် သွားလေ၏။ ထို့အတူ အသက်ရှူမဝသလိုဖြစ်၍ ဦးခေါင်းတွင်လည်း ကျင်ခနဲနေအောင် ခံစားရသည်။ ထိုခံစားမှုမှာ ထိုအချိန်က စတင်ခဲ့ခြင်းဖြစ်လေ၏။

ဤမျှဆိုးဝါးလွန်းသော ကံကြမ္မာကို မမြင်ချင်၊ မကြားချင်တော့ပါ။ ထိုကြမ္မာဆိုးကို သယ်ဆောင်လာသူမှာ တိုက်မောင်းဆိုသူပင် ဖြစ်လေ၏။

တစ်နေ့ ထိုဝဋ်ကြွေးအတိုင်း ၎င်းပြန်ခံစားရလိမ့်မည်ဟု၍ တွေးလိုက်လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၃)

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် မိခင်ဖြစ်သူမှာ သွားလေသူ ဖခင်၏စိတ်နှင့်ပင် အိပ်ရာထဲ လဲခွေခဲ့လေ၏။

ရင်းနှီးသောမိတ်ဆွေများ၏ အကြံပြုချက်အရ ထိုအဒေါ်ဖြစ်သူ အပြီးတိုင်လာရောက်ပြီးနောက် အိမ်မှာစိုပြည်လာသလို ရှိသည်။ မိခင်ဖြစ်သူအား နှေ့ညပြုစုနေကြောင်း မိန်းကလေးကိုယ်တိုင်တွေ့ရ၍ ဝမ်းသာခဲ့လေ၏။

ထို့အတူမိခင်အတွက် အဒေါ်ဖြစ်သူနှင့် ဝိုင်းကူပေးရန် မိန်းက လေးက ဆန္ဒရှိသော်လည်း အဒေါ်ကမူအေးဆေးစွာနေရန် သားမြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့် ...မိခင်ကျန်းမာရေးပြန်ကောင်းလာစေရန်အတွက် မိန်းကလေးသည် အဒေါ်ဖြစ်သူကို အားကိုးယုံစားမိခဲ့သလို၊ သံယောဇဉ်လည်းဖြစ်လာလေ၏။

သို့ရာတွင် ...လူတို့စိတ်သဘော၊ လူတို့စိတ်မနောကား လွန်စွာမှ ကြောက်စရာကောင်းလှသလို၊ လွန်စွာမှ သိရန်လည်း ခက်ခဲလှပေ၏။

အဘယ်ကြောင့်ဆိုသော် လနှင့်ချီ၍ ကြာလာသောအခါ အဒေါ်ဖြစ်သူ၏ လွန်စွာမှယုတ်မာပက်စက်သော စိတ်အတွင်း ဗီဇပေါ်လာခြင်းကြောင့် ဖြစ်လေ၏။

တစ်နေ့သ၌ အဒေါ်ဖြစ်သူသည် မိခင်၏အစာထဲသို့ အဆိပ်ခတ်လိုက်ခြင်းကို မိန်းကလေးကျောင်းက ပြန်လာချိန်မှာ မမျှော်လင့်ဘဲတွေ့လိုက်ရလေ၏။

ထိုမြင်ကွင်း၊ ထိုအခြေအနေကြောင့် မိန်းကလေးယုံစားမိသော အဒေါ်ဖြစ်သူအပေါ် လွန်စွာမှ ကြောက်လန့်သွားမိသလို၊ စက်ဆုပ်ရွံရှာဖွယ်လည်း ဖြစ်သွား၏။

ထိုသို့ဖြင့် မိခင်ဖြစ်သူကား ဘာမျှမသိရှာဘဲ အဒေါ်အားယုံစား၍ မိန်းကလေးကိုပင် စောင့်ရှောက်ရန် အပ်နံလေ၏။

သို့ဖြင့် နှစ်ရက်မြောက်သောနေ့တွင် အဒေါ်ဖြစ်သူ ကျွေးထားသောအဆိပ်ကြောင့် မိခင်မှာသေလုမျောပါးခံစားရင်း ကွယ်လွန်သွားရလေတော့၏။ ထိုအခါ မိန်းကလေးသည် ချုံးပွဲချငိုကြွေး၏။ သွားလေသူမိခင်၏ကံကြမ္မာဆိုးအား မကျေမနပ်ဖြစ်မိ၏။ ထိုကဲ့သို့ ရင်နင့်ကြေကွဲစရာများကို တွေးရင်း အသက်ရှူမဝသလိုဖြစ်လာပြန်၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ မိခင်မရှိတော့သည့်အခါ မိန်းကလေးသည် ဤလောက၌ မည်သူ့ကို ယုံကြည်ရမှန်းမသိတော့သလို၊ အားကိုးရာလည်းမရှိတော့ချေ ဟူ၍တွေးကာ ဘဝကိုနာကျင်လာလေ၏။ အကြံယုတ်မာပက်စက်သော အဒေါ်ဖြစ်သူ၏လုပ်ရပ်ကိုလည်း လွန်စွာမှ ရွံရှာစက်ဆုပ်ခဲ့လေတော့၏။

ထို့နောက် အဒေါ်ဖြစ်သူသည် မိန်းကလေးမိဘများ၏ပိုင်ဆိုင်သမျှစည်းစိမ်နှင့် လုပ်ငန်းများကို လက်ဝါးကြီးအုပ်ကာ မိန်းကလေး၏ နောင်ရေးအတွက်ဟု လူအထင်ကြီးအောင် ပြောဆို ဝါဒဖြန့်ခဲ့၏။

ဦးနှောက်မရှိသော လူများကလည်း အကြံယုတ်မာ ပက်စက်သော အဒေါ်၏ စကားကို ယုံကြသည်၊ ဤသို့ဖြင့် ရက်လကြာသောအခါ လူတို့၏သဘောကို အနည်းငယ်ရိပ်စားမိလာ၏။ ထိုကဲ့သို့ အဒေါ်ပြောစကားကို မည်သို့ကြောင့် ယုံကြသလဲဆိုသည့် အချက်မှာ အဒေါ်သည် ၎င်းတို့အား ငွေအတိုးပေးချေးထားခြင်းကြောင့် ဖြစ်လေသည်၊

ထို့အတွက် ဂိန်းကလေးသည် မိဘများထားခဲ့သော စည်းစိမ်နှင့် ဘုရင်မတစ်ဆူဖြစ်နေသောအဒေါ်အားတစ်နေ့တခြားမုန်းတီးလာခဲ့လေတော့၏။

မိန်းကလေးကား ထိုကိစ္စတွေကို အလုံးစုံသိပြီး လူအများရှေ့တွင် ပြောပြချင်သော်လည်း ကလေးစကားဖြစ်၍ ယုံကြမည် မဟုတ်ဟု တွေးကာ ခါးသီးခြင်းတွေ မျိုသိပ်ထားခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ဤသို့ဖြင့် တစ်နေ့သ၌ အခေါ်ဖြစ်သူသည် ဤမြို့၌ ဆန်ပွဲစား မှဆိုးမို၊ ကလေးတစ်ယောက်အဖေ ဦးမြင့်ဆိုသူနှင့် တိတ်တိတ်ပုန်း ဖြစ်နေကြခြင်းကို မိန်းကလေး မမျှော်လင့်ဘဲ တွေ့ရှိခဲ့၏။

ထိုကဲ့သို့ သိလိုက်သောနေ့မှစ၍ မိန်းကလေးဘဝ တကယ်ကို ငြိုပြာဆိုးဝင်လာခြင်းပင် ဆိုရပေတော့မည်။

ပွဲစားဦးမြင့်သည် တစ်နေ့တခြား အတင့်ရဲကာ အိမ်သို့ နေ့ည မဟူ ဝင်ထွက်များလာ၏။ ပတ်ဝန်းကျင်ကလည်း သိကြပြီး ဘာမျှမပြော ကြချေ။ ထို့ကြောင့် မိန်းကလေးသည် လူများစွာကို မုန်းတီးလာမိလေ၏။ ပတ်ဝန်းကျင်ဆိုသူများကိုလည်း ကြောက် လာမိလေ၏။

တစ်နေ့ . . . အခေါ်နှင့် ပွဲစားဦးမြင့် နေ့ခင်းကြောင်တောင်ကြီး အချစ်နလန်ထနေခြင်းကို မိန်းကလေးကိုယ်တိုင် ပက်ပင်း သွားတိုးမိသ ဖြင့် အချစ်စိတ်မွှန်နေသော အခေါ်က သိသွားပြီး . . .

"ညည်း . . . ဒီအကြောင်းတွေ သူများလျှောက်ပြောရင် အသေ သတ်ပစ်မယ်" ဟု ခြိမ်းခြောက်လေ၏။

ထိုအခါ ပွဲစားဦးမြင့်ကလည်း . . .

"ဟုတ်တယ်...ဒီငြိုပြာမလေးရှိနေတာ ကိုယ်တို့အတွက်အန္တရာယ်ပဲ၊ ဒီတော့ ပတ်ဝန်းကျင်က မပြောလာခင် ကိုယ်တို့ လူသိရှင်ကြား ယူလိုက်ကြ တာပေါ့" . . . ဟု ပြောပြီး ရက်ပိုင်းအတွင်းမှာပင် ၎င်းတို့၏ အချစ်နလန်ထ ခြင်းပွဲကြီးကို လူသိရှင်ကြားအကောင်အထည်ဖော်လိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် အဒေါ်၏ယောကျ်ားဖြစ်သူနှင့် လင်ပါသားအိမ်ပေါ်သို့ နေ့ချင်းညချင်းရောက်ရှိလာပြီးနောက် မိန်းကလေးဘဝကား အိမ်ရှင်မဟုတ်တော့ဘဲ အိမ်ဖော်သာသာ အိမ်အလုပ်များကို ဇယ်ဆက်သလို လုပ်ကိုင်၍ နေထိုင်ခဲ့ရလေ၏။

ဒီကြားထဲ အလိုမကျသော အဒေါ်ဖြစ်သူ၏ ဆူပူကြိမ်းမောင်း ရိုက်နက်ခြင်းကိုလည်း နေ့စဉ်နှင့်အမျှ ခံရလေသည်။

ဤသို့ဖြင့် လောကငရဲခံရင်း တစ်နေ့သ၌ မိန်းကလေးသည် တစ်အိမ်လုံး၏အဝတ်များကို လျှော်ဖွပ်ရလေ၏။

ထိုစဉ်အခိုက် လင်ပါသားရောက်လာပြီး ၎င်း၏ ခြေထောက်တွင် ဖေနေသောဖုန်များကို လျှော်ပြီးသားအဝတ်နှင့် ယူ သုတ်လေ၏။

ထိုအခါ မိန်းကလေးမှာ ဒေါကန်သွားပြီး...

"နင် ဘာလုပ်တာလဲ၊ လျှော်ပြီးသားအဝတ်ဆိုတာ နားမလည်ဘူးလား" ဟု မေးလိုက်၏။

ထိုအခါ လင်ပါသားက မောက်မာစွာကြည့်လျက်...

"နင်က ငါ့ကိုပြောစရာလား...ငါ့ကို ဘာမှတ်နေသလဲ၊ အိမ်ဖော်က အိမ်ဖော်အလုပ် ကောင်းကောင်းမလုပ်ဘူး" ဟု လူကြီးစကားဆိုလေရာ မိန်းကလေးသည် ဤမျှရိုင်းစိုင်းစော်ကားသော လင်ပါသားအား သည်းမခံနိုင်တော့ဘဲ နေရာမှ ထရပ်လိုက်ပြီး...

"နင် ဘာပြောတာလဲ...ပြန်ပြောစမ်း" ဟု ဆိုလိုက်၏။

www.burmeseclassic.com

ထိုအခါ လင်ပါသားက မဲ့ပြုံးပြုံး၍ ...

"အိမ်ဖော်လို့ ပြောလိုက်တာ၊ ကြားပြီလား ... ကောင်မရဲ့" ဟု ပြောလက်စ စကားမဆုံးမီမှာပင် မိန်းကလေးသည် စိတ်မ ထိန်းနိုင်တော့ဘဲ လက်ပြန်ရိုက်ချလိုက်ရာ လင်ပါသားမှာ ရိုက်ချလိုက်သည့် အရှိန်ကြောင့် အတော်ကလေးအထိနာကာ တစ်ဖက်သို့ လည်ထွက်သွားလေ၏။

ထိုအချိန်မှာ အဒေါ်၏ယောကျ်ားက မြင်တွေ့သွားပြီး မိန်းကလေးထံသို့ ပြေးလာကာ ...

"ငါ့သားကို အနိုင်ကျင့်ဦး၊ ကဲကွာ ... ကဲကွာ ..." ဟု ပြောရင်း ကျွဲရိုက် နွားရိုက် ရိုက်လေတော့၏။

မိန်းကလေးသည် အသည်းကြွေလုမျှ နာကျင်သော်လည်း မျက်ရည်မကျဘဲ စိတ်ကိုတင်း၍ နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားလေ၏။

ထို့အတူ ဆူညံသံများကြောင့် အဒေါ်က ရောက်လာပြီး ...

"ဘာဖြစ်ကြတာလဲ" ဟု မေးမြန်းလေ၏။

ထိုအခါ လွန်စွာမှစိတ်ထားယုတ်ညံ့သော အဒေါ်၏ယောကျ်ားက

"ဘာဖြစ်ရမှာလဲ...ဒီဂြိုဟ်ဆိုးမပေါ့၊ ကို့ရဲ့သားကိုအနိုင်ကျင့်စော်ကားလို့ ဆုံးမလိုက်တာ" ဟု ပြောလေရာ အဒေါ်ကအချစ်မွှန်ပြီး သူ၏ယောကျ်ားစကားကိုအတည်ပြုကာ ...

www.burmeseclassic.com

"ခြော် ... ညည်းက ဘယ်သူ့အားကိုးနဲ့ ဒီလိုလက်စွမ်းပြနေရတာလဲ၊ ကဲဟယ် ... လက်စွမ်းပြချင်ဦး ... ပြချင်ဦး" ဟုပြောဆို၍ရိုက်နက်ပြန်လေ၏။

ထိုအခါ မိန်းကလေးသည် နာကျင်မှုဒဏ်ကို အလူးအလဲခံရပြန်လေ၏။

သို့ရာတွင် စိတ်ကိုတင်းထားပြီး နာကျင်မှုအလုံးစုံတို့အား မျိုသိပ်လိုက်လေ၏။

ဤမျှယုတ်မာပက်စက်သော မိန်းမကြီး၊ မိခင်အား ရက်ရက်စက်စက် အဆိပ်ခတ်သတ်ခဲ့သော မိန်းမကြီး၊ တစ်နေ့ ထိုဝဋ်ကြွေးတွေ သူမပြန်ခံစေရမည်ဟူ၍ စိတ်ထဲမှ တွေးကာ မိန်းကလေးအံကို တင်းတင်းကြိတ်လိုက်လေ၏။

ထို့နောက် အဒေါ်ဖြစ်သူနှင့် သူမ၏ယောက်ျားမှာ နေ့စဉ်ဆွေးနွေးတိုင်ပင်လျက်ရှိကြ၏။ မည်သည့်ကိစ္စ တိုင်ပင်နေမှန်းတော့ မသိရချေ။

ဤသို့ဖြင့် မိန်းကလေးသည် မိမိဘဝ၏ အဖြစ်ဆိုးပုံကို တွေးတောရင်း ဝမ်းနည်းနေခိုက် အဒေါ်လင်မယားနှင့်အတူ ပုလိပ်နှစ်ဦးပါ ရောက်လာလေ၏။

အဒေါ်က မိန်းကလေးကို လက်ညှိုးထိုးပြီး ...

www.burmeseclassic.com

"ကျွန်မ ပတ္တမြားလည်ဆွဲကို ခိုးတာ သူပါပဲရှင်၊ သူက ကျွန်မတို့ အိမ်က အိမ်ဖော်ပါ" ဟု ပြောဆို၍ ပုလိပ်များလက်သို့ အပ် လေ၏။

ထိုအခါ ပုလိပ်များက အံ့ဩနားမလည်နိုင်ဖြစ်နေသော မိန်းကလေးကိုကြည့်၍ ...

"ဟုတ်လား ... မိန်းကလေး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သူများပစ္စည်း ဘာကြောင့် ခိုးတာလဲ၊ ခိုးတယ်ဆိုတာ ဥပဒေကို ချိုးဖောက်တာပဲ၊ ဒီတော့ ... မိန်းကလေးမှာ အပြစ်ရှိတယ်၊ ကာယကံရှင် ကျေနပ်တဲ့အထိတော့ အရေးယူရမှာပဲ" ဟု လာဘ်စားသောပုလိပ်များ က အကြံယုတ်မာ ပက်စက်သော အဒေါ်၏ အကောက်ကြံမှုထဲ ပါဝင်၍ ပြောဆိုလေ၏။

ထိုအခါ အဒေါ်ကဝင်၍ မျက်နှာကို ကြောက်မက်ဖွယ်တင်း လိုက်ပြီး ...

"ဒီသူခိုးမကို တစ်ခါတည်းသာ ဖမ်းသွားကြပါတော့ရှင်" ဟု ရက်စက်စွာ ပြောဆိုလိုက်၏။

ထိုအခါ မိန်းကလေးသည် အဒေါ် ဖြစ်သူ၏ မျက်နှာကို နာနာ ကြည်းကြည်းကြည့်ပစ်လိုက်၏။

ထိုအချိန်၌ သူမ မဟုတ်ကြောင်း၊ အိမ်ဖော်မဟုတ်ဘဲ ဒီအိမ်၏ အရှင်သခင်သာဖြစ်ကြောင်း ရှင်းပြချင်သော်လည်း လာဘ်စားသော ပုလိပ်စုတ်များမှာ ငွေဆိပ်တက်နေကြပြီဖြစ်သဖြင့် အကြောင်းထူးမည် မဟုတ်ကြောင်း တွေးကာ စိတ်ကို လျှော့ချလိုက် တော့သည်။

www.burmeseclassic.com

ထိုအခါ စိတ်မရှည်သောအဒေါ်က...

"ကဲပါရှင်... ဒီကောင်မမျက်နှာမြင်ရရင် ကျက်သရေမဲ့လွန်းလို့ တစ်ခါတည်းသာ ဆွဲထုတ်သွားကြပါတော့ရှင်" ဟုပြောလိုက်လေ၏။

လွန်စွာမှ ကျေးဇူးကန်းစကားကို ဆိုရဲဝံ့သောမိန်းမကြီးဖြစ်လေ၏။

"တစ်နေ့...အဲဒီအကြွေးကို ရှင်ကောင်းကောင်းပြန်ဆပ်ဖို့သာ ပြင်ထားပေတော့"

ဟု မိန်းကလေးစိတ်ထဲမှ ရေရွတ်လိုက်ခြင်း ဖြစ်လေ၏။

ထိုအချိန်၌ မိန်းကလေး၏ ခံစားမှုသည် အမြင့်ဆုံး အချိန်ဖြစ်လာ၍ ထုံးစံအတိုင်း အသက်ရှူမဝသလိုဖြစ်ကာ ဦးခေါင်းထဲ၌ တဆစ်ဆစ်ကျင်လာသည်။

ထို့နောက် မိန်းကလေးသည် ပုလိပ်များ၏ ဖမ်းဆီးခြင်းကို ခံရကာ ပတ္တမြားလည်ဆွဲခိုးယူသည်ဟူသော အပြစ်နှင့် ထောင်ကျသွားရလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၄)

ဤသို့ဖြင့် မိန်းကလေးသည် ထောင်သုံးနှစ်ကျခဲ့ပြီး မြို့လေးသို့ ပြန်ခဲ့လေ၏။

သို့ရာတွင် ထိုမြို့လေးသို့ ပြန်ရောက်လာသည့်အခါ အကြံယုတ်မာပက်စက်သော အဒေါ်၏ မိသားစုမှာ မိန်းကလေးမိဘများပိုင်ဆိုင်သော လုပ်ငန်းများကို ရောင်းချကာ ပစ္စည်းများကို ယူဆောင်၍ အခြားအရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားကြောင်း သိရလေ ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ သုံးနှစ်တာအတွင်းမှာပင် မိန်းကလေး၏ဖခင်အား သေတွင်းပို့ခဲ့သောဦးသိုက်မောင်းတို့မိသားစုမှာ အိမ်မီးလောင်၍ဦးသိုက်မောင်းမှာမူ သေဆုံးသွားခဲ့ရပြီး၊ သားဖြစ်သူ တိုက်မောင်းမှာလည်း ဤမြို့လေးမှ အပြီးတိုင် ထွက်ခွာသွားကြောင်း သိရလေ၏။

ဤသို့ကြောင့် မိန်းကလေးသည် မြို့အပြင်ရှိ မိဘနှစ်ပါး ခေါင်းချခဲ့ရာ သုသာန်သို့ သွားရောက်လေ၏။

မိန်းကလေးသည် မိဘနှစ်ပါး၏မြေပုံရှေ့တွင် ကျုံ့ကျုံ့ကလေးထိုင်ချလိုက်ပြီး ကြေကွဲစွာ ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

ထိုအချိန်မှာပင် မိုးကအပြိုးကြီးစွာ ရွာချလာ၏။ ရာသီဥတု၏ ဒဏ်ကိုအံတုရင်းမိဘနှစ်ပါး၏ ကံကြမ္မာဆိုးများကို ပြန် လည်တွေးတော မြင်ယောင်ခဲ့သည်မှာ အချိန်မည်မျှကြာမြင့်ခဲ့ပြီ မသိချေ။

ထို့နောက် မိန်းကလေးသည် မိဘနှစ်ပါး၏ မြေပုံကို ကန်တော့လိုက်လေ၏။

ဤသို့ ကန်တော့ရင်း မိန်းကလေးသည် ...

"အဖေနဲ့ အမေရဲ့သွေးကြွေးကို ပြန်ဆပ်မယ်လို့ သမီးကတိပေးပါတယ်" ဟုပြောဆိုလိုက်၏။

ထို့အတူ မိန်းကလေး၏ မျက်လုံးတို့မှာ အရောင်များစူးရှတောက်ပလာ၏။ အောက်နှုတ်ခမ်းကိုပြတ်လုမတတ်ကိုက် လိုက်လေ၏။ ထိုအချိန်မှာ မိန်းကလေးသည် အသက်ရှူမဝသလိုဖြစ်ကာ ဦးခေါင်းမှ တဆစ်ဆစ်ကိုက်ခဲခြင်းကိုလည်း ခံစားလိုက်ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မိန်းကလေးသည် ကျယ်ဝန်းသောလောကကြီးထဲ တိုးဝင်ပြီး လောကဓံကို အံတုရင်ဆိုင်တော့ရန် အားမာန် တင်း၍ ဆုံးဖြတ်လိုက်၏။

ထိုမိန်းကလေး၏အမည်မှာ စန္ဒီပင်ဖြစ်လေ၏။

ဤသို့ဖြင့် . . . စန္ဒီမည်သောမိန်းကလေးသည် ထိုနေရာမှ ထွက်ခွာ၍မြို့လေးထဲသို့လျှောက်ခဲ့လေ၏။

မြို့သူမြို့သားများသည် စန္ဒီကို မည်သို့မျှ အရေးမလုပ်ကြချေ။ စိမ်းပြတ်သော အကြည့်များဖြင့် ကြည့်ရှု၍ နေကြလေ၏။

တစ်ချိန်တစ်ခါက ဖခင် ငွေကြေး ထောက်ပံ့၍ ကူညီထားခဲ့သော လူကြီးတစ်ဦးသည် စန္ဒီကိုတွေ့သည့်အခါ မျက်နှာတစ်ဖက်သို့ မျက်နှာလွှဲသွားပြီး မမြင်ချင်ယောင်ဆောင်သွားလေ၏။

ထိုအခါ စန္ဒီသည် ကျေးဇူးမသိတတ်သောသူတို့အပေါ် မုန်းတီးသွား၏။ လူဝတို့၏သဘောကို လွန်စွာမှ စက်ဆုပ်ရွံရှာသွား ၏။ ယခင်က မိဘများ စာနာ၍ ပေးကမ်းစွန့်ကြဲခဲ့သောသူများသည် ယခုအခါတွင် လွန်စွာမှ ကြောက်မက်ဖွယ်ကောင်းသော သရဲ တစ္ဆေနှင့် တူနေကြောင်း တွေးမိလေ၏။

ထို့ကြောင့် စန္ဒီသည် ဤမြို့မှ အပြီးတိုင်စွန့်ခွာရန် အဝေးပြေး ကားဂိတ်သို့ထွက်ခဲ့လေ၏။

www.burmeseclassic.com

 www.burmeseclassic.com 

အဝေးပြေးဂိတ်သို့ရောက်သည့်အခါ ထွက်ခွာရန်ပြင်ဆင်နေသောလော်လီကားကြီးတစ်စီးပေါ်သို့ တက်ထိုင်လိုက်၏။

ထို့နောက် လော်လီကားကြီးမှာ ထိုမြို့လေးမှ ထွက်ခွာခဲ့လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၅)

ဤသို့ဖြင့် စန္ဒီစီးနင်းလိုက်ပါလာသော လော်လီကားကြီးမှာ မြို့များတစ်မြို့ပြီးတစ်မြို့ ဖြတ်ကျော်လာပြီး မြို့တစ်မြို့သို့ အရောက်တွင် ခရီးသည်တချို့ဆင်းကြလေ၏။

ထိုအခါ စန္ဒီလည်း ခရီးဆုံးသည်အထိ မလိုက်တော့ဘဲ ထိုမြို့လေးမှာပင် ဆင်းလိုက်၏။

ထိုကဲ့သို့ ဆင်းလာပြီးနောက် စန္ဒီသည် မည်သို့သွားရမှန်း မသိဘဲရှိကာ လူစည်ကားသောနေရာသို့ လျှောက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com


လွန်စွာမှ လူစည်ကားသော ဈေးကြီးတစ်ခုအနီးသို့ ရောက်သည့်အခါ စန္ဒီသည် မခံမရပ်နိုင်အောင် ဗိုက်ဆာလာသဖြင့် ထမင်းဆိုင်တစ်ဆိုင်ရှေ့တွင် သွားရပ်လေ၏။

ထိုအခါ လွန်စွာမှ အပေါက်ဆိုးပုံရသော ဆိုင်ရှင်မိန်းမကြီးက မြင်တွေ့သွားပြီး...

"မိန်းကလေး ... ဘာအလိုရှိသလဲ" ဟု မေးမြန်းလေ၏။

ထိုအခါ စန္ဒီက ဆာလောင်မှုကို ဟန်ဆောင်ခြင်း မပြုတော့ဘဲ . . .

"ကျွန်မ ဗိုက်ဆာလို့ပါ၊ ဒါပေမဲ့ . . . ပေးစရာပိုက်ဆံ ကျွန်မမှာ မရှိလို့ပါ" ဟုဖြေကြားလိုက်သဖြင့် ဆိုင်ရှင်မိန်းမကြီးမှာ ချက်ချင်းမျက်နှာပျက်သွားပြီး...

"ပိုက်ဆံမပါရင် ဒီဆိုင်မှာ ထမင်းစားလို့မရဘူး" ဟု ခပ်ထန်ထန်ပြောဆိုလေ၏။

ထိုအခါ စန္ဒီက သက်ပြင်းချ၍ ...

"ကျွန်မကို ထမင်းတစ်နပ်တော့ ကျွေးပါ၊ အဲဒီအတွက် ဒီဆိုင်မှာ ခိုင်းချင်တာခိုင်းပါ" ဟု တောင်းပန်လိုက်ရာ ဆိုင်ရှင်မိန်းမကြီးက တစ်ချက်စဉ်းစားဟန်ပြုလိုက်ပြီး...

"ဒါဆို ... ကောင်းပြီ၊ ငါ့ဆိုင်မှာ ပန်းကန်တွေ အကုန်ဆေးကြောရမယ်၊ လုပ်နိုင်မလား" ဟု မေးမြန်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ စန္ဒီက ထမင်းစားရမည်ဆို၍ ဝမ်းသာသွားပြီး ...

"ဟုတ်ကဲ့ ... ကျွန်မလုပ်နိုင်ပါတယ်ရှင်၊ ကျွန်မကို ထမင်းသာ ကျွေးပါ" ဟုပြောဆိုလိုက်သဖြင့် ဆိုင်ရှင်မိန်းမကြီးက စန္ဒီကိုဆိုင်အတွင်း ထဲသို့ ခေါ်သွားပြီး ထမင်းဟင်းများ ချက်ပြုတ်သောနေရာ၌ ထမင်း ကျွေးလေ၏။

သို့ဖြင့်စန္ဒီသည် ထမင်းစားသောက်ပြီးသောအခါ ဆိုင်ရှင်မိန်းမ ကြီးခိုင်းသည့်အတိုင်း တစ်ဆိုင်လုံးရှိပန်းကန်အိုးခွက်များကို ဆေးကြော ရလေ၏။

ထိုသို့ဆေးကြောရာတွင် မနားမနေ သွက်လက်စွာ လုပ်ကိုင်ခဲ့ သဖြင့် နာရီပိုင်းအတွင်းမှာပင် ပြီးစီးသွားလေ၏။

ထိုအခါ အလုပ်ကို သွက်သွက်လက်လက် လုပ်ကိုင်နိုင်သော စန္ဒီ၏အရည်အချင်းကို ဆိုင်ရှင်မိန်းမကြီးက သဘောကျသွားပြီး ...

"မိန်းကလေး ... ဒီက ပြီးရင် ဘယ်သွားမှာလဲ" ဟု မေးမြန်း လေ၏။

ထိုအခါ စန္ဒီက အားမရှိစွာ သက်ပြင်းချလိုက်ပြီး ...

"ကျွန်မမှာ သွားစရာမရှိသေးပါဘူး၊ ကျွန်မတို့မြို့က အပြီး ထွက်ခွာလာပြီး ဒီမြို့ကိုရောက်တော့ ကျွန်မအတွက် တစ်ခုခု ရပ်တည် လို့ရမှာပဲဆိုပြီး ကားပေါ်က ဆင်းလာခဲ့တာ" ဟု ဆိုင်ရှင်မိန်းမကြီး အညြီး ငယ်သိစေရန်ရှင်းပြလိုက်ရာ ဆိုင်ရှင်မိန်းမကြီးက ခေါင်းညိတ်၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို...မိန်းကလေး ငါတို့ဆိုင်မှာ ခုနအလုပ်ကို လုပ်နိုင်မလား၊ လုပ်နိုင်ရင်တော့ နေစရာ၊ စားစရာရမယ်၊ ပြီးတော့ လခလဲပေးမယ်" ဟု ပြောလေ၏။

ထိုအခါ စန္ဒီသည် လွန်စွာမှ ဝမ်းသာသွားပြီး...

"တ...တကယ်ပြောတာလား၊ နေစရာ စားစရာရမယ်ဆိုရင် ကျွန်မလုပ်ပါ့မယ်ရှင်" ဟု တက်ကြွစွာ ပြောဆိုလိုက်၏။

ထိုအချိန်မှစ၍ စန္ဒီသည် ထိုမိန်းမကြီး ထမင်းဆိုင်၌ အလုပ်စတင်လုပ်ကိုင်ဖြစ်သွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com


(၆)

စန္ဒီသည် အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်လေ၏။ အလုပ်ကြိုးစားသော စန္ဒီကို ဆိုင်ရှင်မိန်းမကြီးက လွန်စွာမှ သဘောကျလေ၏။ လကုန်သောအခါ စန္ဒီအတွက် လခအပြင် အဝတ်အစားတစ်စုံပါ ဝယ်ပေးလေ၏။

ထို့နောက် စန္ဒီသည် ထမင်းဆိုင်တွင် အလုပ်လုပ်ရသည်မှာ လွန်စွာမှ ပင်ပန်းသော်လည်း ညည်းညူခြင်းမရှိခဲ့ချေ။ အချိန်ပြည့် အလုပ်ကိုသာ ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com


တစ်ညသဉ် စန္ဒီသည် ဆိုင်သိမ်းပြီး၍ အိပ်ရာသို့ဝင်သည့်အခါ မိဘနစ်ပါး၏ အဖြစ်ဆိုးများကို ပြန်မြင်ယောင်လေ၏။

ထိုကဲ့သို့ မြင်သည့်အခါ မိဘနစ်ပါးအတွက် လက်စားချေချင်စိတ်က တဖွားဖွားပေါ်လာ၏။

ဖခင်ကို အပြစ်မရှိ ရက်ရက်စက်စက်သတ်ခဲ့သော အရေးပိုင်မင်း မစ္စတာရစ်ဂျွန်း၊ ပြီးတော့ မိခင်အား ပြုစုသယောင်နှင့် အစာထဲ အဆိပ်ခတ်သတ်ခဲ့သော အဒေါ်ဖြစ်သူ ဒေါ်စိန်ပွင့်၊ ထို့အတူ သူမတို့မိသားစုအား သေခွဲခွဲရန် နည်းအမျိုးမျိုးဖြင့် ပျက်စီးရာ ပျက်စီးကြောင်းကြံပြီး သူပုန်နှင့် အဆက်အသွယ်ပြုကာ ထောက်ပံ့သည်ဟု အကောက်ကြံ လက်ထောက်ချလျက် သေတွင်းထဲ ပို့ခဲ့သော တိုက်မောင်း။

ထိုသုံးဦးအား သူမဘဝတွင် အနာကြည်းဆုံးနှင့် အမုန်းဆုံးဖြစ်သည်။ မိဘနစ်ပါးအတွက် လက်စားချေရန် အဓိက ပစ်မှတ်သုံးဦးလည်းဖြစ်လေ၏။

ထိုသို့တွေးရင်း သူမ၏ မကျေနပ်မှုများ၊ ခံပြင်းမှုများ၊ နာကြည်းစက်ဆုပ်မှုများ ဒီရေကဲ့သို့ တိုးပွားလာလေ၏။

ထိုစဉ်အခိုက်မှာပင် သူမ ထောင်ကျပြီး ထောင်ထဲ၌ ဆုံခဲ့သော မိန်းမထူး၊ မိန်းမဆန်းကြီး၊ ဒေါ်အာသာ၏စကားတို့ကို ပြန်ကြားယောင်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ မျက်ရည်ကျတယ်ဆိုတာ မိန်းမမဆန်တဲ့ မိန်းမတွေရဲ့အလုပ်ပဲကွယ့်၊ မိန်းမဆိုတာအားနွဲ့တယ်၊ အဖက်ဖက်ကအရှုံးချည်းပဲလို့ တွက်ထားတဲ့ ပုံသေတစ်ခုကို မိန်းမတိုင်းက ငယ်ကြောက်တစ်ခုအဖြစ် သဘောထားကြတယ်၊ ဒီလို တရားသေ ဝါဒကို စွဲကိုင်ထားတဲ့အတွက် ငါတို့မိန်းမသားတွေမှာ အမြဲတမ်းအရှုံးဘက်ကချည်းပဲ၊ ဒီတော့ ..အဲဒီဝါဒကို ငါတို့ ချိုးဖျက်ရမယ်၊ မိန်းမဆိုတာ ဒီကနေ့ ကမ္ဘာကြီးကို တည်ဆောက်တယ်၊ သာယာလှပစေတယ်၊ ဒီလိုခွန်အားတွေ ရှိကြောင်းသိရက်နဲ့ လောကဓံကို ငါတို့ ဘာလို့ ရင်မဆိုင်နိုင်ရမှာလဲ၊ အထူးသဖြင့် သဘာဝတရားကြီးက ယောကျ်ား၊ မိန်းမ သာတူညီမျှပေးထားတဲ့ ရပ်တည်မှုဆိုတဲ့အခွင့်အလမ်းကို ဘာကြောင့် လက်လွှတ်ခံမလဲ၊ ဒီတော့ လောကဓံကို ရင်ဆိုင်ပြီး ကျယ်ပြောတဲ့ လောကကြီးထဲ ဝင်တိုးနိုင်အောင် အရင်ဆုံး ခိုင်မာတဲ့စိတ်ဓာတ်ကို မွေးမြူပျိုးထောင်ရမယ်၊ အဲဒီစိတ်ဓာတ်ခွန်အားတွေနဲ့ ငါတို့ရဲ့မိန်းမသားဘဝကို ပိုလုံခြုံပြီး အစွမ်း အစရှိအောင်ကြိုးစားရမယ်၊ ဘာပဲဖြစ်ဖြစ်...အမှန်ကို မမြင်သရွေ့တော့ မှားတဲ့အမှားဟာ ပိုပြီး မှားနေမှာပဲ" ဟု ဒဿနဆန်၍ ခွန်အားရှိစေခဲ့သော စကားများပင်ဖြစ်၏။

ထိုစကားများကြောင့်ပင် စန္ဒီဆိုသော သူမဘဝကို ခွန်အားများ၊ စိတ်ဓာတ်များဆီ အရောက်တွန်းပို့ခဲ့လေ၏။

www.burmeseclassic.com


ထို့ကြောင့် စန္ဒီသည် လျော့ရဲနေသောစိတ်ခွန်အားများ ပြည့်စေခဲ့ပြီး သိမ်ငယ်ကြောက်ရွံ့စိတ်များလည်း အလွယ်တကူ ဖယ်ရှားနိုင်ခဲ့လေသည်။

ထို့ကြောင့် တောင်ကထွက်လာပြီး မိဘနှစ်ပါးခေါင်းချသွားသော မြို့လေးဆီသို့ ပြန်ခဲ့၏။ ထိုမှတစ်ဖန် မိဘများ၏သွေးကြွေးကိုလည်း ပေးဆပ်ရန် မကြောက်မရွံ့ ဆုံးဖြတ်နိုင်ခြင်းဖြစ်လေ၏။

တောင်ထဲ၌ဆုံခဲ့သော မိန်းမထူးမိန်းမဆန်းကြီး ဒေါ်အာသာမှာ သူမထက် တစ်နှစ်စောပြီး တောင်မှလွတ်မြောက်သွားခဲ့သဖြင့် ယခုအချိန်၌ သူမ၏ပြောပြချက်အတိုင်း မြန်မာပြည်ကို ပတ်၍ သွားလာနေထိုင်ပေလိမ့်မည်ဟု တွေးကာ သက်ပြင်းချလိုက်၏။

ထို့နောက် စန္ဒီသည် လွင့်မျောနေသောစိတ်ကို ပြန်စုစည်း၍ လျှော့ချလိုက်၏။

ထိုခဏမှာပင် သူမ၏ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါး၍ အိပ်ပျော်သွားလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com



(၇)

ဤသို့ဖြင့် စန္ဒီသည် ထမင်းဆိုင်တွင် အလုပ်လုပ်ခဲ့သည်မှာ လပေါင်းများစွာ ကြာမြင့်ခဲ့လေ၏။

တစ်နေ့သ၌ ထမင်းဆိုင်တွင် စားသုံးသူများပြားလှပြီး၊ စန္ဒီမှာ အလုပ်လက်မလည်အောင် ရှိလေ၏။ ပန်းကန်ဆေးလိုက်၊ စားပွဲထိုး ပြေးလုပ်လိုက်ဖြင့် အလုပ်နှင့်လက် ဖယ်ဆက်ထားသလိုရှိလေ၏။

သို့ဖြင့် စန္ဒီသည် စားပြီးသောပန်းကန်အထပ်ကြီးကိုဆေးကြော နေစဉ် ဆိုင်ရှင်မိန်းမကြီးက...

"ဟဲ့ ...စန္ဒီ၊ ဒီမှာ လူကျနေပြီဟဲ့ ...မြန်မြန်လုပ်စမ်း၊ ပန်းကန်ဆေး နေတာ ခုထိမပြီးသေးဘူးလား" ဟု ဆိုင်ရှေ့မှ လှမ်းအော်လေ၏။

ထိုအခါ စန္ဒီသည် ဆေးကြောပြီးသောပန်းကန်များကို ထပ် လျက် မ,ကာ ဆိုင်ရှေ့သို့ ထွက်ခဲ့လေ၏။

ထိုအချိန်မှာ တစ်ယောက်တည်း ဗျာများနေသော ဆိုင်ရှင် မိန်းမကြီးမှာ စန္ဒီကို ဝင်တိုက်မိလေ၏။

ထိုအခါ စန္ဒီသည် ပန်းကန်အထပ်ကြီးကို မ,ထားရသဖြင့် ဆိုင်ရှင် မိန်းမကြီး ဝင်တိုက်သည့်အရှိန်ကြောင့် လက်ထဲမှ ပန်းကန်အထပ်လိုက် အောက်သို့ပြုတ်ကျသွားလေရာ ဆိုင်ရှင်မိန်းမကြီးမှာ ဒေါသူပုန်ထသွား ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ကြည့်စမ်း၊ ငွေစည်းစိမ်တွေ ပြုတ်ပါပြီ၊ အလုပ်ကို ရှိရှိသေသေမလုပ်တဲ့ဟာမလေး၊ ကဲဟယ်...ကဲဟယ်..." ဟုပြောဆိုကာ ပါးကို ဘယ်ပြန် ညာပြန် ရိုက်လိုက်သည်။

စန္ဒီသည် ထိုအချိန်၌ ဆိုင်ရှင်မိန်းမကြီး၏ လွန်စွာမှ သေးသိမ်သော စိတ်သဘောထားကို အံ့သြစွာမြင်တွေ့သွားရပြီး နာကျင်သွားလေ၏။ သူမ ဤဆိုင်တွင် အလုပ်ကြိုးစားလုပ်ခဲ့သည်ကိုပင် မမြင်တော့ဘဲ ဆိုင်ရှင်မိန်းမကြီးမှာ သူမ၏ပစ္စည်းများအတွက် အလွန် အရေးထား မက်မောပုံရကြောင်း သိရလေ၏။

လူများက ထိုကဲ့သို့ ပါးရိုက်ခံရသောစန္ဒီကို စိတ်မကောင်းဖွယ် ဝိုင်းကြည့်ကြသည်။ မိန်းမကြီးတစ်ဦးမှ . . .

"သနားပါတယ်ဟယ်...ပန်းကန်ကျကွဲတာများ ဘာဖြစ်တာမှတ်လို့လဲ၊ ကိုယ့်သားသမီးမဟုတ်တဲ့အတိုင်း ရိုက်လိုက်တာ...လွန်လွန်းပါရဲ့" ဟူ၍ တီးတိုးရေရွတ်ကာ အပြစ်တင်လေ၏။

ထိုအချိန်၌ ဆိုင်ရှေ့ထောင့်စားပွဲတွင် အနက်ရောင်ဝတ်စုံဖြင့် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်း၍ ထိုင်နေသော မိန်းမပျို တစ်ဦးသည် ထိုနေရာသို့ ထလာပြီး ဆိုင်ရှင်မိန်းမကြီးရှေ့တွင် ချပ်လေ၏။

ပြီးနောက် မိန်းမပျိုသည် ဆိုင်ရှင်မိန်းမကြီးကို စူးစူးရဲရဲကြည့်လိုက်၏။ လူများက မိန်းမပျိုလေးကို ဘာများပြောလေမလဲ ဟူသော အမူအရာဖြင့် စိတ်ဝင်တစားကြည့်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် မိန်းမပျိုလေးသည် ဘာမပြောညာမပြောနှင့် ဆိုင်ရှင်မိန်းမကြီး၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်ချလိုက်လေတော့သည်။

ထိုအခါ စိတ်ဝင်တစားကြည့်ရှုနေကြသော လူများမှာ ဟာခနဲ၊ ဟင်ခနဲ ဖြစ်သွားကြလေ၏။

ထိုသို့ ဆိုင်ရှင်မိန်းမကြီး၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်ချလိုက်ပြီးနောက် မိန်းမပျိုလေးသည် လွယ်အိတ်တစ်ခုထဲက ပိုက်ဆံရွက်များကို ထုတ်၍ ဆိုင်ရှင်မိန်းမကြီး၏ မျက်နှာသို့ ပစ်ပေါက်လိုက်ပြီး...

"ရော့ ... ဒါ ရှင့်ရဲ့ပစ္စည်းဖိုးအတွက် အလျော်ပဲ၊ ကိုယ်ကအလုပ်ရှင်ဆိုပြီး ဒီလိုနိုင်ထက်စီးနင်းပြုတာကို အမှန်တရားက ခွင့်မပြုဘူး၊ ဒါ... ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်ဖြစ်ပါစေ၊ နောက်နောင် ဒီလို အနိုင်ကျင့်စော်ကားတာကို တွေ့ရင် တစ်ဆိုင်လုံး မြေလှန်ပစ်မယ် ... နားလည်လား" ဟု ပြောဆို၍ တအံ့တဩဖြစ်နေသော စန္ဒီဘက်သို့ ကြည့်လိုက်ရင်း...

"ဒီမှာ ...သမီး၊ ရဲရင့်တဲ့မိန်းမတစ်ယောက်အတွက် လောကမှာ အလုပ်ဆိုတာ မရှားဘူးကွယ့်၊ ကိုယ်လုပ်တဲ့ အဲဒီအလုပ် ဟာလဲ အမှန်တရားဖက်ပြီး မျှတတဲ့ပန်းတိုင်ဖြစ်ဖို့လိုတယ်၊ သမီးလိုလားတဲ့ အဲဒီပန်းတိုင်ရောက်ဖို့ လက်ရှိအရိပ်က မပို့ပေးနိုင်ဘူးဆိုတာ နားလည် ထားပါ" ဟု ပြောဆိုပြီးနောက် ဆိုင်ထဲမှ ထွက်ခွာသွားလေတော့၏။

www.burmeseclassic.com

ထိုအခါ ဆိုင်ထဲရှိ လူများက မိန်းမပျိုလေးကို တအံ့တသြ ချီးမွမ်းကြသလို၊ ကိုယ်နှင့်မဆိုင်သည့်ကိစ္စ ဝင်ရှုပ်သည် ဟူ၍ လည်း ဝေဖန်လိုက်ကြလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၈)

အထက်ပါကိစ္စများ ဖြစ်ပွားပြီး နောက်တစ်နေ့တွင် စန္ဒီသည် လွန်စွာမှ စိတ်ထားသေးသိမ်သော ထမင်းဆိုင်ပိုင်ရှင် မိန်းမ ကြီးအရိပ် အောက်၌ မခိုလှုံလိုတော့သဖြင့် မိမိ၏အဝတ်အစားအနည်းငယ်နှင့် စုဆောင်းထားသောငွေများကိုယူပြီး ဆိုင်မှ အပြီးတိုင် ထွက်ခဲ့လေ၏။

သို့ဖြင့် စန္ဒီသည် ဤမြို့ကလေးတွင်လည်း နေထိုင်ရန် မဖြစ်တော့ပြဟု ယူဆကာ ခြေဦးတည့်ရာ လျှောက်သွားနေမိသည်။

သို့သော် ထောင်ထဲတွင် ဆုံပြီး ရင်းနှီးခဲ့သော မိန်းမထူး မိန်းမဆန်းကြီးဒေါ်အာသာ၏စကားတို့ကို ပြန်ကြားယောင်မိသဖြင့် စိတ်ဓာတ်ခွန်အားများ ပြန်လည်တက်ကြွသလို ဖြစ်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . မြင်အောင် မကြည့်သေးသရွေ့ပျောက်တဲ့ ပန်းတိုင်ဟာ ပျောက်နေဦးမှာပဲ၊ ငါ့ရဲ့ပန်းတိုင်ကိုအရောက်သွားရမယ်" ဟု တစ်ကိုယ်တည်း ရေရွတ်၍ အားတင်းလိုက်၏။

ထို့ကြောင့် စန္ဒီသည် သူမ၏အလိုဆန္ဒများ ပြည့်ဝဖို့အတွက် လောကတွင် အင်အားကြီးရန် လိုအပ်ကြောင်း နားလည်လာ၏။

ကျယ်ဝန်းသောလောကကြီး၏ အတွေ့အကြုံများကို ရှာဖွေရင်း အင်အားကြီးသော တစ်နေ့၌ မိဘများ၏ သွေးကြွေးကို ပြန်ဆပ်ရန် ဆုံးဖြတ်လိုက်၏။

ထိုကဲ့သို့ ဆုံးဖြတ်ပြီးနောက် စန္ဒီသည် ခြေဦးတည့်ရာလျှောက် မသွားတော့ဘဲ ဤမြို့မှအပြီးတိုင်ထွက်ခွာရန် မြို့အပြင်ရှိ အဝေးပြေးကား ဂိတ်သို့ထွက်ခဲ့လေ၏။

ကားဂိတ်သို့ရောက်သည့်အခါ ကားအလာကို အများနည်းတူ စောင့်ဆိုင်းနေခဲ့၏။

သို့ဖြင့် မကြာခင်မှာပင် အဝေးပြေးကားတစ်စီး ထိုးစိုက်လာ သဖြင့် ထိုကားနှင့် လိုက်မိခဲ့လေတော့သည်။

ထို့နောက် စန္ဒီစီးနင်းလိုက်ပါလာသော အဝေးပြေးကားကြီးမှာ နေဝက်မျှမောင်းနှင်ပြီးသောအခါ မြို့တစ်မြို့တွင် ရပ်နားလေရာ စန္ဒီသည် ခရီးမဆက်တော့ဘဲ ထိုမြို့မှာပင် ဆင်းသက်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ ဆင်းသက်ပြီးနောက် စန္ဒီသည် ဗိုက်ဆာလာသဖြင့် ထမင်းဆိုင်တစ်ဆိုင်၌ ဝင်၍ ခေါက်ဆွဲကြော်တစ်ပွဲ မှာစားလေ၏။

ထိုအချိန်၌ စန္ဒီစားသောက်နေရာဝိုင်းနားသို့ လွန်စွာမှ အသက်အရွယ်အိုမင်း၍ နွမ်းပါးစုတ်ချာလှသော အဘွားအိုတစ်ဦး သည် အစားအသောက်များကို တောင်းရမ်းလေ၏။

ထိုအခါ လွန်စွာမှရိုင်းပျလှသော စားသောက်သူ အမျိုးသား တစ်ဦးမှ....

"သွားစမ်း...သူတောင်းစားအဘွားကြီး၊ ကျက်သရေမဲ့လိုက် တာ" ဟု ရင့်သီးစွာ မောင်းထုတ်လေရာ ဆိုင်ရှင်မိန်းမကြီးတစ်ဦး ရောက်လာပြီး...

"ရှင်တို့ သူတောင်းစားတွေ လွန်လွန်းတယ်၊ သွား...သွား၊ စားသောက်သူတွေ အနှောင့်အယှက်ဖြစ်တယ်၊ ဒီဆိုင်ထဲကို နောက် ဘယ်တော့မှ မလာနဲ့" ဟု ရိုင်းပျစွာ မောင်းထုတ်လိုက်လေတော့၏။

ထိုစဉ်အခိုက်မှာပင် စန္ဒီသည် ထိုမြင်ကွင်းကို အစအဆုံးမြင် တွေ့ရသည်ဖြစ်သဖြင့် လွန်စွာမှစိတ်မကောင်းဖြစ်သွားပြီး စားလက်စရပ် လိုက်ရင်းမှ..

"ဒီမှာ...ဒီမှာ...အဒေါ်" ဟု အသံလှမ်းပြုလိုက်သဖြင့် မျက်နှာ ပေါက် ဆိုးဆိုး ဆိုင်ရှင်မိန်းမကြီးက လှမ်းကြည့်လျက်...

"ဘာအလိုရှိသလဲ...မိန်းကလေး" ဟု မေးမြန်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ စန္ဒီသည် လမ်းခရီးတွင်သုံးရန် ပါလာသောငွေသားထဲမှ ထုတ်၍...

"အဲဒီအဘွား လိုတာပေးလိုက်ပါ၊ ကျသင့်ငွေ ကျွန်မရှင်းပေးမယ်" ဟု ပြောပြီး ပေးလိုက်သဖြင့် ငွေမက်ပုံရသော ဆိုင်ရှင် မိန်းမကြီးမှာ ပျာပျာသလဲဖြစ်သွားပြီး သူတောင်းစားအဘွားအို အလိုရှိရာ အမြန်စီစဉ်ပေးလေတော့၏။

ထို့နောက် သူတောင်းစားအဘွားအိုသည် ခေါက်ဆွဲကြော်ထုပ်ကလေးဆွဲလျက် စန္ဒီအနားသို့လာရပ်ပြီး...

"ကျေးဇူးလက်ဆောင်ပါးပါရစေ...မိန်းကလေး၊ လောကကြီးမှာ သဒ္ဓါမဲ့သူနဲ့ သဒ္ဓါရှိသူ၊ ကံဆိုးသူနဲ့ ကံကောင်းသူ လူပေါ်မှာပဲ မူတည်တယ်၊ ရေစက်ဆိုတာလဲ အလှူလုပ်ဖို့မလိုဘူး၊ သီလမြဲဖို့ပဲလိုတယ်၊ ဒါပေမယ့် ... မြင်အောင်မကြည့်သေးသရွေ့ ပျောက်တဲ့ပန်းတိုင်ဟာ ပျောက်နေဦးမှာပဲ" ဟု ပြောဆိုကာ ထွက်ခွာသွားလေတော့၏။

ထိုအခါစန္ဒီသည် သူတောင်းစားအဘွားအို၏စကားကိုလွန်စွာမှ သဘောကျနှစ်သက်သွားပြီး စိတ်ထဲမှ ကြိတ်၍ လေးစား သွားမိ၏။

"မြင်အောင်မကြည့်သေးသရွေ့ပျောက်တဲ့ပန်းတိုင်ဟာပျောက်နေဦးမှာပဲ" ဟူသော နောက်ဆုံးပိတ်စကားလေးက ဒသသနဆန်၍ အဓိပ္ပာယ်လေးနက်ကြောင်း တွေးမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com


အထက်ပါစာသားလေးကို သူမတရင်းတနှီးရှိခဲ့သည်ဟု ခံစားရသဖြင့် စဉ်းစားမိလေ၏။

ထိုစဉ်ခဏ သူမ တအံ့တသြနှင့် မျက်လုံးပြူးသွားပြီး...

"ဟင်...အဒေါ်အာသာ၊ ဒါဆို...ခုန အဘွားအိုက..." ဟု တစ်ယောက်တည်းရေရွတ်လျက်ပြောဆိုခဲ့သူမှာ သူမနှင့် ထောင်ထဲတွင် ဆုံပြီး ရင်းနှီးခဲ့သော ဒေါ်အာသာဆိုသော မိန်းမထူး မိန်းမဆန်းကြီး တစ်ယောက်သာ သူမအား ပြောဆိုခဲ့ဖူးလေ၏။

ထို့ကြောင့် စန္ဒီသည် စဉ်းစားမနေတော့ဘဲ စားထားသမျှ ကျသင့်ငွေအမြန်ရှင်း၍ သူတောင်းစားအဘွားအိုနောက်သို့ အမြန်လိုက်လေတော့သည်။

သို့ရာတွင် သူတောင်းစားအဘွားအိုအား အရိပ်အခြည်မျှ မတွေ့ရတော့ချေ။ သူမအား တွေ့တွေ့ချင်း ပညာစွမ်းပြသွားသည်ဟူ၍ နားလည်လိုက်၏။

သူမသိထားသော မိန်းမထူးမိန်းမဆန်းကြီး ဒေါ်အာသာမှာ ရုပ်ပြောင်းရုပ်လွှဲပညာ လွန်စွာမှ တော်ကြောင်းနှင့် လောက၏အတွေ့အကြုံများ၊ ထူးဆန်းနက်နဲသော ပညာရပ်မျိုးစုံကိုလည်း တတ်မြောက်ထားသူဖြစ်ကြောင်း ပြောပြဖူး၍ သိရလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထောင်ထဲနေစဉ်က သူမတတ်လွယ်နိုင်ပြီး ခက်ခက်ခဲခဲမည်သည့်အထောက်အကူပစ္စည်းမျှမလိုသော ရှေးအကျဆုံး တိဘက်လူမျိုးများ၏ အကြောကိုင်ပညာနှင့် နက်နဲသောစိတ်စွမ်းအင်မြှင့်နည်းပညာရပ်တို့ကို သင်ကြားပြသပေးခဲ့ဖူး၏။ ထောင်ထဲတွင် အပြင်ကဲ့သို့မလွတ်လပ်ဘဲ စနစ်တကျ မသင်ရသဖြင့် ကျွမ်းကျင်စွာတော့ မတတ်မြောက်ခဲ့ချေ။ သူမ သဘောအကျဆုံးပညာ ရပ်မှာ လက်လှည့်ပညာပင်ဖြစ်၏။

ထို့ပြင် မိန်းမထူး မိန်းမဆန်းကြီး ဒေါ်အာသာသည် သူမဘဝ၏ အတွေ့အကြုံ ဗဟုသုတများနှင့် စိတ်ဓာတ်ခွန်အားများ ဖြစ်စေသော ဒဿနအတွေးအခေါ်ပညာရပ်များကိုလည်း တွေးခေါ်ဆင်ခြင်တတ်အောင် လမ်းကြောင်းပေါ် ချပေးခဲ့လေ၏။

ထိုစဉ်က သူမ လေးစားအားကျစိတ်နှင့် တစ်နေ့ ဒေါ်အာသာကဲ့သို့ဖြစ်အောင် ကြိုးစားမည်ဟုလည်း ဆုံးဖြတ်ထားခဲ့လေ ၏။

ယခု သူမ လွန်စွာ , လေးစားအားကျခဲ့သော မိန်းမထူး မိန်းမဆန်းကြီး ဒေါ်အာသာနှင့် ဆုံရပြန်ပြီ။ ဤမြို့ကလေး၌ သူမကို မတွေ့တွေ့အောင်ရှာမည်ဟုလည်း စိတ်ထဲမှ ပိုင်းဖြတ်လိုက်လေသည်။

ထို့နောက် စန္ဒီသည် မိန်းမထူး မိန်းမဆန်းကြီး ဒေါ်အာသာအား တစ်မြို့လုံး လိုက်ရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် အချိန်သော တဖြည်းဖြည်းကုန်လာပြီး အရိပ်အယောင်မျှ မတွေ့ရတော့ချေ။

ဤသို့ဖြင့် စန္ဒီသည် တစ်မြို့လုံး အနှံ့ရှာပြီးနောက် မထူးခြားသော်လည်း စိတ်ဓာတ်မကျသေးဘဲ လူအစည်ကားဆုံး ဈေးကြီးထဲသို့ ရှာခဲ့ပြန်လေ၏။

ထိုမှတစ်ဆင့် မြို့အပြင်ရှိ ဇရပ်အနီးသို့ ရောက်သည့်အခါ ထိုဇရပ်တွင် ခေတ္တနားရန်စဉ်းစားမိပြီး ဇရပ်ပေါ်တွင် ဝင်နား လိုက်သည်။

ထိုစဉ်အခိုက်မှာပင် သူမနားနေသော ရှေ့တည့်တည့်ရှိ ဇရပ်နံရံပေါ်တွင် မြေနီခဲဖြင့် ရေးထားသော စာသားလေးကို ဖတ်မိလိုက်ရာ သူမသည် လွန်စွာမှ အံ့ဩသွားရလေတော့၏။

ထိုစာမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

မြင်အောင် မကြည့်သေးသရွေ့

ပျောက်တဲ့ပန်းတိုင်ဟာ ပျောက်နေဦးမှာပဲ

ဟူ၍ဖြစ်သည်။

ဇရပ်နံရံပေါ်တွင် ထိုစာသားလေးကို မမျှော်လင့်ဘဲ တွေ့လိုက်ရခြင်းအတွက် ဤပတ်ဝန်းကျင်၌ဒေါ်အာသာရှိကိုရှိလိမ့်မည်ဟူ၍လည်း သူမယုံကြည်သွားလေ၏။

ထို့ကြောင့် သူမသည် နေရာမှထရန် ဟန်ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်မှာပင် ထမင်းဆိုင်၌ တွေ့ခဲ့ရသော သူတောင်းစား အဘွားအိုရောက်လာပြီး…

"မြင်အောင်ကြည့်တတ်တဲ့အတွက် ပျောက်နေတဲ့ပန်းတိုင်ကို ရောက်လာပြီ၊ ဂုဏ်ယူပါတယ်…မိန်းကလေး" ဟု ပြောဆိုလာသဖြင့် သူမရှာနေသော မိန်းမထူး မိန်းမဆန်းကြီး ဒေါ်အာသာဖြစ်ကြောင်း သိလိုက်ရ၍ လွန်စွာမှ ဝမ်းမြောက်ဝမ်းသာဖြစ်သွားရင်း…

"အဒေါ်ဖြစ်မယ်ဆိုတာ သချာလို့ လိုက်ရှာခဲ့တာ၊ ဒီပုံစံကြီးနဲ့ ဆိုတော့ ရုတ်တရက် မမှတ်မိခဲ့ဘူး၊ မြင်အောင်မကြည့်သေး သရွေ့ ပျောက်တဲ့ပန်းတိုင်ဟာ ပျောက်နေဦးမှာပဲလို့ ထမင်းဆိုင်မှာ အဒေါ် ရှုတ်လိုက်မှအမှတ်ရသွားတယ်၊ ဒါကြောင့်တစ်မြို့လုံးအနှံ့လိုက်ရှာခဲ့တာ" ဟု ဘူမက ရှင်းပြလိုက်၏။

ထိုအခါ ဒေါ်အာသာက သဘောကျစွာရယ်မောလိုက်ပြီး…

"သတိအမြဲ လက်ကိုင်ထားတဲ့ လူတစ်ယောက်ဟာ ဘယ် လောက်မှောင်မိုက်တဲ့ခရီးပဲဖြစ်ဖြစ် သတိဆိုတဲ့အလင်းရောင်နဲ့ ဖြတ် ကျော်နိုင်တယ်၊ ခု …ငှက်ကလေးတစ်ကောင်လို ပျံသန်းလာတဲ့ မိန်းကလေးနဲ့ ရေစက်ပြန်ဆုံရတာ အဒေါ် ဝမ်းသာတယ်၊ ရင်နာစရာ ကောင်းခဲ့တဲ့ အတိတ်တွေရှိရာမြို့လေးကို မိန်းကလေးရောက်သွား ပြီးပြီလား၊ ဘာတွေထူးခြားလဲ၊ ရှင်းပြပါဦး" ဟု မေးလာသဖြင့် စနိုးသည် သက်ပြင်းချ၍ သူမ ထောင်ကလွတ်လာပြီးနောက် မြို့လေးကို ပြန်ခဲ့ပုံမှ

www.burmeseclassic.com


အစပြု၍ မီးလောင်ပြီး သေဆုံးသွားသော ဦးသိုက်မောင်းနှင့် မည်သည့် အရပ်တွင်ရှိနေမှန်းမသိရသော လူယုတ်မာတိုက်မောင်း အကြောင်း၊ သူမ၏ မိဘပိုင်လုပ်ငန်းများ အားလုံးရောင်းချပြီး ပစ္စည်းများကို အပိုင် သိမ်း၍ အခြားအရပ်တစ်ပါးသို့ ခြေရာဖျောက် ပြောင်းရွှေ့သွားသော အခေါ် မိသားစု၏ အကြောင်းနှင့် သူမ ဒီရောက်လာပုံအကြောင်းတို့ကို ကြားသိကြံ့ခဲ့သမျှ မခြွင်းမချန် ရှင်းပြလိုက်လေတော့၏။

သူမစကားဆုံးသောအခါ ဒေါ်အာသာက စိတ်မကောင်းဟန်ဖြင့် သက်ပြင်းချ၍...

"ဒါ... လောကနိယာမပဲ မိန်းကလေး၊ လူဟာ နာကြည်းမှုနဲ့ အသက်ရှင်တယ်၊ လူဟာပျော်ရွှင်မှုနဲ့ အသက်ရှင်တယ်၊ လူဟာ ကြေကွဲ မှုနဲ့ အသက်ရှင်တယ်၊ လူဟာ ယုံကြည်မှုနဲ့ အသက်ရှင်တယ်၊ လူဟာ မျှော်လင့်ချက်နဲ့ အသက်ရှင်တယ်၊ အားလုံး တစ်နည်းတစ်ဖုံနဲ့ ပတ်သက် ပြီး အသက်ရှင်ကြတာချည်းပဲ၊ ကိုယ့်ဘဝအပေါ် ဇာတ်ရပ်ကျလာတဲ့ ရှင်သန်ခြင်းမျိုးကို အဓိပ္ပာယ်ရှိရှိနဲ့ လက်ခံရင်း မြင်အောင်ကြည့်ပြီး ပျောက်နေတဲ့ပန်းတိုင်ဆီ ရောက်အောင်သွားရမယ်၊ လူ့ဘဝအဓိပ္ပာယ်နဲ့ လေးနက်ခြင်းဆိုတာ ဒါမျိုးကိုပဲခေါ်တာကွယ့်၊ ငြိမ်နေတဲ့ရေပြင်ဟာ သူ့မှာစီးဆင်းမှု အနာဂတ်မရှိဘူး၊ လှုပ်ရှားမှု အလှတရားမရှိဘူး၊ လေမှာ ယိမ်းတဲ့ သစ်ကိုင်းတစ်ခုဟာ ပင်စည်ရဲ့အလှတရားအတွက် ဥတုသံစဉ်ကို လက်ယပ်ဖိတ်ခေါ်တယ်၊ လှုပ်ရှားသက်ဝင်မှုရဲ့အလှတရားဟာ ဘယ်မှာ

www.burmeseclassic.com

ကြည့်ကြည့် ရှင်သန်မှုပျောက်မသွားဘူး၊ ကောင်းကင်မှာလဲရှိတယ်၊ မြေပြင်မှာလဲရှိတယ်၊ ဒီကမ္ဘာလောကကြီးတည်နေသရွေ့လှုပ်ရှားသပ်ဝင်မှုတိုင်းဟာ လှုပနေမှာ အမှန်ပဲ၊ ဒီတော့ . . . သင်၏ အလိုဆန္ဒပြီးပြည့်စုံရာအရပ်ကို မျက်နှာမူပါ၊ သင်၏အစွမ်းရှိရာ ခြေထောက်များကို ပန်းတိုင်ဆီ အရောက်လှမ်းပါ၊ သင်၏ ဒဲမှန်တရားရှိရာ အမြင်များကို လောကကြီးထဲ ဖြန့်ကျက်ပါ၊ သင်၏ ဧအောင်မြင်မှုရှိရာ အရည်အချင်းများကို အသုံးပြုပါ၊ တရားသေဝါဒကို လွှတ်ချပြီး အဲဒီနည်းလမ်းတွေ ကျော်ဖြတ်နိုင်တဲ့ တစ်နေ့၊ မိန်းကလေးဟာ ဒီလောကမှာ စေတစ်လုံးပိုင်ဘုရင်တစ်ဆူဖြစ်ပြီလို့သာ မှတ်။ ဒါပေမယ့်...ခုချိန်မှာ ... မိန်းကလေးအတွက် လူတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အတတ်ပညာတွေ၊ စည်းမျဉ်းဥပဒေတွေ ဟတ်မြောက်သက်လုံကောင်းထားဖို့အတွက် အမိက လိုအပ်နေတာ အချိန်ဆိုတာပဲ...မိန်းကလေး" ဟု ရှည်လျားစွာ ပြောဆိုလာလေ၏။

ထိုအခါ သူမက မျက်မှောင်ကြုတ်၍ ...

"ဒါဆို...ကျွန်မ ဘာလုပ်ရမလဲ၊ အဒေါ် လမ်းညွှန်ပြပေးပါ" ဟု တောင်းဆိုလေရာ ဒေါ်အာသာက ခေါင်းညိတ်၍...

"ဒေါ်အာသာရဲ့ကျောင်းတော်ကြီးမှာ အခမဲ့ပညာရပ်တွေကို သင်ကြားရမယ်" ဟု ပြောဆိုရင်း ရယ်မောလိုက်လေ၏။

ထိုအခါ သူမလည်း ဝမ်းသာပျော်ရွှင်သွားပြီး ...

www.burmeseclassic.com

"ကျွန်မ အဲဒီကျောင်းတော်မှာ ပညာတွေသင်ရလို့ကတော့ တစ်သက်လုံးနေဆိုနေပါ့မယ်" ဟုပြော၍ ရယ်မောလိုက် လေ၏။

ထိုအခါ ဒေါ်အာသာက မျက်လုံးပြူး၍...

"အမယ်လေး...တစ်သက်လုံးတော့မသင်ပါရစေနဲ့၊ ဆရာဆိုတာ ဝမရှိဘဲ ဝိလုပ်လို့ရတာမျိုးမဟုတ်ဘူး။ ဝမရှိဘဲ ဝိလုပ်ရင် ဝိညာဥ်ဘဝ ကတောင် ကျွတ်မှာမဟုတ်ဘူး" ဟု ညည်းညူလေရာ စန္ဒီသည် တစ်စုံ တစ်ရာကို သတိရသွားပြီး...

"ဒါနဲ့...အဒေါ်က ဒီပုံစံကြီး ဘာကြောင့် ပြောင်းလာတာလဲ" ဟု မေးမြန်းလိုက်၏။

ထိုအခါ ဒေါ်အာသာက...

"မိန်းကလေး...ငါ့ရဲ့ကျောင်းတော်မှာ ငါ့ရဲ့ကျောင်းသားဖြစ်လာမယ့် လူတစ်ယောက်ဟာ နောင်ကို အဲဒီပညာရပ်တွေပါ ထိုးထွင်းသိထားဖို့လိုတယ်၊ မသိရင်မှတ်ထား ကိုယ်မကျွမ်းဝင်သေးတဲ့ အရပ်တစ်ပါးမှာ ကိုယ့်ရဲ့မူလရုပ်ကိုမပြတာက အကောင်းဆုံးနဲ့ အသင့်တော်ဆုံး နည်းဗျူဟာတစ်ရပ်ပဲ၊ ဘာပဲဖြစ်ဖြစ်...ပင်ကိုအရည်အသွေးရှိပြီးသား မိန်းကလေး အတွက် နောင် ဒါတွေဟာ ထမင်းစားရေသောက်သလိုပဲ ဖြစ်သွားမှာပါ၊ ကဲ...ခုချိန်ကစပြီး မိန်းကလေးဘဝပြောင်းလဲသွားဖို့အတွက် ဒေါ်အာသာ ရဲ့ကျောင်း တော်ကြီးရှိရာ အရပ်ကို လိုက်ခဲ့ပေတော့" ဟု ပြောဆိုလိုက် ပြီးနောက် စန္ဒီသည် မိန်းမထူးမိန်းမဆန်းကြီး ဒေါ်အာသာနောက်သို့ ပျော်ရွှင်တက်ကြွစွာ လိုက်ပါခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အဝေးပြေးကားဂိတ်သို့ရောက်လေလျှင် ဒေါ်အာသာသည် ထွက်ရန်ဆဲဆဲ ကုန်တင်ကားကြီးပေါ်မှ ဒရိုင်ဘာကို ပြောဆို အကူအညီတောင်း၍ နစ်ယောက်အတူ လိုက်ပါခဲ့လေ၏။

နောက်တစ်နေ့နံနက်ရောက်သောအခါ ထိုကုန်တင်ကားကြီးမှာ မြို့တစ်မြို့သို့ဝင်လေ၏။

ထိုမြို့သို့ရောက်သောအခါ နစ်ယောက်စလုံး ကားပေါ်မှဆင်း၍ ဒေါ်အာသာက ...

"ဒီမြို့ဟာ ဒေါ်အာသာရဲ့ ကျောင်းတော်ကြီးရှိရာမြို့ပဲ" ဟု ပြောဆိုလေ၏။

ထိုအခါ စန္ဒီသည် မနက်စောစော လွန်စွာမှစည်ကားသော မြို့၏ သက်ဝင်လှုပ်ရှားမှုကို တအံ့တဩ ငေးမောကြည့်ရှုရင်း ဒေါ်အာသာနှင့် အတူလိုက်ပါခဲ့လေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com


(၉)

ဤသို့ဖြင့် စန္ဒီသည် သီးပင်စားပင်များဖြင့် လွန်စွာမှ ကျယ်ဝန်းလှသော မြို့အပြင်ရှိ ဒေါ်အာသာ၏ခြံကြီးထဲသို့ ရောက်ရှိသွားသည့်အခါ တစ်ခြံလုံး လှည့်ပတ်ကြည့်ရှု၍ နှစ်သက်သဘောကျပြီး ပျော်ရွှင်နေလေ၏။

နောက်ရက်မှစ၍ ဒေါ်အာသာသည် စန္ဒီအား ပညာရပ်မျိုးစုံကို စနစ်တကျ သင်ကြားပေးလေသည်။

မနက်ပိုင်း သိုင်းပညာသင်ကြားပေးပြီး၊ နေ့လယ်ပိုင်း၊ ညနေပိုင်းနှင့် ညပိုင်းများတွင် အခြားပညာရပ်မျိုးစုံကိုအချိန်ဇယားဆွဲ၍ သင်ကြားပေးခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


တိဗက်ဒေသတွင် နှစ်ပေါင်းများစွာ လှည့်လည်နေထိုင်ခဲ့ဖူးသော ဒေါ်အာသာသည် တိဗက်လူမျိုးများ၏ရှေးအကျဆုံးနှင့် နက်နဲဆုံးဖြစ်သော အကြောကိုင်ပညာ၊ ဆေးပညာ၊ စိတ်စွမ်းအင်မြှင့်နည်းပညာ၊ လက်လှည့်နှင့် မျက်လှည့်ပညာများမှ အစပြု၍ စာပေပညာ၊ အတွေးအခေါ်၊ ဒဿနပိုင်းပညာနှင့် အခြားဗဟုသုတဖြစ်စရာများပါမကျန် မနားမနေ သင်ကြားပေးခဲ့လေ၏။

စန္ဒီသည် ဒေါ်အာသာသင်ကြားပေးသော အထက်ပါပညာရပ်များကိုအထူးတလည်ကြိုးစားခဲ့သဖြင့်ရက်ပိုင်း လပိုင်းအတွင်းမှာပင်ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လာ၏။ ဒေါ်အာသာကိုယ်တိုင်ကလည်း နှစ်သက်အားရပြီး ချီးကျူးစကား အကြိမ်ကြိမ်ဆိုခဲ့လေသည်။

ထိုသို့ဖြင့်စန္ဒီသည်အထက်ပါပညာရပ်များကိုမနားမနေကြိုးစား သင်ယူခဲ့သဖြင့် ဒေါ်အာသာနှင့် ယှဉ်ပြိုင်လေ့ကျင့်နိုင်သည်အထိ အထူးကျွမ်းကျင်လာ၏။

ဤသို့ဖြင့် စန္ဒီသည် ထိုပညာရပ်များကို သင်ကြားနေရခြင်းကို မည်သို့မျှပင်ပန်းဆင်းရဲသည်ဟု မထင်တော့ဘဲ တစ်နေ့တခြား မိဘများအတွက် သွေးကြွေးဆပ်ရန် ခွန်အားများပင် ကြီးထွားအမြစ်တွယ်လာလေတော့၏။

ဤသို့ဖြင့် စန္ဒီသည် ဒေါ်အာသာထံ၌ ထိုပညာရပ်များကို မနားမနေသင်ကြားရင်းဖြင့် နှစ်နှစ်ဆိုသော အချိန်ကာလတို့ကို သြော်မြင့်မှန်းမသိအောင် ကျော်ဖြတ်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ကျော်ဖြတ်ရင်း တစ်နေ့သ၌ ဒေါ်အာသာသည် စန္ဒီအား မိန်းကလေးအသုံးအဆောင်ပစ္စည်းများဝယ်ယူရင်း လည်ပတ်ရန်အတွက် လုံလောက်သောငွေပေးပြီး မြို့ထဲသို့လွှတ်လေ၏။

ထို့ကြောင့် စန္ဒီသည် မြို့ထဲရှိ ကုန်တိုက်များတွင် လိုအပ်သော အသုံးအဆောင်ပစ္စည်းများဝယ်ယူပြီး၊ ထိုမြို့တွင်တန်ခိုးအကြီးဆုံးဘုရားသို့ သွားရောက်ဖူးမြော်လေ၏။

သို့ဖြင့် စန္ဒီသည် တစ်နေကုန်သွားလာ ဝယ်ခြမ်းပြီးနောက် ပြန်ခဲ့ လေတော့သည်။

ထိုစဉ်အခိုက်မှာပင် စျေးကြီးရှေ့မှ ကျော်ဖြတ်လာသော စန္ဒီသည် မထင်မှတ်သော မြင်ကွင်းတစ်ခုကြောင့် အံ့ဩသွားလေ ၏။

ထိုမြင်ကွင်းကား မျက်နှာဖြူပုလိပ်တစ်ဦးသည် လူငယ်လေး တစ်ဦးအား အတင်းရိုက်နှက်ထိုးကြိတ်နေသော မြင်ကွင်းဖြစ် လေ၏။

ဝိုင်းကြည့်ရှုနေကြသောလူများကို မေးကြည့်သောအခါ လူငယ် လေးက ထိုပုလိပ်သားထံမှ ပိုက်ဆံအိတ်ကို အလစ်နှိုက် ယူသောကြောင့် ပုလိပ်သားက သိသွားပြီး ယခုကဲ့သို့ ရိုက်နှက်ထိုးကြိတ်နေကြောင်း သိရလေ၏။

သို့သော် ကြည့်ရသည့် မြင်ကွင်းက တစ်ဖက်စီးနင်းဆန်လှပြီး ရက်စက်လွန်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတူ မိမိပစ္စည်းပြန်ရပါလျှက် အသိဉာဏ် မရင့်ကျက်သေးသော လူငယ်လေးတစ်ယောက်အား တော်ရုံ သင့်ရုံ ဆုံးမလျှင်လည်း ရပါသည်။

ယခုမူကား...အသေသတ်တော့မည့်အခြေအနေပင်ဖြစ်လေ၏။

ထိုမြင်ကွင်းကိုဝိုင်းကြည့်ရှုနေသူအားလုံးမှာမည်သူမျှ ဝင်ရောက်ကူညီခြင်းမရှိကြဘဲ အံ့သြအထိတ်တလန့်သာကြည့်နေကြလေ၏။

သို့ဖြင့် စန္ဒီသည် ထိုမြင်ကွင်းကိုကြည့်ရင်း စိတ်မထိန်းနိုင်တော့သဖြင့် လဲကျ၍ ပြန်မထနိုင်တော့သော လူငယ်လေးအား ရိုက်ရန်ရွယ်လိုက်သော ပုလိပ်သား၏လက်ကို အချိန်မီပြေးဝင်ဖမ်း လိမ်ကိုင်လိုက်ပြီး ၎င်း၏ မျက်နှာသို့ လက်ဝါးဖြင့် ဖြောင်းခနဲ ရိုက် ချလိုက်၏။

ထိုအခါ အငိုက်မိ၍ ချက်ကောင်းထိသွားသော ပုလိပ်သားမှာ အားခနဲ အော်ကာ ပက်လက်လန်ကျသွားလေ၏။

ထို့နောက် လဲကျသွားသောပုလိပ်သားသည် ၎င်းကို ဝင်ရောက်ဆုံးမလိုက်သူမှာ မိန်းကလေးတစ်ယောက်ဖြစ်နေ၍ မျက်နှာရဲခနဲ ဖြစ်သွားပြီး လွန်စွာမှပေါက်ကွဲသွားတော့သည်။

ထို့ကြောင့် ပုလိပ်သားသည်အရှိန်နှင့်ပြေးဝင်လာပြီး ဒေါသတကြီး တရစပ်တိုက်ခိုက်တော့သည်။

စန္ဒီသည် ထိုကဲ့သို့ ပုလိပ်သားနှင့် ရင်ဆိုင်တိုက်ခိုက်သောအခါမှ ပုလိပ်သားမှာမူ အဆင့်မြင့်သိုင်းပညာကို တတ်မြောက်ထားသူဖြစ်ကြောင်း အံ့သြစွာသိလိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် စန္ဒီသည် ပုလိပ်သား၏ တိုက်ခိုက်မှုများကို အသာကလေးပင် ရှောင်၍လည်းကောင်း၊ တိမ်း၍လည်းကောင်း၊ ပွတ်ကာသီကာ လွတ်မြောက်ခဲ့လေရာ အချိန်အတန်ကြာ တစ်ဖက်နှင့်တစ်ဖက် လက်ရည်တူတိုက်ခိုက်ရင်းမှ စန္ဒီသည် ပုလိပ်သား၏ ဟာကွက်တစ်ခုကိုတွေ့ရှိသွား၏။ ထိုဟာကွက်ကိုစောင့်ကာ ပွဲသိမ်းခြေထောက်ဖြင့် မေးရိုးသို့ ဖြတ်ကန်လိုက်လေ၏။

ထိုအခါ ပုလိပ်သားသည် ဘိုင်းခနဲ လဲကျသွားပြီး ပြန်မထနိုင်တော့ချေ။ စန္ဒီက လက်ညှိုးထိုး၍...

"သေစမ်း . . . ခွေးကောင်၊ ဘာမှပြန်မလုပ်နိုင်တဲ့ ကလေးတစ်ယောက်ကို ဒီလိုအနိုင်ကျင့်စော်ကားတာ ယောကျာ်းရင့်မကြီး တစ်ယောက်ဖြစ်ပြီး မရှက်ဘူးလား၊ နောက် ဒါမျိုးစော်ကားရင်အသေသတ်ပစ်မယ်" ဟု ကြိမ်းဝါးလိုက်လေ၏။

ထို့အခါ ရဲဝံ့၍ လူစွမ်းကောင်းဝင်လုပ်လိုက်သော သူမအား ကြည့်၍လူအားလုံးက ချီးမွမ်းပြောဆိုကြလေ၏။

ထို့နောက် စန္ဒီသည် လဲကျနေသောပုလိပ်သားနှင့် လူအုပ်ကြီးကို ကျောခိုင်း၍ ထွက်ခွာခဲ့သည်။

ထိုကဲ့သို့ ဒုက္ခရောက်သူကို ဝင်ကူညီခွင့် ရလိုက်သည့်အတွက် သူမကိုယ်သူမ ကျေနပ်အားရသွားမိသည်။ တစ်ခါက ထမင်းဆိုင်တွင် သူမ ဒုက္ခရောက်စဉ်က ဝင်ကူညီခဲ့သော မိန်းမချောမကိုလည်း ပြေးမြင်ယောင်မိလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


သို့ဖြင့် စန္ဒီသည် ထိုကိစ္စမှာ မသေးဟု ပြန်လည်စဉ်းစားမိပြီး အနည်းငယ်စိုးရိမ်သွား၏။

အဘယ်ကြောင့်ဆိုသော် သူမပညာပေး ဆုံးမလိုက်သူမှာ သာမန်အရပ်သားမဟုတ်ဘဲ မျက်နှာဖြူအစိုးရ၏ အမှုထမ်း တစ်ယောက်ဖြစ်နေခြင်းကြောင့်ပင်။

သို့သော် ဤကဲ့သို့ မဟာရေးသည့်ကိစ္စမှာမျက်နှာဖြူအစိုးရ အမှုထမ်းတွေ ဘာတွေ စဉ်းစားအနေတော့ချေ။ မတရားတာက မတရားတာဘဲဖြစ်လေ၏။ ထိုကဲ့သို့လူမျိုးက ထိုကဲ့သို့ဆုံးမလိုက်မှပင်တန်ကာကျလေမည်။

ဤသို့ဖြင့် စန္ဒီသည် အိမ်သို့ပြန်ရောက်လာ၏။

သူမ ပြန်ရောက်ရောက်ချင်းမှာပင် ဒေါ်အာသာက အိမ်ဝမှ ဆီးကြို၍...

"ဒေါ်အာသာရဲ့ ကျောင်းတော်ကာဒီနေ့ သင်တန်းသားတစ်ယောက်ဟာ အောင်မှတ်တွေပိုက်ပြီး ပြန်လာတဲ့အတွက် ကြိုဆို ဂုဏ်ပြုပါတယ်... မိန်းကလေး" ဟု ပြောဆိုလိုက်သဖြင့် စန္ဒီမှာ အံ့သြနားမလည်နိုင်ဖြစ်သွားရလေ၏။

ထို့ကြောင့် စန္ဒီက တအံ့တသြအမူအရာဖြင့်...

"ဟင်... ဆရာအဒေါ်က ကျွန်မအပြင်မှာဘာဖြစ်လာတယ်ဆိုတာ သိနေတယ်ပေါ့" ဟု မေးမြန်းလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ ဒေါ်အာသာက လက်ခုပ်လက်ဝါးတီး၍...

"မိန်းကလေးရဲ့ အရည်အချင်းစစ်တမ်းကို ထုတ်ချင်တဲ့အတွက် အဲဒီပုလိပ်သားဟာ ဟန်ဆောင်ပုလိပ်သားပါ" ဟု ရှင်းပြလေရာ စန္ဒီသည် ဒီတော့မှ အနည်းငယ်သဘောပေါက်သွားဟန်ရှိလေသည်။

"ဒီလို ... မိန်းကလေးရဲ့ ခုလိုကြားသိရတဲ့ မိန်းကလေးရဲ့ အရည်အသွေးက အံ့မခန်းစရာပဲ၊ ဒီမြို့ကပြိုင်ဘက်ကင်း သိုင်းသမား အကျော်အမော်တစ်ယောက်ကို အောင်ပွဲခံနိုင်လိုက်တာဟာ တစ်မြို့လုံးမှာတော့ ပွက်လောရိုက်သွားမှာတော့ သေချာတယ်၊ မိန်းကလေး ရှင်းအောင်ပြောရရင် မိန်းကလေးရဲ့ သိုင်းပညာ အမြင့်ဆုံးအခြေအနေကို သိချင်လို့ ဒီမြို့က ဒေါ်အာသာနဲ့ ရင်းနှီးတဲ့ သိုင်း သမားအကျော်ဆီမှာ အကူအညီတောင်းပြီး ပုလိပ်သားဟန်ဆောင်ခိုင်း လိုက်ရတာပဲကွယ့်" ဟု ရှင်းပြလေ၏။

ထိုအခါ စန္ဒီက မျက်ဆံပြူး၍...

"ဒါ...ဒါဆို ဟိုလူငယ်လေးက" ဟု မေးမြန်းလိုက်ရာ သူမစကား မဆုံးမီမှာပင် ဒေါ်အာသာကပြုံး၍...

"သူလဲ အယောင်အဆောင်ပဲပေါ့၊ ဒေါ်အာသာ မုန့်ဖိုးပေးပြီး သရုပ်ဆောင်ခိုင်းခဲ့တဲ့ကလေးပါ" ဟု ရှင်းပြလေတော့၏။

ထိုအခါ စန္ဒီသည် ရင်ထဲမှ ပေါ့ပါးသွားသောအမူအရာဖြင့်...

www.burmeseclassic.com

"ဒါဆို . . . တော်ပါသေးရဲ့ ကျွန်မက တကယ့်ပုလိပ်သားအစစ် ထင်ပြီး စိုးရိမ်နေတာ" ဟု ပြောလိုက်သဖြင့် ဒေါ်အာသာက လေးနက်သော ပုံစံဖြင့် . . .

"ခုချိန်ကစပြီး . . . မိန်းကလေးက စာမေးပွဲအောင်ပြီ၊ ဒီတော့ မိန်းကလေးရဲ့ ရည်ရွယ်ချက်အတိုင်း တာဝန်ကြီးတစ်ရပ်ကို ဆောင်ရွက်ဖို့အတွက် မကြာခင်အချိန်မှာ ကျရောက်တော့မယ်လို့ ယုံကြည်တယ်၊ ဒါကြောင့် ဒီရက်အတွင်းမှာ လူတစ်ယောက် ဒီကိုရောက်လာလိမ့်မယ်၊ သူဟာ မိန်းကလေး ရှေ့ဆက်လုပ်ရ မယ့်လုပ်ငန်းစဉ်တွေအတွက် အများကြီး အထောက်အကူပေးလိမ့်မယ်၊ အဲဒီလူဆီမှာ မိန်းကလေးကို ဆက်လက်ပြုစုပျိုးထောင် ပေးဖို့ အပ်နှံလိုက်မှာလဲဖြစ်တယ်" ဟု ထူးဆန်းစွာပြောဆိုလာသဖြင့် စန္ဒီမှာမူ ပို၍ တအံ့တသြဖြစ်ကာ မိဘများ၏ သွေးကြွေးကို မကြာခင် ပြန်ဆပ်ရတော့မည်ဟု တွေးလျက် စိတ်ဓာတ်ခွန်အားများတက်ကြွလာလေတော့၏။

ထို့ကြောင့် သူမက . . .

"ဒါဆို ကျွန်မရဲ့ မိဘသွေးကြွေးတွေကို ဆပ်ရတော့မှာပေါ့နော်" ဟု မေးမြန်းလေရာ ဒေါ်အာသာက ခေါင်းညိတ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်...မိန်းကလေး။ မကြာခင် မိန်းကလေးကိုယ်တိုင် မြင်အောင်ကြည့်ရမယ့် ပျောက်နေတဲ့ပန်းတိုင်ဆီ အရောက် သွားရတော့မှာ၊ ဒီအခြေအနေနဲ့ဆို အစစအရာရာ မိန်းကလေးအပေါ် အဒေါ်အသာ စိတ်ချသွားပါပြီ" ဟု ရှင်းပြဖြေကြားလာလေ၏။

ထိုအခါ စန္ဒီသည် လွန်စွာမှ စိတ်လှုပ်ရှားသွားပြီး...

"ငါ့မိဘတွေကို သေတွင်းထဲပို့ခဲ့တဲ့ လူယုတ်မာတွေ...မကြာခင် အဲဒီ သွေးကြွေးကို ပြန်ဆပ်ရလိမ့်မယ်။ မတွေ့တွေ့အောင် ရှာပြီး ငရဲပြည်ပို့ပစ်မယ်" ဟု ကြိမ်းဝါးလိုက်လေတော့၏။

ထိုအချိန်၌ သူမသည် စိတ်ခံစားမှုပြင်းထန်လွန်းသွားပြီး အသက်ရှူမဝလိုဖြစ်ကာ ဦးခေါင်းထဲ၌ ကျင်ခနဲ နေအောင် ခံစားလိုက်ရပြန်လေ၏။

■

www.burmeseclassic.com

www.burmeseclassic.com


(၁၀)

ထို့နောက်နှစ်ရက်မြောက်သောနေ့တွင် ထိုသူရောက်လာလေ၏။ ထိုသူဆိုသူမှာ ဒေါ်အာသာပြောသော လူတစ်ယောက် ပင်ဖြစ်လေ၏။

သို့ဖြင့် ထိုသူကိုတွေ့တွေ့ချင်းမှာပင် စန္ဒီသည်လွန်စွာမှ အံ့သြသွား၏။

အဘယ်ကြောင့်ဆိုသော် ထိုသူသည် အခြားသူမဟုတ်ဘဲ ထမင်းဆိုင်တွင် ပန်းကန်တွေကျကွဲစဉ်က ဆိုင်ရှင်မိန်းမကြီး၏ လူမဆန်ညှဉ်းပန်းနှိပ်စက်မှုတို့ကို ဝင်ရောက်ကူညီ၍ ပညာပေးခဲ့သော မိန်းမငြော မမ ဖြစ်နေခြင်းကြောင့်ပင်။

www.burmeseclassic.com

"မိန်းကလေး သူက ဒေါ်အာသာရဲ့တစ်ဦးတည်းသော ညီမလေး ဆာယာတဲ့၊ ပဲခူးမြို့က လူငယ်ပရဟိတ သုခမွေ့ရိပ်သာမှာ နေထိုင်တယ်" ဟု မိတ်ဆက်ပေးလေ၏။

ထို့နောက် ဒေါ်အာသာက ညီမဖြစ်သူ ဆာယာဘက်သို့ လှည့်၍ "တပည့်ပဲ၊ သူ့အမည်က စန္ဒီတဲ့၊ အင်မတန်မှအရည်အချင်းရှိတဲ့မိန်းကလေး တစ်ယောက်ပဲကွယ့်၊ သူ့ကိုညီမလေးဆီမှာ အပ်နှံဖို့အတွက် ဒီကိုခေါ်လိုက်ရတာပဲ၊ မမမှာ မပြီးပြတ်သေးတဲ့ကိစ္စတွေရှိနေတော့ မမကိုယ်စား ညီမလေးပဲ ဆက်လက်လေ့ကျင့်ပျိုးထောင်ပေးပါ။ ညီမလေးကိုယ်တိုင် ယုံကြည်စိတ်ချရပြီလို့ သိတဲ့တစ်နေ့ သူ့ရဲ့ပန်းတိုင်တွေဆီ အရောက်ပို့ဆောင်ပေးဖို့ပါပဲ" ဟု ပြောဆို အပ်နှံလေရာ ထိုအခါ ညီမဖြစ်သူဆာယာက ခေါင်းညိတ်၍...

"စိတ်ချပါ...မမ၊ မမရဲ့တပည့်ဟာ ညီမလေးဆာယာရဲ့တပည့်နဲ့ မခြားပါဘူး၊ ဒီတော့ . . . ညီမလေးတတ်မြောက်ထားတဲ့ ပညာရပ်မျိုးစုံ ဆက်လက်သင်ကြားပြီး သူ့ရဲ့ပန်းတိုင်ဆီအရောက်ပို့ဆောင်ပေးပါ့မယ်၊ သူနဲ့ညီမလေးဆာယာဟာ အင်မတန်မှ ရေစက်ရှိတယ်လို့ ယုံကြည်ပါတယ်" ဟုပြောဆိုလိုက်သဖြင့် ဒေါ်အာသာသည် ရုတ်တရက်နားမလည်နိုင် ဖြစ်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြောင့်လဲ၊ ဆိုစမ်းပါဦး ညီမလေးရဲ့" ဟု မေးမြန်းလိုက်လေ၏။

ထိုအခါညီမဖြစ်သူဆာယာကသူမနှင့်ထမင်းဆိုင်တွင်ဆုံခဲ့သော အဖြစ်အပျက်များကို ပြန်ပြောပြလိုက်သဖြင့် စကားဆုံးသောအခါ ဒေါ်အာသာက...

"ဩော် . . . ညီမလေးဒို့ကို ရေစက်ရှိပြီးသားသူတွေပဲ။ ဘာပဲဖြစ်ဖြစ် သူ့ကိုအကောင်းဆုံးဖြစ်အောင်၊ ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်အောင် ပျိုးထောင်ပေးဖို့က ညီမလေးရဲ့တာဝန် ဖြစ်သွားပြီ၊ ဒီနေ့ပဲ မမ စစ်ကိုင်းဘက်ကို ခရီးထွက်ရလိမ့်မယ်" ဟု ပြောဆိုလေ၏။

ထိုအခါညီမဖြစ်သူဆာယာက ခေါင်းညိတ်၍...

"စိတ်ချပါ . . . မမ၊ ဒီတာဝန်တွေအားလုံး ကျေပွန်အောင် ဆောင်ရွက်ဖို့အတွက်ညီမလေးကတိပေးပါတယ်" ဟုဆိုလိုက်လေရာဒေါ်အာသာ ကစန္ဒီဘက် လှည့်၍...

"ကဲ...မိန်းကလေး...မြင်အောင်မကြည့်သေးသရွေ့ ပျောက်တဲ့ ပန်းတိုင်ဟာ ပျောက်နေဦးမှာပဲ၊ မိန်းကလေးရင်ထဲက တာဝန်တွေ ပြီးမြောက်တဲ့တစ်နေ့ စစ်ကိုင်းတောင်ရိုးမှာ ဒေါ်အာသာရှိနေမယ်၊ လာရှာလှည့်ပါ" ဟုမှာကြားလိုက်လေ၏။

ထိုအခါ စန္ဒီက ဒူးထောက်ထိုင်ချလိုက်ပြီးကျေးဇူးရှင်ဒေါ်အာသာကိုဦးသုံးကြိမ်ချကန်တော့လိုက်ပြီး...

www.burmeseclassic.com

"ကျေးဇူးကြီးလှပါတယ်... အဒေါ်ဆရာ၊ ကျွန်မရင်ထဲက တာဝန်တွေ ပြီးမြောက်တဲ့တစ်နေ့ စစ်ကိုင်းတောင်ရိုးကို ကျွန်မကိုယ်တိုင် အရောက်လာပါ့မယ်" ဟုပြောဆိုလိုက်လေတော့၏။

ထို့နောက် မိန်းမထူးမိန်းမဆန်းကြီး ဒေါ်အာသာသည် စီစဉ်ထုပ်ပိုး၍ မည်သည့်အရေးကိစ္စဟု မသိနိုင်သော ခရီးတစ်ခုသို့ ထွက်ခွာသွားလေတော့၏။

ထို့အတူ စန္ဒီနှင့် ဒေါ်အာသာ၏ ညီမဖြစ်သူမဆာယာသည်လည်း ထိုမြို့တွင် ရက်သတ္တတစ်ပတ်ခန့်ကြာ နေထိုင်ပြီးနောက် မမဆာယာ နေထိုင်အခြေချရာ ပဲခူးမြို့သို့ ထွက်ခွာခဲ့ကြလေ တော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com


(၁၁)

ဤသို့ဖြင့် ပဲခူးမြို့ရှိ ပရဟိတ သုခမ္မရိပ်သာသို့ ရောက်ရှိခဲ့ကြပြီး နောက် မမဆာယာသည် အစ်မဖြစ်သူဒေါ်အာသာ မှာကြားခဲ့သည့်အတိုင်း စန္ဒီ့ကို ထူးဆန်းနက်နဲသော ဂမ္ဘီရပညာရပ်များနှင့် ဆပ်ကပ် ပညာရပ် အနက်စက်ပိုင်းမားပေါက်၊ ကြိုးတန်းလမ်း လျှောက်၊ ပန်းပွားအကာ၊ မီးတောက်ကကြိုးကကွက်များ၊ ကောင်းကင်ကျွမ်းဘားများအပြင် အတွေးအခေါ်ပညာရပ်များတို့ကိုလည်း ဆက်လက်သင်ကြားပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် သုံးနှစ်ခန့် သင်ယူပြီး တစ်နေ့သ၌ မမဆာယာက...

"ညီမ . . . ဒီနေ့မှပဲ ညီမ ရန်ကုန်ကို သွားရလိမ့်မယ်၊ ညီမမှာ မိန်းကလေးတစ်ယောက်ရှိသင့်ရှိအပ်တဲ့ ပညာရပ်တွေ သာမန် မိန်းမတွေ ထက် တတ်မြောက်ထားနိုင်ပြီ ဆိုတာ မမ ယုံကြည်သွားပြီ၊ ဒါပေမယ့် . . . ငါ့ညီမ အဓိကတတ်မြောက်ရမယ့် ပညာရပ် တရို့ကျန်ရှိနေသေးတယ်၊ အဲဒီပညာကိုတော့ မမ သင်ပေးလို့မရနိုင်ဘူးကွယ့်၊ ညီမကိုယ်ညီမ သင်ယူမှပဲ တတ်မြောက်မယ့်ပညာရပ်မျိုးဖြစ်တယ်" ဟု ပြောဆိုလေ၏။

ထိုအခါ စန္ဒီက စိတ်ဝင်တစားဖြစ်သွားပြီး...

"ဘယ်လိုပညာရပ်မျိုးလဲ . . . မမ" ဟု မေးမြန်းလိုက်သဖြင့် မမဆာယာက ခေါင်းညိတ်လိုက်ပြီး...

"အဲဒီပညာရပ်က လက်ရှိတတ်ထားတဲ့ ပညာရပ်တွေထက် ပိုပြီး နက်နဲတယ်၊ ပိုပြီးဆန်းကြယ်တယ်၊ အဲဒီပညာရပ်က ဘာလဲဆိုတော့ ကျယ်ဝန်းတဲ့လောကကြီးထဲက အတွေ့အကြုံနဲ့ လူတွေရဲ့အကြောင်း ပဲကွယ့်" ဟုရှင်းပြလိုက်လေ၏။

ထိုအခါစန္ဒီက နားမလည်သော အမူအရာဖြင့်...

"အဲဒီပညာတွေညီမ ဘယ်မှာသွားသင်ရမှာလဲ...မမ" ဟုမေးမြန်း လိုက်လေရာထိုအခါမမဆာယာကသက်ပြင်းချ၍...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပညာတွေ ဘယ်မှာသွားသင်ရမမှာလဲ ဆိုတော့ ကျယ်ဝန်းတဲ့လောကကြီးထဲက လူတွေဆီမှာပဲ...ညီမ၊ အဲဒီပညာကိုလူတွေဆီကပဲ သင်နိုင် မသင်နိုင်ဆိုတာ ညီမရဲ့ပင်ကို အတွေးအခေါ်နဲ့ စူးစမ်းစိတ်ပေါ်မှာပဲ မူတည်တယ်၊ ကြိုတင်စီစဉ်ထားပါ။ ဒီနေ့ပဲရန်ကုန်က မမမိတ်ဆွေတစ်ယောက်လာခေါ်လိမ့်မယ်၊ ရန်ကုန်က နိုင်ငံခြားအလှကုန်တိုက် တစ်ခုမှာ ညီမကို အလုပ်သွင်းပေးလိမ့်မယ်၊ ကောင်းကောင်းကြိုးစား သင်ယူပေတော့၊ ညီမရင်ထဲက တာဝန်တွေပြီးမြောက်ဖို့ အချိန်ကျလာတဲ့ တစ်နေ့မှာ ညီမထံအကြောင်းကြားပြီး ပန်းတိုင်ဆီ အရောက်ပို့ဆောင်ပေးပါ့မယ်" ဟု မှာကြားလေတော့၏။

ထို့နောက် ထိုနေ့ နေ့လယ်ပိုင်းမှာပင် ရန်ကုန်မှ မမဆာယာ၏ မိတ်ဆွေက စန္ဒီအား ခေါ်ဆောင်ရန် ရောက်လာလေ၏။

မမဆာယာက ထိုမိတ်ဆွေ၏ လက်ထဲသို့ စန္ဒီအား အပ်နှံရန် ထည့်လိုက်လေ၏။ ထိုနေ့ည ဒနပိုင်းမှာပင်ရန်ကုန်သို့ထိုမိတ်ဆွေနှင့်အတူ စန္ဒီသည် တစ်ပါးဟည်းလိုက်ပါသွားခဲ့ရလေတော့၏။

ရန်ကုန်သို့ ရောက်ရှိသောအခါ မမဆာ ၏မိတ်ဆွေ လွန်စွာမှ သဘောကောင်းသော ဒေါ်နော်ဖော့ဆိုသည့် ကရင်မိန်းမ ကြီးက စန္ဒီ နေထိုင်ရန်အတွက် မိန်းကလေးအဆောင်တစ်ခုတွင် အပ်နှံပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရန်ကုန်မြို့တွင် လွန်စွာမှ အဆင့်မြင့်၍ကျော်ကြား လှသော မိန်းကလေးသုံး နိုင်ငံခြားဖြစ် အလှကုန်တိုက်ကြီး တစ်ခု၌ မန်နေဂျာဦးဗိုတ်ဝွမ်းဆိုသော တရုတ်ကပြားလူကြီးတစ်ဦးထံတွင်အပ်နှံ၍ အလုပ်သွင်းပေးလေ၏။

ထိုကုန်တိုက်ကြီးတွင် စန္ဒီသည်အလုပ်များကို ကြိုးစားပမ်းစား လုပ်ကိုင်လေ၏။ လွန်စွာမှချောမောလှပ၍ကျည်ရှိုင်းပင်းတတ်သောစန္ဒီကို လုပ်ဖော်ကိုင်ဖက်များက ရက်ပိုင်းအတွင်းမှာပင် ခင်မင်သွားကြလေ၏။

ထိုအချိန်မှစ၍ စန္ဒီသည် မမဆာယာ မှာကြားသည့်အတိုင်း ကျယ်ဝန်းသောလောကကြီးထဲမှအတွေ့အကြုံများနှင့်လူတွေအကြောင်း ကိုတတ်နိုင်သလောက် စူးစမ်း ရှာဖွေသင်ယူလေ၏။

ထို့ကြောင့် သူမလုပ်ကိုင်သောကုန်တိုက်ကြီးမှာလူသိများကျော် ကြားလှသဖြင့် လူပေါင်းစုံကို တွေ့ရပြီး၊ ထိုလူတို့ထံမှ အတွေ့အကြုံများနှင့် လူတွေအကြောင်းကိုလည်း စူးစမ်းရင်း တစ်စ တစ်စ သိခွင့်ရလာ၏။

ထို့အတူ နေ့စဉ်နှင့်အမျှ တွေ့ရကြုံရ ကြားရသော အဖြစ်အပျက် တို့မှာလည်း ယှဉ်မကုန်သော ပညာရပ်များပင်ဖြစ်သည်။

ထိုသို့ဖြင့် သူမသည် အမြဲတမ်းနား၊ မျက်စိဖွင့်ပြီး ကျယ်ဝန်းသော လောကကြီး၏ အတွေ့အကြုံနှင့် လူတွေအကြောင်းကို စူးစမ်းရှာဖွေခဲ့ သည်မှာ ရက်မှလသို့တိုင်၊ လမှ နှစ်သို့ချိုး၍ ကြာမြင့်ခဲ့ပြီဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


ဤသို့ဖြင့် တစ်နေ့သ၌ သူမအလုပ်လုပ်ရာကုန်တိုက်သို့ သူမ၏ မိခင်အား အစာအဆိပ်ဆတ်၍ သတ်ခဲ့သော အဒေါ်ဖြစ် သူ ဒေါ်စိန်ပွင့်အား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် သူမသည် မိဘများအတွက် သွေးကြွေးဆပ်ရန် နာကြည်းမုန်းတီးမှုများ ဒီရေကဲ့ သို့ လှုပ်ခတ်သွားလေ၏။

"မိန်းမယုတ်ကြီး ရှင်ဘယ်လောက်ပြေးပြေး ကမ္ဘာကြီးက ကျဉ်းပါတယ်။ ရှင့်ကို သွေးကြွေးဆပ်ပြီး ငရဲပြည်ပို့ပစ်ရမယ်" ဟု သူမ၏ စိတ်ထဲမှ ကြိမ်းဝါးလိုက်၏။

သို့ရာတွင် မမဆာယာက အချိန်ကျမှ အကြောင်းကြားမည် ဆိုသဖြင့် စိတ်ကို ထိန်းချုပ်လိုက်ရလေ၏။

ထိုအချိန်မှာပင် သူဌေးမကြီး တစ်ဦးဘဝနှင့် လွန်စွာကြီးပွားချမ်းသာနေပုံရသော အဒေါ်ဖြစ်သူသည် လောကကြီးကိုမေ့၊ သူမကို မေ့၍လိုအပ်သော ပစ္စည်းများဝယ်ယူပြီး ကုန်တိုက်မှ ပြန်ထွက်ခွာသွားလေတော့၏။

ထိုစဉ်အခိုက်မှာ‌ပင် သူမသည် ရင်ထဲမှ နာကြည်းမှု၊ မုန်းတီးစက်ဆုပ်မှုများကြောင့် ခံစားမှုအရှိန်အဟုန် မြင့်မားလာပြီး အသက်ရှူမဝသလိုဖြစ်ကာ ဦးခေါင်းထဲတွင် တဆစ်ဆစ် ထိုးကိုက်လာပြီး မိုက်ခနဲဖြစ်၍ နိုင်ငံခြားဖြစ်ရေမွှေးမျိုးစုံထားသော ရှိုးကေ့စ်ပေါ် အရှိန်မထိန်းနိုင်တော့ဘဲ လဲကျသွားတော့၏။ သူမလဲကျသွားသောအရှိန်ကြောင့် ရှိုးကေ့စ်မှန်များကွဲပြီး ရေမွှေးပုလင်းများ ကျကွဲ သွားလေတော့၏။

www.burmeseclassic.com



ထိုအထဲတွင်တန်ဖိုးကြီးသောပြင်သစ်ရှားပါးရေမွှေးအမျိုးအစား ပါကျကွဲသွားသဖြင့် သူမ မျက်လုံးပြူးသွားလေသည်။

ထိုပြင်သစ်ရေမွှေးပုလင်းကို အထိတ်တလန့်ဖြင့် ကောက်ယူပြီး နောက် အသက်ကို မှန်မှန်ရှူသွင်းမိလေ၏။

ထိုစဉ် ခဏစုံးရှုသောရေမွှေးနံ့တို့ကို ရှူရှိုက်မိသလို ဖြစ်သွားသဖြင့် ခုနအသက်ရှူကျပ်၍ ဦးခေါင်းကိုက်ခဲသောဝေဒနာတို့မှာ ထူးဆန်းလှစွာပင် ပျောက်ကင်းသွားလေတော့သည်။

ထိုအချိန်မှာပင် ရေမွှေး၏ ထူးခြားသော အကျိုးသက်ရောက်မှုတို့ကို သိခွင့်ရလိုက်ပြီး သူမသည် ထိုရေမွှေး၏အဖိုးကြီးမှုကိုသိသော်လည်း မဖြစ်မနေအသုံးပြုရန် ဆုံးဖြတ်လိုက်လေ၏။

ဤသို့ဖြင့် ရှိုးကေ့စ်မှန်ဖွင့်ပြီး ရေမွှေးပုလင်းများ ကျကွဲသွားသောနေရာသို့ လုပ်ဖော်ကိုင်ဖက်များနှင့် မန်နေဂျာဦးတိတ်ဝွမ်း ရောက်လာပြီး သူမအတွက် စိုးရိမ်သွားကာ...

"ဘာဖြစ်သွားသေးလဲ သမီး၊ ဆုံးရှုံးသွားတဲ့ ပစ္စည်းတွေအတွက် ဘာမှမစိုးရိမ်ပါနဲ့၊ ဒါ မတော်တဆဖြစ်ရတဲ့ကိစ္စပဲ" ဟုလွန်စွာမှစိတ်သဘောထားကောင်းသော မန်နေဂျာဦးတိတ်ဝွမ်းက နှစ်သိမ့်အားပေးလေ၏။

ထိုအခါ သူမ၏စိုးရိမ်မှုများ လျော့ကျသွားပြီး မန်နေဂျာဦးတိတ်ဝွမ်းနှင့် လုပ်ဖော်ကိုင်ဖက်များကို လွန်စွာမှကျေးဇူးတင်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် သူမသည် ကုန်တိုက်တွင် အလုပ်များကို ကြိုးစားလုပ်ကိုင်၍ငွေအတန်အသင့်စုဆောင်းမိသောအခါထိုရေမွှေးကိုဝယ်ယူ၍သုံးစွဲလေ၏။ စိတ်ခံစားမှု အမြင့်ဆုံးအချိန် ရောက်ရှိသောအခါ ထိုရေမွှေးကို သုံးစွဲလေ့ရှိခြင်းဖြစ်သည်။

ထို့ပြင် သူမသည် တစ်နေ့သ၌ အလုပ်ပိတ်ရက်ဖြစ်သဖြင့် ညအခင်းစိန်ကြိုးကုန်းရှိလုပ်ဖော်ကိုင်ဖက်မေရီတို့အိမ်သို့အလည်လိုက်သွားဖြစ်လေ၏။

မေရီတို့အိမ်မှ အပြန်တွင် ဖခင်အား သေတွင်းထဲ ပို့ခဲ့သောလူယုတ်မာတိုက်မောင်းကို မေရီတို့လမ်းထဲတွင် မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် သူမ၏ နာကြည်းမှုများ၊ မုန်းတီးရွံရှာစိတ်များ ပေါ်လာပြီး ...

"လူယုတ်မာတိုက်မောင်း... ရှင်နဲ့မှတိုက်တိုက်ဆိုင်ဆိုင် လာဆုံရတယ်၊ ရှင့်ကိုလောကကြီးထဲမှာအသက်ရှင်ခွင့်မပေးတော့ဘူး၊ အနှစ်နှစ်အလလက မျိုသိပ်ခဲ့တဲ့သွေးကြွေးကို ဆပ်ဖို့အလှည့်ရောက်ပြီ၊ ရှင့်ကို ငရဲပြည်ပို့ပစ်မယ်" ဟု စိတ်ထဲမှ ကြိမ်းဝါး လိုက်၏။

ထိုအခါ သူမကိုမေရီက အံ့ဩသလိုကြည့်၍...

"စန္ဒီဘာဖြစ်လို့လဲ၊ အရင် ခေါင်းကိုက်ရောဂါပြန်ပေါ်လာလို့လား" ဟုမေးမြန်းလိုက်သဖြင့် ထိုအခါမှသူမသည်အသိဝင်ပြီးစိတ်ကိုထိန်းလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထို့အတူ စိတ်ခံစားမှုအမြင့်ဆုံး ရောက်ရှိသွားချိန်တွင် မေရီက သတိပေးလိုက်သလို ဖြစ်သွားသဖြင့် သူမသည် ချက်ချင်း ဆိုသလို ရေမွှေးပုလင်းကိုထုတ်၍ ရှူရှိုက်လိုက်လေ၏။

ဒီတော့မှ သူမသည် နေသာသလိုရှိသွားပြီး ထိုနေရာမှပြန်ခဲ့လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

တစ်နေ့သ၌ စန္ဒီသည် ထူးခြားသော ထိုရေမွှေးနှင့် ပတ်သက်၍ ဒေါ်အာသာပြောပြခဲ့ဖူးသည့် ဆေးပညာရပ်နှင့် အကျုံးဝင်ရာ ဇဟုသုတများအနက် ထိုရေမွှေးအမျိုးအစားမှာ ပြင်းထန်သောအဆိပ်များကို နာရီပိုင်းအတွင်း ထိန်းထားနိုင်ကြောင်း တစ်ခုအပါအဝင်အဖြစ် သိရှိရ၍ ကိုယ်တိုင်စမ်းသပ်မှုကိုပြုလုပ်ကြည့်လေ၏။

အမှန်ပင် ပြင်းထန်သောအဆိပ်အား နာရီပိုင်းအတွင်းထိန်းထားနိုင်ပြီး၊ သက်ရှိသတ္တဝါတို့၏သွေးကြောများကိုနာရီပိုင်းအတွင်းအကြိမ်ကြိမ် ပြတ်တောက်စေပြီးမှ သေဆုံးသွားနိုင်ကြောင်း သိရခြင်း ဖြစ်၏။

www.burmeseclassic.com

burmeseclassic.com

ဤသို့ဖြင့် သူမသည် မိဘများ၏ သွေးကြွေးကို မမေ့မလျော့ ဆပ်ရန်အတွက် သူမ၏ အိတ်ဆောင်စာအုပ်လေးတွင် အောက်ပါအတိုင်း စကားလိမ်ဆန်ဆန် စာအတိုကောက်တို့ကို ရေးမှတ်ထားလိုက်လေတော့သည်။

ရစ်ဂျုန်း...ပထမ

စိန်ပွင့်...ဒုတိယ

တိုက်မောင်း...တတိယ။

(၄) ထပ်တူစားမည်။

အလုံးစုံပြီးမြောက်သော်

ကျေးဇူးတော် သုခမ္မရိပ်သာသို့။

ဟူ၍ ဖြစ်သည်။

အဓိပ္ပာယ်မှာ သူမတစ်ဦးတည်းသာ နားလည်နိုင်သော အတိုကောက်စာများ ဖြစ်လေ၏။

ရစ်ဂျုန်း ပထမ ဆိုသည်မှာ အပြစ်မရှိသော ဖခင်အား ရက်ရက်စက်စက်သတ်ခဲ့သော အရေးပိုင်မင်း မစ္စတာရစ်ဂျုန်းအား ပထမဦးဆုံး သွေးကြွေးဆပ်ရန် ရေးမှတ်ထားခြင်းဖြစ်၏။

စိန်ပွင့် ဒုတိယဆိုသည်မှာ မိခင်အား အစာထဲ အဆိပ်ခတ်၍ သတ်ခဲ့ပြီး စည်းစိမ်များကို အပိုင်စီးကာ သူမအားထောင်ထဲ ပို့ဆောင်ခဲ့သော အဒေါ်ဖြစ်သူ ဒေါ်စိန်ပွင့်အား ဒုတိယအဖြစ် သွေးကြွေးဆပ်ရန် ရေးမှတ်ထားခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တိုက်မောင်း တတိယဆိုသည်မှာ သူမတို့မိသားစုအား သေကွဲကွဲစေပြီး ဖခင်အား သေတွင်းထဲပို့ဆောင်ပေးခဲ့သော သူဌေးကြီး ဦးသိုက်ထွန်း၏သား၊ လူယုတ်မာတိုက်မောင်းအား တတိယမြောက်အဖြစ် သွေးကြွေးဆပ်ရန် ရေးမှန်ထားခြင်းဖြစ်လေ၏။

(၄) ဂဏန်းသည် သူမဘဝအတွက် အကောင်းဆုံးများကို လုပ်ဆောင်ပေးနိုင်သလို၊ အဆိုးဆုံးများကိုလည်းလုပ်ဆောင် ပေးနိုင်ကြောင်း ဆိုခဲ့လေ၏။

ထို့ကြောင့် သူမသည် ထိုလူယုတ်မာ သုံးဦးအား သွေးကြွေးဆပ်ရာ၌ ထို(၄) ဂဏန်းကိုပစ်မှတ်ထား၍ တစ်လတည်းအတွင်း ထိုလူယုတ်မာသုံးဦးစလုံးကိုသွေးကြွေးဆပ်ရန် (၁၃) ရက်၊ (၂၂) ရက်၊ (၃၁) ရက်ဟူ၍ ဇယားချလိုက်၏။ ထိုဇယားရက် အတိုင်းဆိုလျှင် ရစ်ဂျန်း ပထမသည် (၁၃) ရက်ဖြစ်သလို၊ စိန်ပွင့် ဒုတိယသည် (၂၂) ရက်ဖြစ်သည်။ နောက်ဆုံး တိုက်မောင်း တတိယ သည် (၃၁) ရက် ဟူ၍ တစ်လတည်း အတွင်း (၄) ဂဏန်းချည်းဖြစ်စေရန် အ. သငဲ. ဲပါစာထဲတွင် အတိုကောက်ရေးမှတ် ထားခဲ့ခြင်း ဖြစ်လေ၏။

ထို့ပြင် ကျန်ရှိသော စာနစ်ကြောင်းမှာမူ ၊ ၊လုံးစုံပြီးမြောက်သော် ကျေးဇူးတော် သုခမ္မရိပ်သာသို့ဆိုသည်မှာ အထက်ပါ တာဝန်များ အလုံးစုံပြီးမြောက်သွားသောအခါ၌ သူမ၏ဆပ်မကုန်နိုင်ရာ ကျေးဇူးရှင် များဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သောပဲခူးမြို့ရှိပရဟိတ သုခမ္မရိပ်သာတွင် မမဆာယာထံသို့ သွားရောက်၍ ရင်ထဲက အလိုရှိရာတာဝန်များ ပြီးဆုံးသွားကြောင်း အသိပေးနှုတ်ဆက်ပြီးနောက် စစ်ကိုင်းတောင်ရိုးရှိ ဒေါ်အာသာအား သွားရောက်ရှာဖွေရန် အဝိုကောက်ရေးထားသော မှတ်တမ်းပင် ဖြစ်လေတော့၏။

ထိုမှတ်တမ်းစာအုပ်လေးကိုမူ သူမသည် ရေးမှတ်လိုက်သော ဂိုအရှိန်မှစ၍ ကိုယ်နှင့်မကွာ အမြဲဆောင်ထားခဲ့လေတော့ သည်။

■

www.burmeseclassic.com

www.burmeseclassic.com



(၁၃)

ဤသို့ဖြင့် တစ်နေ့သ၌ စန္ဒီထံသို့ စာတစ်စောင်ရောက်ရှိလာလေ၏။

ထိုစာမှာ ပဲခူးမြို့ရှိ ပရဟိတ သုခမွေရိပ်သာမှ မမဆာယာ၏ စာဖြစ်ပြီး၊ ထိုစာ၏ အကြောင်းအရာမှာ အောက်ပါအတိုင်းပင် ဖြစ်လေ၏။

ညီမစန္ဒီ...

အလုပ်ကုန်တိုက်ကထွက်ပြီး

အမြန်လာရောက်ပါ။

(ဒုတိယမမ)

ဟူ၍ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုစာကို မှတ်တမ်းစာအုပ်လေးကြားထဲ သိမ်းဆည်းလိုက်လေ၏။ ထိုစာမှာ လွန်စွာမှ တိုလွန်းသော်လည်း သူမဘဝ အတွက် လွန်စွာမှ အရေးကြီး၍ အချိန်ကျရောက်လာပြီဖြစ်ကြောင်း နားလည်လိုက်၏။

မမဆာယာထံသို့ ရောက်သည့်အခါ မမဆာယာက...

"ညီမအတွက် အချိန်ကျရောက်ပြီ၊ သတ်မှတ်ထားတဲ့ အရည်အချင်းတွေလဲ အဖက်ဖက်က ပြည့်စုံနေပြီ၊ ဒီတော့...အလွန်နာမည်ကြီးတဲ့ မမရဲ့မိတ်ဆွေ ရွှေလွန်းပျံဆပ်ကပ်အဖွဲ့ကြီးမှာ ညီမကိုယ်တိုင်ဦးစီးပြီး လူယုတ်မာတွေကို သွေးကြွေးဆပ်ပေတော့" ဟု ပြောဆိုလိုက်လေ၏။

ထိုအခါ သူမက လွန်စွာမှစိတ်ဓာတ်တက်ကြွသွားပြီး...

"ညီမရဲ့ရင်ထဲက အလိုရှိရာတာဝန်တွေပြီးမြောက်တဲ့ တစ်နေ့... မမဆီ အရောက်လာပါ့မယ်" ဟု ကတိပေးလိုက်လေ၏။

ထို့နောက် စန္ဒီသည် မမဆာယာမိတ်ဆွေ၏ ရွှေလွန်းပျံဆပ်ကပ်အဖွဲ့ကြီး၌ ဦးစီးတာဝန်ယူပြီး အနယ်နယ်အရပ်ရပ်သို့တင် ဆက်အသုံးတော်ခံလေ၏။

သူမဦးစီးရသော ရွှေလွန်းပျံဆပ်ကပ် အဖွဲ့ကြီးမှာ မိန်းကလေးတွေချည်း ဖွဲ့စည်းကာ တင်ဆက်ရသော ဆပ်ကပ်အဖွဲ့ကြီး ဖြစ်၍ လွန်စွာမှ ထူးခြားပြီး အထူးကျော်ကြား လူကြိုက်များခဲ့ခြင်းပင် ဖြစ်လေ၏။

ဤသို့ဖြင့် တစ်နေ့သ၌ သူမတို့ရွှေလွန်းပျံဆပ်ကပ်အဖွဲ့ကြီးသည် မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်ရင်း သူမမိဘများ ခေါင်းချရာ ဇာတိမြို့လေးသို့ တင်ဆက်အသုံးတော်ခံရန် ရောက်ရှိသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြို့လေးတွင် သူမ၏ အဓိက ရန်သူတော်ကြီး အရေးပိုင်မင်း မစ္စတာရစ်ဂျန်းမှာ စည်းစိမ်ယစ်၍ ယခင်ကဲ့သို့ပင် ဘာမျှ မပြောင်းလဲဘဲ ရှိကြောင်း သိရ၏။

ထိုယူယုတ်မာမစ္စတာရစ်ဂျန်းအားဖခင်၊ခတွက်သွေးကြွေးဆပ်ရန် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်လေ၏။

ထိုသို့ ပြင်ဆင်ပြီးသောအခါ ထိုမြို့လေးသို့လှည့်လည်ကြေညာ၍ တင်ဆက်လေ၏။

ပထမညမှာ လူကြိုက်များပြီး၊ ဒုတိယညမှာလည်း ရုံပြည့်ရုံလျှံ အားပေးခဲ့သဖြင့် တတိယ နောက်ဆုံးညတွင်မူ သူမသည် ရုပ်ဖျက်ပြီး မစ္စတာရစ်ဂျန်းထံသို့ ကိုယ်တိုင်သွားရောက်ဖိတ်ကြားခဲ့လေ၏။

ထိုညမှာပင် မစ္စတာရစ်ဂျန်းကိုယ်တိုင် ရှေ့ဆုံးတန်းမှ လာရောက် အားပေးကြောင်း သိရသဖြင့် သူမကြိုတင်စီစဉ်အကွက် ချထားသည့် အတိုင်း ဆပ်ကပ် မတင်ဆက်မီအချိန်၌ သူမသည် မစ္စတာရစ်ဂျန်းအား နှင်းဆီပန်းစည်း ဂုဏ်ပြုလက်ဆောင် ပေးရမည် ဖြစ်လေ၏။

ထို့ကြောင့် သူမသည် ဆပ်ကပ်အဖွဲ့ကြီး မကြာမီတင်ဆက်ရန် ကြေညာပြီးချိန်မှာပင် သူမသည် စင်ရှေ့သို့ထွက်၍...

"အခုလို ကျွန်မတို့ ရွှေလွန်းပျံဆပ်ကပ်အဖွဲ့ကြီးကို အင်္ဂလိပ် အရေးပိုင်မင်း မစ္စတာရစ်ဂျန်းကိုယ်တိုင် ကြွရောက်ချီးမြှင့် အားပေးတဲ့ အတွက် ကျွန်မတို့ ရွှေလွန်းပျံဆပ်ကပ်အဖွဲ့ကြီးမှ အလွန်ဝမ်းမြောက်

www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ယူကြောင်းပါ၊ ဒါကြောင့် မစ္စတာရစ်ဂျုန်းကို ကျွန်မကိုယ်တိုင် ဂုဏ်ပြုနှင်းဆီပန်းစည်း ဆက်သပါ့မယ်ရှင်" ဟု ကျေးဇူးတင်စကားပြောပြီး စင်မြင့်ပေါ်မှ ဆင်းရောက်ခဲ့လေ၏။

ထို့နောက် မစ္စတာရစ်ဂျုန်းအား နှင်းဆီပန်းပေးအပ်သော အချိန်ပရိသတ်ထံမှ လက်ခုပ်သံ တဖြောင်းဖြောင်းထွက်ပေါ်လာကြ၏။

ထိုသို့ မစ္စတာရစ်ဂျုန်းအား နှင်းဆီပန်းစည်းပေးအပ်ချိန်၌ သူမသည် ကြိုတင်စီမံထားသော လွန်စွာမှုပြင်းထန်သည့် အဆိပ် အပ်ဖြင့် မစ္စတာရစ်ဂျုန်း၏ လက်အားထိုးလိုက်သဖြင့် မျက်နှာမဲ့ခနဲ တစ်ချက်ဖြစ်သွားတာတွေ့ရပြီး၊ မစ္စတာရစ်ဂျုန်းသည် သူမ၏အလှထဲသို့ နစ်မျောနေသဖြင့် နှင်းဆီပန်းဆူးစူးမိသည်ဟုသာ ယူဆသွားပုံရလေ၏။

ထို့နောက် သူမတို့ ရွှေလွန်းပျံဆပ်ကပ်အဖွဲ့ကြီးသည်ကြွရောက်လာသော ဧည့်ပရိသတ်တို့အား အစီအစဉ်အတိုင်းတင် ဆက်ပြသပြီးနောက် မိုးလင်းသောအခါ ထိုမြို့မှ ပြန်လည်ထွက်ခွာခဲ့လေတော့၏။

သို့ဖြင့် ထိုမြို့အထွက်တွင် အရေးပိုင်မင်း မစ္စတာရစ်ဂျုန်းသည် ထိုနေ့မနက်၌ အိပ်ရာထဲတွင် ဦးနှောက်သွေးကြောပြတ်၍ သေဆုံးသွားကြောင်း သတင်းကို ကြားသိရလေသဖြင့် သူမသည် ဖခင်သွေးကြွေးအတွက် ဆပ်နိုင်ပြီ ဟူ၍တွေးကာ ကျေနပ်ခဲ့ရလေတော့သည်။ ထိုနေ့ကား မတ်လ (၁၃) ရက်ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။အထက်ပါ အဖြစ်အပျက်များမှာ ကျွန်ုပ်၏ စာရှုသူများအတွက်လွန်စွာမှစိတ်ဝင်စားဖွယ်ကောင်းလှသဖြင့်ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ (စာရေးသူ)

■

www.burmeseclassic.com

www.burmeseclassic.com


(၁၄)

ထို့နောက် သူမတို့၏ ရှေ့လွှန်းပုံဆပ်ကပ်အဖွဲ့ကြီးသည် နယ်စဉ်လှည့်လည်ပြသပြီးနောက် ရန်ကုန်မြို့သို့ ပြန်ဝင်လာလေ၏။

ထိုအချိန်၌ သူမသည်ပွဲရက် လိုသေးသဖြင့် ကုန်တိုက်တွင် လုပ်စဉ်က ရင်းနှီးခဲ့သော မိန်းကလေးမိတ်ဆွေတစ်ဦး၏ အင်းစိန်ရှိခဝဲခြံနေအိမ်၌ တည်းခိုဖြစ်လေ၏။

ထိုသို့ တည်းခို နေထိုင်နေစဉ်အတွင်း ဒုတိယရန်သူတော်ကြီးအဒေါ်ဖြစ်သူ ဒေါ်စိန်ပွင့်အား မြေလှန်ရှာဖွေလေ၏။

www.burmeseclassic.com

တစ်နေ့သ၌ သတင်းစာစောင်၌ ပါလာသော သားဖြစ်သူအား အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာတစ်ခုကို မမျှော်လင့်ဘဲ ဖတ်လိုက်ရပြီး၊ ထိုအမွေပြတ်ကြော်ငြာ တစ်ခုကို မမျှော်လင့်ဘဲ ဖတ်လိုက်ရပြီး ထိုအမွေပြတ်ကြော်ငြာကိုထည့်သူမှာ ရန်ကုန်မြို့ အင်းလျား ကန်စောင်း နေအိမ်ရှိ ခြံအမှတ် ( ) မှ ဒေါ်စိန်ပွင့်(ခ)စိန်ကုန်သည် ဒေါ်မိမိကြီး ဖြစ်ကြောင်း ဖတ်ရှုရသဖြင့် သူမသည် ထိုလိပ်စာအတိုင်း သွားရောက် စုံစမ်းသောအခါ သူမ၏ အဒေါ် ဒေါ်စိန်ပွင့်ဖြစ်ကြောင်း သိရလေတော့၏။

ထို့အတူ ဒေါ်စိန်ပွင့်(ခ) ဒေါ်မိမိကြီးသည်ယခုအချိန်တွင်လွန်စွာမှ ကြီးပွားချမ်းသာနေသော စိန်ကုန်သည် ဒေါ်မိမိကြီး အဖြစ် ထင်ရှားပြီး၊ ယောက်ျားဖြစ်သူ ပွဲစားဦးမြင့်မှာလွန်ခဲ့သော နှစ်နှစ်ခန့်ကပင် ကားအက်စီး ဒင့်ဖြင့် ဆုံးသွားကြောင်း၊ သားဖြစ်သူမှာလည်း လောင်းကစား၊ အရက်များဖြင့်ပျော်ပါးပျက်စီးပြီး လမ်းပေါ်လေလွင့်နေကြောင်း သိရှိရလေ တော့၏။

ထို့နောက် သူမ ည် ဒေါ်မိမိကြီးအား မိခင်အတွက် သွေးကြွေး ဆပ်ရန် ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် ဒေါ်မိမိကြီး အိမ်တွင် အိမ်ဖော် အလုပ်သမား မပြဲဘဲရှိနေသဖြင့် သူမ အတွက် အခွင့်အရေး ပိုရသွားခဲ့လေ၏။

သို့ရာတွင် ထိုအစီအစဉ်ထဲ၌ မမျှော်လင့်ဘဲ ပါဝင်ပတ်သက် လာသူမှာ ဒေါ်မိမိကြီး၏ လူယုံလည်းဖြစ်၊ မွေးစားမောင်လည်း ဖြစ်သော လုပ်ငန်းတူ ကုလားကပြား ဦးမာဒင်အား ထည့်သွင်းလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


အဘယ်ကြောင့်ဆိုသော် ဦးမောင်ဒင်ဆိုသောလူသည် ငွေကို ဖန်းပြုပြီး သူမ ကုန်တိုက်တွင် အလုပ်လုပ်ခဲ့စဉ်က လုပ်ဖော် ကိုင်ဖက် မာမာဆိုသော မိန်းကလေးအား မြှူဆွယ်၍ ဘဝကို ဖျက်ဆီးခဲ့သူအဖြစ် မကြာခင်ကပင် သိလိုက်ရခြင်းအတွက် ထိုအစီအစဉ်ထဲ ထည့်သွင်းရန် မာမာ့ထံမှ ဦးမာဒင်၏ ဓာတ်ပုံကို တိတ်တဆိတ် ယူခဲ့လေ၏။

ထို့နောက် သူမသည် ဒေါ်မိမိကြီး အိမ်ထဲသို့ည (၁၀း၀၀) နာရီ အချိန် ဝင်ရောက်ခဲ့ပြီး မီးဖိုခန်းထဲတွင်ရှိသော ဒေါ်မိမိကြီး အား ဦးမာဒင်၏ ဓာတ်ပုံအားပြသ၍…

"လူယုတ်မာမကြီး…ကျွန်မအမေကိုအဆိပ်ခတ် သတ်ခဲ့တဲ့ရှင့်ကို … ဒီနေ့အဲဒီအကြွေးတွေပြန်ယူမယ်၊ငရဲပြည်သွားပေတော့" ဟု ကြိမ်းဝါး၍ လည်ပင်းကိုညှစ်လိုက်လေ၏။

ထိုအခါ ဒေါ်မိမိကြီးသည် သူမအားမှတ်မိသွားပြီး…

"ညည်း…ညည်း…စ…စန္ဒီ…" ဟု အထစ် ထစ်အငေါ့ငေါ့နှင့် ပြောဆိုကာ မျက်လုံးမျက်ဆံပြူးပြီးလွန်စွာမှ ထိတ်လန့်သွား လေ၏။

ထိုအခါ သူမက…

ဟုတ်တယ် … ရှင့်ကို သွေးကြွေးဆပ်ဖို့ ကျွန်မရောက်လာတာ၊ ရှင့်ရဲ့ယုတ်မာမှုတွေအတွက်တူညီတဲ့ ဝဋ်ကြွေးကို ပြန်ခံစားရမယ်" ဟု ပြောသဖြင့် ဒေါ်မိမိကြီးမှာ ကြောက်လန့်တကြားဖြင့် စန္ဒီ့ခြေထောက်ကို ဖက်ကာ…

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အသက်ကို ချမ်းသာပေးပါ" ဟု တောင်းပန်လေရာ ထိုအခါ သူမက ရယ်မော၍ ...

"ရှင့်အလှည့်ကျမှ ဘာသွေးကြောင်နေတာလဲ၊ ရှင့်ကို လူပြည်မှာ အရှင်မထားဘူး၊ ကဲ သေပေတော့" ဟူ၍ ပြောလိုက်ပြီး ဒေါ်မိမိကြီးအား သွေးကြောလေကြောပြန်ပြီး မိနစ်ပိုင်းအတွင်း သေစေနိုင်သော အကြောကိုင်ပညာဖြင့် ဖိတ်လိုက်လေ၏။

ထိုအခါ ဒေါ်မိမိကြီးသည် တစ်ကိုယ်လုံးအရုပ်ကြိုးပြတ်ကဲ့သို့ ဖြစ်ကာ မျက်လုံးပြူးမျက်ဆံပြူးဖြင့် သေဆုံးသွားလေတော့၏။

မမ

အားလုံးအဆင်ပြေတယ်၊

တွေ့နေကျရက် ည (၉း၀၀) နာရီလာခဲ့မယ်၊

ဟူ၍အထက်ပါအတိုင်းဖြစ်သည်။

သို့ဖြင့် ထိုစာသည် သူမအတွက် မမျှော်လင့်ဘဲ အထောက် အကူဖြစ်သွားပြန်သဖြင့် ဦးဇာဒင်ဓာတ်ပုံနှင့်အတူ ဒေါ်မိမိကြီး၏ အခန်း စားပွဲအံဆွဲထဲသို့ ဓားစာခံအဖြစ် ထည့်လိုက်သလို ဒေါ်မိမိကြီး၏ အလောင်းကိုလည်း ထိုအခန်းထဲသို့ မီးဖိုချောင် ဘဲမှ ပြောင်းရွှေ့ထား လိုက်လေ၏။

ထို့နောက် သူမသည် မိခင်၏သွေးကြွေးအတွက် ဒေါ်မိမိကြီးအား ဒုတိယမြောက်အဖြစ် လက်စားချေနိုင်ခဲ့ပြီဟူ၍ တွေးကာ လွန်စွာကျေ နပ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရက်မှာ မတ်လ (၂၂) ရက်နေ့ဖြစ်လေတော့၏။

စိန်ကုန်သည် ဒေါ်မိမိကြီး သေဆုံးသောသတင်းကို နာမည်ကြီး သတင်းစာများက အလုအယက် အင်းစိန် စီအိုင်ဒီစုံထောက်များကို ဂုဏ်တင်ပြီးရေးသား၍တစ်ဖုံ၊ လှောင်ပြောင်၍တစ်မျိုး ရေးသားဖော်ပြ လာကြခြင်းကို သူမဖတ်ရခြင်းအတွက် ပြုံးမိလေ၏။

သို့ရာတွင်မြန်မာပြည်တွင် လွန်စွာမှ နာမည်ကျော်ကြားလှသော စုံထောက်မောင်လူလေးကိုယ်တိုင်က ထိုအမှုကိုလိုက်နေကြောင်း သိရ သဖြင့် သူမ ပေါ့လျော့၍က မဖြစ်ချေ။ အစစအရာရာ သတိထားရမည်ဟု တွေးကာ နား၊ မျက်စိ အမြဲစွင့်ထားခဲ့လေ၏။

ဤသို့ဖြင့် သူမ၏ ရွှေလွန်းပျံဆပ်ကပ်အဖွဲ့ကြီး ရေကျော်တွင် ကျောင်းရန်ပုံငွေအတွက် တင်ဆက်ပြသရန်ရက်သို့ ရောက် ရှိလာခဲ့၏။

ထိုညတွင် ပရိသတ်များဖြင့် တစ်ကွင်းလုံး ပြည့်လျှံနေ၏။

သို့ဖြင့် သူမတို့ဆပ်ကပ်အဖွဲ့ကြီးမှာ အစီအစဉ်အတိုင်း ကောင်း ကင်ကျွမ်းဘား၊ ကြိုးတန်းလမ်းလျှောက်၊ စက်ဝိုင်းဓားပေါက်၊ ပန်းပွား၊ အကနှင့်မီးတောက်ကကြိုးကကွက်များကိုတစ်ခုပြီးတစ်ခုတင်ဆက်လေ ရာ ထိုအချိန်၌ ရှေ့ဆုံးတန်းတွင် လာရောက် ကြည့်ရှုနေသော လူယုတ်မာ တိုက်မောင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် သူမသည် ဆပ်ကပ် အဖွဲ့ ၏ အလွန်အန္တရာယ်များ၍ အရေးကြီးသော စက်ဝိုင်းဓားပေါက် တင်ဆက်

www.burmeseclassic.com

www.burmeseclassic.com



နေရှိန်နှင့် တိုက်ဆိုင်သွားလေ၏။ သူမသည် စိတ်ကိုထိန်းချုပ်ပြီး ကြိုးစားသော်လည်း သတိတစ်ချက်လွတ်ကာ ခံစားမှုအရှိန်မြင့်သွားပြီး ခေါင်းထဲမိုက်ခနဲဖြစ်သွားသဖြင့် ကံသီ၍ဓားပေါက်ခံနေသော မိန်းကလေး လွတ်မြောက် သွားရ၏။

ထို့ကြောင့် သူမသည် ခင်နောက်သို့ပြေးဝင်လျက် ရေမွှေးကို ရှူရှိုက်ရလေ၏။

ထိုအချိန်တွင် စုံထောက်မောင်လှလေးဟု ယူဆရသော လူ တစ်ဦးဇာတ်စင်ရှိရာသို့ ဦးတည်လာနေသည်ကို တွေ့ရသဖြင့် သူမသည် အင်းစိန်ခဝဲခြံသို့ အမြန်ရှောင်တိမ်းခဲ့သည်။

သို့ရာတွင် စုံထောက်မောင်လှလေးသည် ပေါ့ပေါ့တန်တန်စုံ ထောက်တစ်ဦးမဟုတ်သဖြင့် သူမနောက်သို့ စုံစမ်းပြီးအချိန်မရွေး လိုက် လာနိုင်ကြောင်းတွေးမိကာ ထိုအိမ်တွင်လုပ်ဖော်ကိုင်ဖက် မိန်းကလေး လည်း ခရီးသွားနေသည့်အတွက် ခြံတံခါးသော့ခတ်ကာ မြို့ထဲရှိ တည်း ခိုခန်းတစ်ခုတွင် သွားရောက်တိမ်းရှောင်နေခဲ့လေ၏။

ဤသို့ဖြင့် သူမသည်နောက်ဆုံး တတိယဖြစ်သော သွေးကြွေး ဆပ်ရန် ကျန်ရှိနေသေးသော လူယုတ်မာတိုက်မောင်းအား ကလဲ့စား ချေရမည့်ရက် မတိုင်မီအတွင်း ကိုယ်ယောင်ဖျောက်၍ နေထိုင်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာ သူမသတ်မှတ်ထားသော မတ်လ (၃၁) ရက်နေ့သို့ ရောက်ရှိလာပြီဖြစ်၍ သူမသည် အင်းစိန် ကြို့ကုန်းသို့ လူ ယုတ်မာတိုက် မောင်း နေအိမ်သို့ ည (၁၀း၀၀) နာရီ အချိန်မှာပင် တိတ်တဆိတ်ဝင် ရောက်ခဲ့လေတော့၏။

လူယုတ်မာတိုက်မောင်းသည် သူမ၏ ပကတိရုပ်ကို မြင်တွေ့ရ သောအခါ လွန်စွာမှ အံ့ဩတုန်လှုပ်သွားပြီး...

"မင်း ... မင်း ... စ ... စန္ဒီ မဟုတ်လား" ဟု အထိတ်တလန့် ရေရွတ်လေရာ သူမက လူယုတ်မာတိုက်မောင်းကို ရွံရှာစက် ဆုပ်ဖွယ် ကြည့်၍...

"လူယုတ်မာ ကျွန်မတို့မိသားစု ဘဝသေကြွဲကြွဲရသလို ရှင့်ကိုလဲ ငရဲပြည်အရောက် ပို့ပစ်မယ်" ဟု ကြိမ်းဝါးပြီး မျက်နှာသို့ လက်ဝါးဖြင့် ရိုက်ချလိုက်လေ၏။

ထိုအခါ လူယုတ်မာတိုက်မောင်းသည် အရက်မူးလွန်နေသဖြင့် ပို၍ အထိနာသွားကာ နေရာ၌ပြန်မထနိုင်ဘဲ ရှိနေစဉ်သူမသည် ဒေါ်မိမိ ကြီးအား သတ်သည့်အတိုင်းပင် မိနစ်ပိုင်းအတွင်း သွေးကြောလေ ကြော ပြတ်ပြီး သေစေနိုင်သော တိဗက်အကြောကိုက် ပညာဖြင့်နှိပ်ချလိုက် လေတော့၏။

www.burmeseclassic.com

ထိုခဏ လှုယုတ်မာတိုက်မောင်းသည် မျက်လုံးမျက်ဆံပြူးကာ သေဆုံးသွားလေသည်။ စန္ဒီသည် သွေးကြွေးကို ဆပ်နိုင်လိုက်ပြီဖြစ်သဖြင့် ခန္ဓာကိုယ်တစ်ခုလုံး အကျဉ်း အကြပ်တစ်ခုထဲမှ လွတ်မြောက်သွားသလို ခံစားလိုက်ရလေတော့၏။

"အဖေနဲ့ အမေ ကျွန်မ ကောဝန်ကျေပြီ" ဟု ရင်ထဲမှ ရင့်ကျူးလျက် သူမ၏နောက်ဆုံးအစီအစဉ်အတိုင်း ညတွင်းချင်းပင်ပဲ ပဲခူးမြို့ ပရဟိတ သုခမ္မရိပ်သာရှိ မမဆာယာ ထံသို့ရောက်ရန် ကားငှား၍ထွက်ခွာခဲ့လေ တော့သည်။

ပဲခူးမြို့၊ သုခမ္မရိပ်သာသို့ရောက်သောအခါ သူမသည် အပြင်မှ တံခါးခေါက်လိုက်သဖြင့် မမဆာယာ ထွက်လာပြီး၊ သူမကို ရုတ်တရက် မြင်တွေ့လိုက်ရသဖြင့်...

"ငါ့ညီမ ဒီရောက်လာလိမ့်မယ်ဆိုတာ ကြိုသိလို့ မအိပ်ဘဲစောင့် နေတာ၊ ဒီကနေ့ဟာ ညီမဘဝရဲ့အထူးခြားဆုံး (၄) ဂဏန်းကျတဲ့ရက်ပဲ" ဟု ပြော၍ အထဲသို့ခေါ်ဆောင်ပြီး အတွင်းမှ တံခါးပြန်ပိတ်လိုက်လေ၏။

ထိုအခါ မမဆာယာသည် ကျေနပ်ပြီးပြည့်စုံသွားသော အမူ အရာဖြင့် ...

"ဒါ အမှန်တရားပဲ ညီမ၊ လောကမှာ မိဘရဲ့သွေးကြွေးကို ဆပ်ခွင့် ရတဲ့သားသမီးဟာ သူရဲကောင်းပဲ၊ မမကတော့ ကျေနပ်လှသကွယ်၊ တမလွန်က ညီမရဲ့မိဘတွေသိရင် ဝမ်းမြောက်နေမှာ သေချာတယ်" ဟု ဆိုလိုက်ရာသူမက တက်ကြွပြီးအားမာန်အပြည့်ပါသော အမူအရာဖြင့်...

www.burmeseclassic.com

www.burmeseclassic.com


"ဒီကမ္ဘာမြေပေါ်မှာ အသက်ရှင်လျက် မထိုက်တန်သူတွေကို အပြစ်ပေး ဆုံးမလို့ရလို့ညီမတော့ သိပ်ကိုကျေနပ်တယ်။ မမ၊ ခုချိန်မှာညီမ သေမယ်ဆိုလဲ သေပျော်ပါပြီ" ဟုပြောဆိုလိုက်လေတော့၏။

ထိုအခါ မမဆာယာက ခေါင်းခါ၍...

"အိုး... ဒီလိုမပြောရဘူးလေ၊ ညီမရဲ့... ဒီစကားမျိုးဟာ လူဖျင်း လူညံ့တွေ အလုပ်ပဲကွယ့်၊ အောင်မြင်မှုတစ်ခုရတဲ့အချိန်မှာ ဒီလောက်နဲ့ ရောင့်ရဲတင်းတိမ်သူဟာ ဘယ်တော့မှ အောင်မြင်မှုတွေ ဆက်တိုက်မရ နိုင်တော့ဘူး၊ ညီမ ဒီတော့ လောကမှာ သူများ အနိုင်ကျင့် စော်ကားတာကို ခေါင်းငုံ့မခံဘဲ အမြဲတမ်း အနိုင်ဘက်က အင်အားကြီးပြီး လက်မထောင် နိုင်တဲ့ သူဖြစ်စေရမယ်လို့ ကိုယ့် ကိုကိုယ် ယုံကြည်စမ်းပါ။ ဒီတော့ ညီအသက်ရှင်ဖို့လိုသေးတယ်။ မိဘအတွက် သွေးကြွေးဆပ်ပြီးပေမယ့် ညီမအတွက်ကြိုးစားရဦးမယ်" ဟုပြောဆိုလိုက်သဖြင့် သူမသည်လွန်စွာမှ ခွန်အားများ တက်ကြွသွားပြီး...

"ညီမ နားလည်ပါပြီ မမ၊ ဒါပေမယ့် ညီမပြုလုပ်ရမယ့် တာဝန် ကြီးက ပြီးဆုံးသွားတယ်ဆိုပေမယ့် စိတ်မအေးရသေးဘူး၊ ဒါကြောင့် ဒီညပဲ ... ဆရာအဒေါ်ရှိရာ စစ်ကိုင်းကို ခရီးဆက်ဖို့ မမဆီ လာနှုတ်ဆက်တာ " ဟုပြောလိုက်လေတော့၏။

ထိုအခါ မမဆာယာသည် သူမအား မိခင်တစ်ဦး၏ မေတ္တာဖြင့် နဖူးကို နမ်းလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com


ပြီးလျှင် မမဆာယာကိုယ်တိုင် တံခါးဖွင့်၍ အပြင်သို့လိုက်ပို့လေသည်။

ထိုစဉ်အခိုက်မှာပင် လွန်စွာမှ ဥပဓိရုပ်ခန့်ညားသော လူရွယ်တစ်ယောက်သည်တံခါးအကွယ်မှရုတ်တရက်ထွက်လာပြီး

"မိန်းကလေး ... ဒီအရပ်ကနေ ခွာဖို့မကြိုးစားပါနဲ့တော့" ဟုဆိုလိုက်သဖြင့် သူမနှင့် မမဆာယာမှာလွန်စွာမှအံ့သြသွားပြီး သူမက...

"ရှင်က ဘယ်သူလဲ" ဟုမေးမြန်းလိုက်၏။

ထိုအခါလူရွယ်ကတည်ငြိမ်သောလေသံဖြင့်...

"ကျုပ်က အင်းစိန်စီအိုင်ဒီက စုံထောက်မောင်လူကလေးပဲ၊ မြန်မာပြည်အလယ်ပိုင်းမြို့လေးတစ်မြို့မှာအရေးပိုင်မင်းမစ္စတာရစ်ဂျန်းကိုရွှေလွန်းပျံဆပ်ကပ်အဖွဲ့ကပြစဉ်မှာနင်းဆီပန်းပေးပြီးအဆိပ်အပ်နဲ့သတ်မှု၊ အင်းလျားကန်စောင်းနေအိမ်က စိန်ကုန်သည် ဒေါ်မိမိကြီး (ခေါ်) ဒေါ်စိန်ပွင့်ကိုအကြောကိုင်ပညာနဲ့သွေးကြောပိတ်ပြီးသတ်မှု၊ အင်းစိန်ကြို့ကုန်းက ဦးတိုက်မောင်းကို အကြောကိုင်ပညာနဲ့ပဲ သွေးကြောပိတ်ပြီးသတ်မှု၊ အဲဒီလူသတ်မှုသုံးမှုနဲ့မိန်းကလေးကိုကျုပ်ဖမ်းဆီးလိုက်ပါပြီ" ဟုပြောဆိုလိုက်သဖြင့် မိန်းကလေးက စုံထောက်မောင်လူကလေးအားအံ့သြသလိုကြည့်ကာ တဟားဟားရယ်မောလိုက်ပြီး ...

"တော်ပါပေတယ်... ကိုလူလေး၊ သဲလွန်စရှာပြီး ကျွန်မနောက်လိုက်လာနိုင်တာ ကျွန်မမလေးစားဘဲ မနေနိုင်တော့ပါဘူး၊ ဒါကြောင့်လဲ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်စုံထောက်အဖွဲ့ကြီးမှာ စုံထောက်မောင်လူကလေး၊ စုံထောက်မောင်လူကလေးဆိုပြီး နာမည်ကြီးပေတာကိုး၊ ဒါပေမယ့်...ဘာပဲဖြစ်ဖြစ်လေ... ကျွန်မ မိဘနှစ်ပါးအတွက် လှူယုတ်မာတွေကို လက်စားချေခွင့်ရခဲ့တာ ကျွန်မကျေနပ်ပါတယ်၊ အထူးသဖြင့် စုံထောက်မောင်လူကလေးဆိုတဲ့ နာမည်ကျော်စုံထောက်တစ်ဦးရဲ့ လက်ထိပ်ခတ်ခြင်းကို ခံရတာ ဂုဏ်ယူ စရာကောင်းပါ တယ်၊ စက်တိုင်တက်ရလဲ ကျွန်မ ဝမ်းမြောက်နေမှာပါ...ကိုလူကလေး" ဟု ပြောဆိုလိုက်လေတော့၏။

မှတ်ချက်။ ။ စုံထောက်မောင်လူလေး လိုက်ခဲ့သော အထက်ပါ အဖြစ်အပျက် အမှုအကြောင်းအရာတို့မှာ လွန်စွာမှ စိတ်ဝင် စားစရာကောင်းလှသဖြင့် ကျွန်ုပ်၏စာရှုသူများ ဖတ်ရှုနိုင်ရန် ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်၍ ဤအမှုရုံတင်စစ် ဆေးသည်အထိ ဖော်ပြခဲ့ပြီးအတိုင်းပင် တူညီနေသဖြင့် တရားခံစန္ဒီ၏ဘဝဖြစ်စဉ်များကို ပြန်ပြောပြပြီးသည့် နောက်တစ်ဖက်စာမျက်နှာသို့ ဆက်လက်ဖော်ပြရေးသားလိုက်ရပါတော့သတည်း။

(စာရေးသူ)

■

www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

တရားခံ စန္ဒီ၏ ဘဝဖြစ်စဉ်မှတ်တမ်းကြီးကို စန္ဒီကိုယ်တိုင် အစအဆုံးပြန်လည်ရှင်းပြပြီးသည့် နောက် သူမ၏အကြောင်းကို သူရိယ၊ သံတော်ဆင့်၊ မြန်မာ့အလင်း၊ သူကြီးဂေဇက်စသည့် သတင်းစာကြီးများတို့၌ တခမ်းတနား ရေးသားဖော်ပြကြလေတော့ သည်။

ထိုအမှုကို ဖော်ထုတ်ခဲ့သော စုံထောက်မောင်လူလေးကိုလည်း ချီးမွမ်းရေးသားကြလေတော့၏။

ဤသို့ဖြင့် စန္ဒီရှိရာ တရားခွင်သို့ ... မမဆာယာနှင့်အတူ သူတောင်းစားအဘွားအိုအသွင်ဖြင့် မိန်းမထူးမိန်းမဆန်းကြီး ဒေါ်အာသာ ရောက်လာပြီး...

"မြင်အောင် မကြည့်သေးသရွေ့တော့ ပျောက်တဲ့ပန်းတိုင်ဟာ ပျောက်နေဦးမှာပဲ ...မိန်းဂ ဒလး" ဟု ပြောလေ၏။

ထိုအခါ သူမက ပြုံး၍...

"ရောက်အောင် မကြည့်သေးသရွေ့တေ ့ ပျောက်တဲ့ပန်းတိုင်ဟာ ပျောက်နေဦးမှာပဲ ...မိန်းကလေး" ဟု ပြောလေ၏။

ထိုအခါ သူမက ပြုံး၍...

"ရောက်အောင်လျှောက်ခဲ့တဲ့တွက် ရောက်တဲ့အချိန်မှာပဲ ကျေနပ်ရမှာ" ဟု ပြောဆိုလိုက်လေတော့၏။

www.burmeseclassic.com



ထို့နောက် သူမ၏အမှုသည် လူသုံးဦးအား သတ်ခဲ့သည့်အတွက် တရားရုံးတော်မှ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်လိုက်လေတော့၏။

သူမသည် ထိုအပြစ်ကို ကျေကျေနပ်နပ်ကြီး ခံယူခဲ့လေ၏။

မိဘများ၏ သွေးကြွေးကိုပြန်ဆပ်နိုင်လိုက်ခြင်းကပင် သူမဘဝအတွက် အရာရာမှာ ပြီးပြည့်စုံခဲ့ပြီ ဟူ၍. . .။

ထိုအချိန်မှာ အရာခပ်သိမ်း နိဗ္ဗုတံလေပြီ။

(အတ္တာဟိ အတ္တနော နာထော)

www.burmeseclassic.com